# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**အလှူဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၉၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၁ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၂၁

၂၀၂၁ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်၊ နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် သံဃာတော် ၁၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ မာ တိ ကာ**

ကိုဗစ် - ၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ — ပြည်တွင်းသတင်း စာ ၅

လေးစားဂုဏ်ယူမိသော ပရဟိတမေတ္တာတရားအခြေခံ — ဆောင်းပါး စာ ၆

၁၃၈၃ ခုနှစ် (၂၀၂၁ ခုနှစ်)၊ (၂၈)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း စာ ၇

မြန်မာ့အလင်း

# ကိုယ်စိတ်နှစ်ဖြာ ကြံ့ခိုင်ပါမှ

ကိုဗစ်-၁၉ ရောဂါကို အကြောင်းပြု၍ ဈေးနှုန်းမြင့်တက်ခြင်း၊ ကုန်ပစ္စည်းပြတ်လပ်ခြင်းတို့ ဖြစ်ပေါ်သည့်ထဲတွင် ကြက်ဥလည်း ပါဝင်သည်။ ရောဂါကာကွယ်ရေးအတွက် ကိုယ်ခံစွမ်းအားကောင်းရန် လိုအပ်သည်ဖြစ်ရာ ကြက်ဥတစ်မယ်မျှဖြင့် ကိုယ်ခံအားကောင်းမွန်ရေးကို ပြည့်စုံစေသည်မဟုတ်ကြောင်း ပညာပေးမှုများ ပြုလုပ်လျက်ရှိသည်ကိုလည်း သတိမူကြရန်လိုသည်။

"အစာလည်းဆေး ဆေးလည်းအစာ"ဟူသည့် ဆိုရိုးအတိုင်း အစားအစာတို့က လူတို့၏ ကျန်းမာရေးနှင့် ဆက်စပ်လျက်ရှိသည်။ လူတို့ စားသော အစားအစာများတွင် အာဟာရဓာတ်များ ပါဝင်ပြီး ၎င်းအာဟာရဓာတ်များအလိုက် ကျန်းမာရေးအပေါ် အကျိုးပြုပုံများအရ အုပ်စုသုံးစု ခွဲထားသည်။ လူတို့စားသော အစားအစာများမှ ရရှိသော အာဟာရများက အသွေး၊ အသား၊ အင်အားတို့ကို ဖြစ်စေသည်။ ခန္ဓာကိုယ်ပြင်ပမှ ဝင်ရောက်မည့်ရောဂါတို့ကို ကာကွယ်နိုင်သည်။သို့ဖြစ်ရာ နေ့စဉ်စားသုံးသည့် အစားအစာများတွင် အာဟာရဓာတ်များ စုံလင်မျှတစွာ ပါဝင်အောင် စားသုံးရန် လိုအပ်သည်။

နေ့စဉ် စားသုံးသည့် အစားအစာများကို အင်အားဖြစ်စေသော အစာများအုပ်စု၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အစာများအုပ်စုနှင့် ရောဂါကာကွယ်စေသော အစာများအုပ်စုဟူ၍ အုပ်စုသုံးစု ခွဲခြားနိုင်သည်။ ကစီဓာတ်နှင့် အဆီဓာတ်တို့သည် အင်အားဖြစ်စေသော အစာများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်းကဲ့သို့သော အနှံများ၊ ကန်စွန်းဥ၊ ပိန်းဥ၊ အာလူးကဲ့သို့သော သစ်ဥသစ်ဖုများ၊ ပျားရည်နှင့် သကြားတို့ကဲ့သို့ အချိုစာများ၊ သီးနှံများမှရသည့် ဆီများနှင့် တိရစ္ဆာန်အဆီများတို့မှ ရရှိနိုင်သည်။ အသားဓာတ်က ခန္ဓာကိုယ်ကြီးထွားစေသည့် အာဟာရဓာတ်ဖြစ်ပြီး ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသော ဥအမျိုးမျိုး၊ ကုလားပဲ၊ ပဲစင်းငုံ၊ စားတော်ပဲ၊ ပဲနီလေး၊ ပဲဝါလေး စသည့် ပဲအမျိုးမျိုး၊ အသား၊ ငါး စသည့် အစားအစာများမှ ရရှိသည်။ ဟင်းသီးဟင်းရွက်အမျိုးမျိုးနှင့် သစ်သီးဝလံအမျိုးမျိုးတို့မှ ဗီတာမင်နှင့် သတ္တုဓာတ်များ ရရှိနိုင်ပြီး၊ သစ်သီးဖျော်ရည်နှင့် အရည်ရွှမ်းသည့် သီးနှံများမှ ရေဓာတ်တို့ကို ရရှိနိုင်ရာ ၎င်းအာဟာရဓာတ်တို့က ရောဂါများကို ကာကွယ်ပေးနိုင်သည်။ သို့ဖြစ်ရာ ဖော်ပြပါအစားအစာအုပ်စုများထဲမှ သင့်ရာသင့်ရာတို့ကို နေ့စဉ်မျှတစွာ ပါဝင်နိုင်အောင် စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် လိုအပ်သော အာဟာရဓာတ်တို့ ရရှိနိုင်မည်ဖြစ်သည်။

ကျန်းမာကြံ့ခိုင်ရေးအတွက် လိုအပ်သော အာဟာရများ ရရှိစေရန် နေ့စဉ်အစာအုပ်စု သုံးစုလုံး ပါဝင်ရန်လိုအပ်သကဲ့သို့ အသား၊ ငါး၊ ဥအမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းများကိုလည်း နေ့စဉ်စားသုံးရန် လိုအပ်သည်။ ထို့ပြင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများများ စားသုံးရန်နှင့် ရေကို လုံလောက်အောင်သောက်သုံးရန်၊ ဆီ၊ အငန်နှင့် အချိုဓာတ်တို့ကို ဆင်ဆင်ခြင်ခြင် စားသုံးရန်တို့ကို ပညာပေးတိုက်တွန်းထားရာ လက်တွေ့လိုက်နာကျင့်သုံးခြင်းဖြင့် အကျိုးကျေးဇူးတို့ကို လက်တွေ့ခံစားနိုင်မည်ဖြစ်သည်။ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် ငွေကုန်ကြေးကျသည် အဓိကမဟုတ်ဘဲ မိမိ၏ ဝင်ငွေနှင့် ကိုက်ညီပြီး အာဟာရတန်ဖိုး ပြည့်ဝသည့် အစားအစာတို့ကို ရွေးချယ်စားသုံးတတ်ရန်သာ အဓိကဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် အစာအာဟာရပြည့်စုံရန် လိုအပ်သည့်နည်းတူ စိတ်ဓာတ်ကြံ့ခိုင်ရန်လည်း လိုအပ်ရာ အပြုသဘောဆောင်သည့် စိတ်ဓာတ်မွေးမြူရေး၊ သောကနှင့် စိတ်ဖိစီးမှုတို့ကို ထိန်းချုပ်ရေးတို့လည်း လိုအပ်သည်။ မကောင်းမြင်စိတ်နှင့် စိုးရိမ်သောကတို့က ရောက်မလာသေးသည့် ရောဂါကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်စေသည့်အလျောက် ထိန်းချုပ်ပယ်ဖျောက်နိုင်ရန် လိုအပ်သည်။ ထို့ပြင် လုံလောက်စွာ အိပ်စက်ခြင်းဖြင့် ဦးနှောက်၊ နှလုံးနှင့် ကြွက်သားများအပါအဝင် ခန္ဓာကိုယ်ကို အနားယူခွင့်ပေးပြီး သန့်ရှင်းသည့် ရေကိုလည်း နေ့စဉ်လုံလောက်စွာ သောက်သုံးရန် လိုအပ်သည်။ မိမိတို့၏ ခန္ဓာကိုယ်ကို ရုပ်ပိုင်း၊ စိတ်ပိုင်း ကြံ့ခိုင်စွာ တည်ဆောက်ထားပြီး ရောဂါပိုးမွှားတို့ ဝင်ရောက်မလာအောင် တားဆီးနိုင်ခြင်းအားဖြင့် ကပ်ရောဂါကို ကျော်လွှားနိုင်ကာ ကျန်းမာခြင်းသုခနှင့် ပြည့်ဝနိုင်ကြပါစေကြောင်း။ ။

# မိဘပြည်သူများထံသို့ တိုက်တွန်းနှိုးဆော်ချက်

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ယခုလတ်တလော Coronavirus Disease 2019 (COVID–19 ) ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ တိုးတက်မြင့်မားလျက်ရှိပါသည်။
- မြန်မာသက္ကရာဇ် ၁၃၈၃ ခု၊ ဝါဆိုလဆန်း ၅ရက်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019(COVID–19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရတနသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူပေးခဲ့ပါသည်။
- ထို့အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ကလည်း လတ်တလော ဖြစ်ပွားနေသော Coronavirus Disease 2019 (COVID–19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များက မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ရန် အဆင့်ဆင့် အကြောင်းကြား လျှောက်ထားပြီး ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင်ရှိသော မိဘပြည်သူများအနေဖြင့် လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID–19) ကမ္ဘာ့ ကပ်ရောဂါ အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရတနသုတ် ပရိတ်တရားတော်ကို မိမိနေအိမ်တွင် နေ့စဉ်ရွတ်ဖတ်ပူဇော်နိုင်ကြပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်းများ အသုံးပြုရန်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်း



ပဲခူး ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဧည့်ခန်းမသို့ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် KM Healthcare Myanmar Co., Ltd မှ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ လာရောက်လှူဒါန်းသည်။

ရှေးဦးစွာ KM Healthcare Myanmar Co., Ltd ၏ မန်နေဂျင်းဒါရိုက်တာက လှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် PPE Level(1) ဝတ်စုံ အခု ၁၀၀၀၊ PPE Level(2) ဝတ်စုံ အခု ၁၀၀၀၊ ဦးထုပ်အလုံး ၁၀၀၀၀၊ နှာခေါင်းစည်းဘူး ၁၀၀၀ တို့ကို လှူဒါန်းပေးအပ်ရာ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း လက်ခံယူကာ **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် လိုအပ်သော ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန်အတွက် သင်္ဂဟဖောင်ဒေးရှင်းမှ အလှူငွေကျပ် သိန်း ၁၀၀၀ ကို တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌထံ လာရောက်လှူဒါန်းကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဝဿာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် ဇူလိုင် ၂၁

ဝဿာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၈)ကို ဇူလိုင် ၂၃ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များ ဖြစ်ကြသည့် တင်ဦးလေး၊ ဝိုင်းလမင်းအောင်၊ ထက်မြက်စိုး၊ ထက်ကို၊ ဟိန်းဇော်လင်း၊ ရွှေရည်ဝင်း၊ ဘိုမနှင့် လွင်လွင်မော်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပေါက်မြိုင်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

❖ *ရှေ့ဖုံးမှ*

အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အစီအစဉ်အရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပေါက်မြိုင်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေါက်မြိုင်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က မဟာသီဟနာဒ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းပြီး ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ် ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

**အနုမောဒနာ တရားဟောကြား**

ထို့နောက် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပေါက်မြိုင်ဆရာတော်ကြီးက အနုမောဒနာ တရားဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မဟာသီဟနာဒ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအား အီလက်ထရွန်နစ် မှတ်ပုံတင်ခြင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း စနစ်တကျဆောင်ရွက်နိုင်ရန် အီလက်ထရွန်နစ် မှတ်ပုံတင်ခြင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၆ ရက်နှင့် ၂၀ ရက်တို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



### ဦးစားပေးအုပ်စုများ သတ်မှတ်

အစည်းအဝေး ပထမနေ့၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းကို ထိန်းချုပ်နိုင်ရန်နှင့် ကူးစက်မှု ပြတ်တောက်စေရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးသည့် လူဦးရေ ၁ ဒသမ ၇၅ သန်းကို အီလက်ထရွန်နစ်စနစ်သုံး Vaccine Management Information System သို့ ထည့်သွင်းထားရှိရမည်ဖြစ်ပြီး၊ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူများ နောက်တစ်ကြိမ် ထပ်မံမထိုးနှံရေး ဂရုစိုက်သွားရမည်ဖြစ်ပါကြောင်း၊ ရရှိလာမည့် ကာကွယ်ဆေးများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်း၊ ကူးစက်မှုဖြတ်တောက်ခြင်းနှင့် ရောဂါကြောင့် သေဆုံးမှုလျှော့ချခြင်းတို့အတွက် အကျိုးရှိစွာအသုံးပြုရမည် ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးရန်အတွက် ဦးစားပေးအုပ်စုများ သတ်မှတ်ထားပြီး ဖြစ်ပါကြောင်း။

အဆိုပါ ဦးစားပေးအုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံနိုင်ရန်အတွက် အီလက်ထရွန်နစ်နည်းပညာကို အသုံးပြု၍ အချက်အလက်ကောက်ယူခြင်း၊ ကာကွယ်ဆေးထိုးမှတ်တမ်း ကတ်ပြားထုတ်ပေးခြင်း၊ ဆေးထိုးစုရပ်တွင် mobile tablet များအသုံးပြု၍ မှတ်တမ်းကတ်ပြားကို Scan ပြုလုပ်ခြင်း၊ ကာကွယ်ဆေး ပထမအကြိမ်နှင့် ဒုတိယအကြိမ် ထိုးနှံခြင်းများကို နည်းပညာအသုံးပြု၍ စနစ်တကျ စာရင်းသွင်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ တပ်မတော်မှ နည်းပညာဆိုင်ရာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် ကျေးဇူးတင်ရှိပါကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးရမည့် ဦးစားပေးအုပ်စုအလိုက် စနစ်တကျ စာရင်းကောက်ခံနိုင်ရန်နှင့် ကောက်ခံထားသည့် စာရင်းအပေါ်မူတည်၍ မြို့နယ်အသီးသီးရှိ ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း စနစ်တကျဆောင်ရွက်နိုင်ရန် အီလက်ထရွန်နစ်မှတ်ပုံတင်ခြင်းစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံရမည့်သူများ ဆေးထိုးရမည့် ရက်ချိန်းမတိုင်မီ ကြိုတင်၍ QR code ပါဝင်သော ဆေးထိုးမှတ်တမ်းကတ်ပြားများ ဆေးထိုးစုရပ်အလိုက် ကြိုတင်ဝေငှပေးသွားနိုင်ရေးနှင့် အသုံးပြုသူလွယ်ကူစေရေး၊ အချိန်ကုန်သက်သာစေရေးတို့ကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန် ပြောကြားသည်။

### ပြန်လည်ဆွေးနွေး

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အီလက်ထရွန်နစ်နည်းပညာသုံး ကာကွယ်ဆေးထိုးမှတ်တမ်းကတ်ပြားအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြပြီး နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများကို ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက် မန်နေဂျာတို့က ဆွေးနွေးတင်ပြကြသည်။ တပ်မတော်မှနည်းပညာဆိုင်ရာ တာဝန်ရှိသူများက ကူညီပံ့ပိုးပေးနိုင်မည့်လုပ်ငန်းများ၊ ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ဝဲပုံ)

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးကြရာ တိုင်းမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်လေဆိပ်ဟောင်း၌ လူနာ ၂၀၄ ဦးဆံ့ ကိုဗစ်-၁၉ ကုသရေးဆေးရုံအဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ အောက်ဆီဂျင်စက်ကြီးနှစ်လုံးနှင့် အောက်ဆီဂျင်အိုး အလုံး ၇၀၀ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၂၁**

ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံ နမ့်ဖာဟော်နယ်စပ်ဂိတ်မှတစ်ဆင့် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဝင်ရောက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁ နာရီတွင် Oxygen Plant စက်ကြီးနှစ်လုံးနှင့် အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုးအလွတ် အလုံး ၇၀၀၊ နှာခေါင်းစည်း ၂၂၈၉ ဖာတို့ တင်ဆောင်လာသည့် မော်တော်ယာဉ်ငါးစီး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာခဲ့သော ကျန်းမာရေး အထောက်အကူပစ္စည်းများမှ Oxygen Plant စက်ကြီးနှစ်လုံးမှာ စက်ကြီးတစ်လုံးလျှင် တစ်ရက် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး ၇၇ လုံး ထုတ်လုပ်နိုင်သည့် စက်များဖြစ်ပြီး ၎င်းစက်နှစ်လုံးကို လားရှိုးမြို့ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများ ကုသရေးတွင် အသုံးပြုနိုင်ရန်အတွက် လားရှိုးမြို့သို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။ ကျန်ရှိသည့် အောက်ဆီဂျင်အိုးအလွတ် အလုံး ၇၀၀ နှင့် နှာခေါင်းစည်း ၂၂၈၉ ဖာ တို့ကို ချင်းရွှေဟော်မြို့ စီတိုဂိုဒေါင်နှင့် ကွမ်းလုံမြို့နယ် ရွှေကူဝကျေးရွာရှိ ရွှေတော်ဝင်ဂိုဒေါင်၊ ရွှေကြိုဂံဂိုဒေါင်များ၌ ခေတ္တချထားပြီး ၎င်းဂိုဒေါင်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း မြို့နယ်များသို့ ဆက်လက်ပို့ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



# အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်

လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချ၍ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အလားတူ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ “ညီညွတ်ခြင်းသည် အင်အား” ဆိုသည့်အတိုင်း အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# (၁၁) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပ







နေပြည်တော် ဇူလိုင် ၂၁

**(၁၁) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။** (ယာပုံ)

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Prak Sokhonn နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankar တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အခြား မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်တက်ရောက်သည်။

အစည်းအဝေး မစတင်မီ ဝန်ကြီးများသည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု ဝက်ဘ်ဆိုဒ်ကို စတင်ဖွင့်လှစ်ခဲ့ပြီး မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုနမူနာကို ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီးများသည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု ဦးစားပေးကဏ္ဍများ၏ တိုးတက်မှုအခြေအနေကို သုံးသပ်ဆွေးနွေး၍ အနာဂတ်လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့အပြင် အိန္ဒိယနိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဆွေးနွေးရာ၌ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်မှုအတွက် ဆေးပစ္စည်းအကူအညီများ ပေးအပ်မှု၊ ဘာသာရပ်နယ်ပယ်အသီးသီး၌ ပညာသင်ဆုများ ထောက်ပံ့ပေးနေမှု၊ ငလျင်ဒဏ်ခံစားခဲ့ရသည့် ပုဂံဘုရားများ ပြန်လည်ပြုပြင် ထိန်းသိမ်းရေး၊ ဗုဒ္ဓဂယာ၌ မင်းတုန်းမင်းနှင့် ဘကြီးတော်မင်းတို့ တည်ထားခဲ့သည့် သမိုင်းဝင်ဘုရားပုထိုး ၂ ဆူ ပြန်လည် မွမ်းမံရေးအပါအဝင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးနေမှု၊ မြန်မာနိုင်ငံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေသည့် စီမံကိန်း (QIPs) (၅)ခု ပေးအပ်မှုနှင့် Lines of Credit ပေးအပ်ကူညီပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအကြား ကျန်းမာရေးလုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို နီးကပ်စွာနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း အလေးထား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု၏ (၂၁) နှစ်တာကာလအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိနေမှုအပေါ် အသိအမှတ်ပြုပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်၌ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အစည်းအဝေး၌ (၁၁) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အတည်ပြုချမှတ်ခဲ့ပြီး မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၂) ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အစီရင်ခံစာနှင့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေသည့် စီမံကိန်း (QIPs) စာရင်းများအပေါ် မှတ်တမ်းတင်ခဲ့သည်။

မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ပြည်သူများအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်နွယ်မှုများ တိုးမြှင့်လာစေရေးတို့အတွက် စုပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ၂၀၀၀ ပြည့်နှစ်၌ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ၂၁-၇-၂၀၂၁ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၄၂ ခုမှ Oxygen Concentrator ၁၇၁၇ ခု၊ Oximeter ၂၀၄၃၈ ခု၊ Oxygen Regulator အခု ၆၀၊ NOVA-C Tablets အခု ၄၀၆၀၊ IMMURICH Tablets အခု ၃၀၈၀ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ ကော့သောင်း၊ မြဝတီ၊ တာချီလိတ်)တွင် ကုမ္ပဏီ ၃၂ခုမှ Surgical Mask ၃၀၀၂၇ kg၊ Oxygen Liquid ၁၅၅၈၃.၂ $m^3$ နှင့် ၃၈.၃၂ တန်၊ Oxygen Cylinder ၃၈၇၈ ခုတို့အား ထုတ်ပေးခဲ့ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းမည်။ မိုး/ဇလ

# လေးစားဂုဏ်ယူမိသော ပရဟိတမေတ္တာတရားအခြေခံ

သိန်းထွန်း (IR)

ကိုဗစ် – ၁၉ ကြောင့် အများပြည်သူတွေအကြားမှာ ကပ်ရောဂါကူးစက်မှု တိုက်ရိုက်ခံစားနေကြရတဲ့သူတွေ၊ သွယ်ဝိုက်ပြီး ခံစားရသူတွေများလာတဲ့ အချိန်မှာ အထူး ဂုဏ်ယူလေးစားမိနေတာကတော့ ပရဟိတတွေပါပဲ။

ပရဟိတ ဆိုတဲ့နေရာမှာ တစ်ဦးချင်း တစ်ပိုင်တစ်နိုင်ဆောင်ရွက်ပေးနေတဲ့သူတွေ၊ အဖွဲ့အစည်းနဲ့ဆောင်ရွက်ပေးနေတဲ့သူတွေ စသည်သဖြင့် ပုံစံအမျိုးမျိုးနဲ့ တွေ့ရပါတယ်။ ကိုဗစ် – ၁၉ ကူးစက်မှုကြောင့် စားသောက်ရေးကအစ ကာကွယ်ရေး၊ ကုသရေးတွေအပြင် နာရေးအဆုံး လိုက်ပါကူညီဆောင်ရွက်ပေးနေကြတဲ့ ပရဟိတစိတ်ထားတွေ၊ ပရဟိတကူညီဆောင်ရွက်ပေးနေကြတာတွေဟာ ကိုဗစ်–၁၉ ကြောင့် ဖြစ်လာတဲ့အကျပ်အတည်း ရင်ဆိုင်ဖြေရှင်းရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပေးလျက်ရှိပါတယ်။

ဒီလို အကျပ်အတည်းကာလမှာ ပရဟိတ လုပ်ပေးဖို့ဆိုတာ တော်ရုံတန်ရုံစိတ်ထားနဲ့တော့ မလွယ်ကူပါဘူး။ ပရဟိတစိတ် ရှိပြန်တော့လည်း စိတ်သွားတိုင်း ကိုယ်ပါဖို့ လိုပြန်ပါတယ်။ ပရဟိတကို အဖွဲ့အစည်းတွေနဲ့ လုပ်မယ်ဆိုရင်လည်း ဟန်ချက်ညီညီဖြစ်ဖို့၊ စိတ်တူကိုယ်တူဖြစ်ဖို့၊ အများနဲ့ လိုက်လျောညီထွေ ပြောဆိုဆက်ဆံ လုပ်ကိုင်တတ်ဖို့၊ အနစ်နာခံစိတ်၊ သည်းခံစိတ် စတဲ့ အခြေခံစိတ် သဘောထားတွေက လိုအပ်ပြန်ပါသေးတယ်။ ပရဟိတစိတ်ဟာ ရယူလိုခြင်းထက် ပေးဆပ်လိုခြင်းဆိုတဲ့ မေတ္တာတရားအခြေခံဖြစ်တာမို့ တော်ရုံတန်ရုံစိတ်နဲ့လုပ်ဖို့ဆိုတာ မလွယ်ကူနိုင်ပါဘူး။

**ပရဟိတ**

ပရဟိတကို သူတစ်ပါးအကျိုးဆောင်ရွက်ခြင်းလို့ ယေဘုယျနားလည်ထားပါတယ်။ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသကတော့ "ဟိတ"ဆိုတဲ့ စကားလုံးကို အကျိုးစီးပွားကို ဖြစ်ထွန်းစေတတ်တဲ့ အကြောင်းတရားလို့ ဟောပါတယ်။ အကျိုးကို ပွားစီးစေတတ်တဲ့ အကြောင်းတရားဖြစ်စေတတ်တဲ့ အကြောင်းတရားကို "ဟိတ"ဟု ခေါ်ကြောင်း၊ အဲဒီအကြောင်းကဘာတုံးဆိုရင် အခြေအနေကောင်းတွေပေါ့လို့ အတ္တဟိတနဲ့ ပရဟိတတရားမှာ ဟောထားပါတယ်။ အဲဒီတော့ ပရဟိတဆိုတာက သူတစ်ပါးကောင်းကျိုးကိုဖြစ်စေတဲ့ အကြောင်းတရားတွေကို ဆောင်ရွက်ပေးခြင်းလို့ နားလည်လက်ခံမိပါတယ်။ သူတစ်ပါးအကျိုးဆိုရာမှာ လူတစ်ဦးကို အရက်ဝယ်ပေးတာဟာ သူတစ်ပါးရဲ့ ကောင်းကျိုးကို

❍ **ပရဟိတလို့ဆိုရာမှာ အမှန်တကယ် သူတစ်ပါး ကောင်းကျိုးလိုလားလို့ မေတ္တာ၊ စေတနာသက်သက်နဲ့ နှောင်ကြိုးမဲ့ စိတ်ရောကိုယ်ရော ကူညီလုပ်ကိုင် ပေးနေသူတွေရှိသလို ပရဟိတအမည်ခံများလည်း ရှိနေတတ်တာ သတိပြုစရာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ကျိုးမငဲ့ဘဲ ကိုဗစ်-၁၉ ကာလမှမဟုတ်ပါဘူး အများပြည်သူအခက်အခဲ ဖြစ်ချိန်တိုင်းမှာ ကူညီစောင့်ရှောက်နေတဲ့ ပရဟိတဆောင်ရွက်သူများကိုတော့ အထူးပဲလေးစားဂုဏ်ယူစရာကောင်းသလို ကောင်းမွန်တဲ့လူမှုဝန်းကျင်တည်ဆောက်ရာမှာ လိုအပ်တဲ့ စိတ်သဘောထားနဲ့ အလေ့အကျင့်ကောင်းတွေလည်း ဖြစ်ပါတယ်**

လုပ်ဆောင်ခြင်းမဟုတ်လို့ ပရဟိတလို့ မဆိုနိုင်ပါဘူး။ အဲဒါက မကောင်းမှုကို အားပေးခြင်းပဲ ဖြစ်ပါတယ်။

**ပရဟိတလို့ဆိုရာမှာ အမှန်တကယ် သူတစ်ပါး ကောင်းကျိုးလိုလားလို့ မေတ္တာ၊ စေတနာသက်သက်နဲ့ နှောင်ကြိုးမဲ့ စိတ်ရောကိုယ်ရော ကူညီလုပ်ကိုင် ပေးနေသူတွေရှိသလို ပရဟိတ အမည်ခံများလည်း ရှိနေတတ်တာ သတိပြုစရာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ကျိုးမငဲ့ဘဲ ကိုဗစ်–၁၉ ကာလမှ မဟုတ်ပါဘူး အများပြည်သူအခက်အခဲဖြစ်ချိန်တိုင်းမှာ ကူညီစောင့်ရှောက်နေတဲ့ ပရဟိတဆောင်ရွက်သူများကိုတော့ အထူးပဲ လေးစားဂုဏ်ယူစရာကောင်းသလို ကောင်းမွန်တဲ့လူမှုဝန်းကျင်တည်ဆောက်ရာမှာ လိုအပ်တဲ့စိတ်သဘောထားနဲ့ အလေ့အကျင့်ကောင်းတွေလည်း ဖြစ်ပါတယ်။**

**ဒီမိုကရေစီအလေ့အကျင့်ကောင်း**

ပရဟိတလုပ်ငန်းဟာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနည်းလမ်းတစ်မျိုး ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဟာ ဒီမိုကရေစီဝန်းကျင် တည်ဆောက်ရာမှာ အရေးပါတဲ့ ဒီမိုကရေစီတန်ဖိုးတစ်ရပ်ပါ။ နိုင်ငံတစ်နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍတွေမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ပြည်သူလူထုနဲ့သက်ဆိုင်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ ပိုမိုထိရောက်စေပြီး အစိုးရ၊ ပြည်သူနဲ့ အစိုးရအဖွဲ့အစည်းတွေအကြား ကောင်းမွန်တဲ့ဆက်ဆံရေးကို တည်ဆောက်နိုင်ပါတယ်။ ဒါကြောင့် ဒီမိုကရက်တစ်အုပ်ချုပ်ရေးတစ်ရပ်ဖြစ်ဖို့အတွက် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကို အရေးပါတဲ့အစိတ်အပိုင်းတစ်ရပ်အဖြစ်၊ တွန်းအားဖြစ်စေတဲ့ ပုံစံတစ်ရပ်အဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒ့ါအပြင် ပြည်သူလူထုပူးပေါင်း ပါဝင်လာခြင်းကြောင့် ပြည်သူဗဟိုပြု ဒါမှမဟုတ် လူသားဗဟိုပြုစံနှုန်းအပြောင်းအလဲဆီ ဦးတည်နိုင်ပါတယ်။

ပြည်သူလူထုအကြား ပရဟိတလုပ်ဆောင်သူတွေ များပြားလာခြင်းကြောင့် လက်ငင်းအနေနဲ့ အကျပ်အတည်းဖြစ်နေတဲ့သူတွေကို ထိထိရောက်ရောက်ကူညီစောင့်ရှောက်နိုင်သလို နောက်ဆက်တွဲအနေနဲ့ ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ ပြုစုပျိုးထောင်ရာလည်း ရောက်ပါတယ်။

**ကိုဗစ်–၁၉ နှင့် ပရဟိတများ**

ပရဟိတလုပ်ငန်းတွေဆိုတာ မြန်မာနိုင်ငံမှာ သာမကပါဘူး၊ ကမ္ဘာနဲ့အဝန်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံဆောင်ရွက်ပေးနေတာပါ။ ပရဟိတဆောင်ရွက်ပေးသူတွေထဲမှာ မာသာထရီဆာ ဟာ ကမ္ဘာမှာထင်ရှားတဲ့ မေတ္တာရှင်ပရဟိတလုပ်ဆောင်သူပဲ ဖြစ်ပါတယ်။ မာသာထရီဆာဟာ သူ့ရဲ့ ဘဝတစ်ခုလုံးကို မိဘမဲ့ကလေးသူငယ်တွေ၊ အနာကြီးရောဂါသည်တွေ၊ သူဖုန်းစားတွေ၊ အဆိုးရွားဆုံးရောဂါသင့်နေသူတွေ၊ အဆင်းရဲဆုံးသူတွေနဲ့ မေတ္တာမဲ့နေသူတွေကို ကူညီစောင့်ရှောက်တဲ့ ပရဟိတလုပ်ငန်းတွေမှာ မြှုပ်နှံဆောင်ရွက်ခဲ့လို့ ငြိမ်းချမ်းရေးနိုဘယ်ဆုအပါအဝင် အခြားဆုပေါင်းများစွာနဲ့ ဂုဏ်ပြုခံရသူဖြစ်ပါတယ်။

ဒီလိုပဲ မိမိတို့ပတ်ဝန်းကျင်မှာ ကိုဗစ် – ၁၉ ကြောင့် ဖြစ်လာတဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးအခက်အခဲတွေကို ပရဟိတအသင်းတွေ၊ တစ်ပိုင်တစ်နိုင် ပရဟိတကူညီသူတွေက ကူညီစောင့်ရှောက်နေကြတာကို မြင်တွေ့ရတိုင်း အကြိမ်ကြိမ် သာဓုခေါ်မိပါတယ်။ သက်ကြီးရွယ်အိုတွေ၊ နာမကျန်းသူတွေ၊ ငွေကြေးခက်ခဲနေသူတွေ အပါအဝင် မိမိပတ်ဝန်းကျင်မှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ဒီပရဟိတအဖွဲ့တွေက လူမှုရေးအသိစိတ်၊ တာဝန်ယူလိုစိတ်၊ ကူညီလိုစိတ်တွေနဲ့ လုပ်ဆောင်ပေးလို့ အခက်အခဲတွေ ပြေလည်သွားကြတာကိုလည်း တွေ့မြင်တိုင်း ကြည်နူးမိတာ အမှန်ပါပဲ။

**ပရဟိတတွေဟာ ကပ်ရောဂါဆိုးကာလမှာ ကြုံတွေ့နေကြရတဲ့ အခက်အခဲအကျပ်အတည်း အမျိုးမျိုးအဖုံဖုံကြားမှာ ကိုယ်ကျိုးမငဲ့ဘဲ ကူညီဆောင်ရွက်ပေးနိုင်တာဟာ ပေးဆပ်ခြင်းသက်သက်သာဖြစ်လို့ အကျိုးမျှော်ကိုးခြင်းမရှိတဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီဖြစ်လို့ ဝိုင်းဝန်းအားပေးကြရမယ့် လူထုအကျိုးပြုလုပ်ငန်းတွေ ဖြစ်ပါတယ်။**

**ဝိသမလောဘသားများ**

ကိုဗစ် – ၁၉ ကြောင့် လူတိုင်းနီးပါးအခက်အခဲ အကျပ်အတည်းတွေနဲ့ နေ့စဉ် ရင်ဆိုင်ဖြေရှင်းနေရစဉ်မှာ နှောင်ကြိုးမဲ့ကူညီစောင့်ရှောက်နေကြတဲ့ ပရဟိတသမားတွေ၊ အသင်းအဖွဲ့တွေ ရှိနေကြသလို လူတွေရဲ့ အခက်အခဲအကျပ်အတည်းကို အခွင့်ကောင်းယူအမြတ်ထုတ်နေကြတဲ့ ဝိသမလောဘသမားတွေကိုလည်း နေရာအနှံ့မှာ တွေ့နေရပါတယ်။

**အကျပ်အတည်းကာလမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံစားကုန်တွေ၊ ကိုဗစ်–၁၉ ကာကွယ်ရေးပစ္စည်းတွေ၊ ဆေးဝါးတွေမှာ ရောင်းလိုအားနဲ့ ဝယ်လိုအားမမျှလို့ ဈေးနှုန်းတက်နိုင်ပေမယ့် ဖြစ်သင့်တာထက်ပိုတဲ့ မတန်တဆ ဈေးနှုန်းတွေနဲ့ ရောင်းချနေကြတာ၊ အမြတ်ကြီးစားနေကြတာ၊ ပစ္စည်း လိမ်လည်ရောင်းချနေကြတာ၊ မတန်တဆငွေယူပြီး ဝန်ဆောင်မှုပေးနေကြတာတွေဟာ အတ္တကိုယ်ကျိုးစီးပွားသမားတွေရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်တွေဖြစ်လို့ လက်ခံဖို့ ခက်ခဲပါတယ်။**

လူတိုင်းဟာ ဘဝရပ်တည်ရေး၊ တိုးတက်ရေး၊ ချမ်းသာကြွယ်ဝရေးအတွက် စီးပွားရှာကြတာ သဘာဝပဲ ဖြစ်ပါတယ်။ ဒါပေမယ့် စီးပွားရှာတဲ့နေရာမှာ အများတကာ ဒုက္ခသုက္ခရောက်နေတာကို အခွင့်ကောင်းယူပြီး မတော်လောဘနဲ့ စီးပွားရှာနေကြတာတွေ တွေ့မြင်နေရတာဟာ ပရဟိတနဲ့ ဆန့်ကျင်ဘက်လားရာတွေပဲ ဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်တွေဟာ ကိုယ်ကျိုးအတ္တတစ်ခုတည်းအတွက် အခြားသူတွေရဲ့ အခက်အခဲအကျပ်အတည်းတွေကို ပိုပြီးဒုက္ခရောက်အောင် လုပ်နေသလိုပဲ ဖြစ်ပါတယ်။ ဝိသမလောဘသမားတွေဟာ တစ်နပ်စားဉာဏ်နဲ့ တစ်ဘို့တည်းသမားတွေ ဖြစ်ကြလို့ လူ့ပတ်ဝန်းကျင်ကို ပျက်စီးစေပါတယ်။

*စာမျက်နှာ ၇ သို့*

**အကျပ်အတည်းကာလမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံစားကုန်တွေ၊ ကိုဗစ်–၁၉ ကာကွယ်ရေး ပစ္စည်းတွေ၊ ဆေးဝါးတွေမှာ ရောင်းလိုအားနဲ့ ဝယ်လိုအားမမျှလို့ ဈေးနှုန်းတက်နိုင်ပေမယ့် ဖြစ်သင့်တာထက်ပိုတဲ့မတန်တဆဈေးနှုန်းတွေနဲ့ ရောင်းချနေကြတာ၊ အမြတ်ကြီးစားနေကြတာ၊ ပစ္စည်း လိမ်လည်ရောင်းချနေကြတာ၊ မတန်တဆငွေယူပြီး ဝန်ဆောင်မှုပေးနေကြတာတွေဟာ အတ္တကိုယ်ကျိုးစီးပွားသမားတွေရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်တွေဖြစ်လို့ လက်ခံဖို့ ခက်ခဲပါတယ်။**

# ၁၃၈၃ ခုနှစ် (၂၀၂၁ ခုနှစ်)၊ (၂၈)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၁ ခုနှစ်၊ (၂၈) ကြိမ်မြောက်နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၆ ဌာနတို့၌ ၂၁-၆-၂၀၂၁ ရက်နေ့မှ ၂၅-၆-၂၀၂၁ ရက်နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။

၂။ (၂၈) ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်း ၁၄၇၆၆ ပါးရှိပြီး ဖြေဆို ၉၅၈၇ ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူ စုစုပေါင်း ၃၆၆၆ ပါးဖြစ်ရာ ၃၈.၂၄ ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၃။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၆၈၀ ပါး၊ လေးကျမ်းအောင် ၂၅၈ ပါး၊ သုံးကျမ်းအောင် ၂၆၈ ပါး၊ နှစ်ကျမ်းအောင် ၃၄၈ ပါး၊ တစ်ကျမ်းအောင် ၃၈၄ ပါးတို့ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင် ၆၈၀ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခုံအမှတ် ရက-၁၄၊ ဦးဣန္ဒက၊ အသက် ၂၂ နှစ်၊ အဘ ဦးတင်စိုး၊ ပဥ္စနိကာယသာသန ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ် မှော်-၂၈၉၊ ရှင်နန္ဒိယ၊ အသက် ၂၀ နှစ်၊ အဘ ဦးခွန်ဗွာ၊ မဟာဝိဟာရ ကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ် ပူရ-၁၅၅၊ ဦးအဂ္ဂါစာရ၊ အသက် ၂၄ နှစ်၊ အဘ ဦးမော်သိန်း၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (တတိယ)

(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ် မရ-၇၀၊ မယုနန္ဒာ၊ အသက် ၃၃ နှစ်၊ အဘ ဦးသန်းမောင်၊ ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (သီလရှင်ပထမ)

၄။ အုပ်စု (၂) ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၉၁ ပါး၊ နှစ်ကျမ်းအောင် ၂၃၆ ပါး၊ တစ်ကျမ်းအောင် ၅၅ ပါးတို့ဖြစ်ပါသည်။ ဒီဃနိကာယ် သုံးကျမ်းအောင် ၂၉၁ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမ ရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခုံအမှတ် မရ-၃၊ ဦးကေသဝ၊ အသက် ၃၀ နှစ်၊ အဘ ဦးမောင်နု၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ် မန်း/အမဇ-၁၄၊ ဦးပညောဘာသာလင်္ကာရ၊ အသက် ၂၃ နှစ်၊ အဘ ဦးသိန်းဖေ၊ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ် မော်-၃၊ ဦးသဉ္ဇီဝ၊ အသက် ၂၉ နှစ်၊ အဘ ဦးထွန်းအောင်၊ ဆင်ဖြူစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် (တတိယ)

(ဃ) ဒီဃနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ် လွင်-၃၊ မရူပစန္ဒီ၊ အသက် ၃၃ နှစ်၊ အဘ ဦးစိန်ဝင်း၊ ဗုဒ္ဓဓီတာသီလရှင်စာသင်တိုက်၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (သီလရှင်ပထမ)

၅။ အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၆၃ ပါး၊ နှစ်ကျမ်းအောင် ၂၃ ပါး၊ တစ်ကျမ်းအောင် ၈ ပါးတို့ဖြစ်ပါသည်။

၆။ အုပ်စု(၄) သံယုတ္တနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၉ ပါး၊ နှစ်ကျမ်းအောင် ၂၉ ပါး၊ တစ်ကျမ်းအောင် ၆ ပါးတို့ဖြစ်ပါသည်။

၇။ အုပ်စု (၅) အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၀၅ ပါး၊ နှစ်ကျမ်းအောင် ၇၀ ပါး၊ တစ်ကျမ်းအောင် ၃၆ ပါးတို့ဖြစ်ပါသည်။ အင်္ဂုတ္တရနိကာယ သုံးကျမ်းအောင် ၁၀၅ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခုံအမှတ် ပူရ-၁၊ ရှင်ကဝိန္ဒ၊ အသက် ၂၁ နှစ်၊ အဘ ဦးမောင်မြင့်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ် မရ-၂၊ ဦးပုညာနန္ဒ၊ အသက် ၃၁ နှစ်၊ အဘ ဦးပွကြီး၊ တိပိဋကမဟာဂန္ဓာရုံကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ် စက-၅၀၊ ရှင်ဝိသိဋ္ဌ၊ အသက် ၂၃ နှစ်၊ အဘ ဦးမောင်လုပ်၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (တတိယ)

၈။ အုပ်စု (၆) ခုဒ္ဒကနိကာယ-၁ (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် ၁ ပါးဖြစ်ပါသည်။

၉။ အုပ်စု (၇) ခုဒ္ဒကနိကာယ-၂ (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁ ပါး၊ သုံးကျမ်းအောင် ၃ ပါးတို့ဖြစ်ပါသည်။

၁၀။ အုပ်စု (၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) (ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၂၂၆ ပါး၊ တစ်ကျမ်းအောင် ၈၅ ပါးတို့ဖြစ်ပါသည်။ အဘိဓမ္မပိဋက နှစ်ကျမ်းအောင် ၂၂၆ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခုံအမှတ် မဟမ-၂၊ ဦးဝိမလာလင်္ကာရ၊ အသက် ၂၅ နှစ်၊ အဘ ဦးအေးသွင်၊ ဓမ္မဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ် ပခ-၃၊ ဦးကဝိသာရာလင်္ကာရ၊ အသက် ၂၆ နှစ်၊ အဘ ဦးအုန်းပိုင်၊ သာမဏေကျော် စာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ် ဒဂရ-၅၊ ဦးပညာသုတာလင်္ကာရ၊ အသက် ၂၅ နှစ်၊ အဘ ဦးဝင်းနိုင်၊ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (တတိယ)

၁၁။ အုပ်စု (၉) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) (ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် ၂ ပါး၊ တစ်ကျမ်းအောင် ၁ ပါးတို့ဖြစ်ပါသည်။

၁၂။ အုပ်စု (၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁ ပါး၊ နှစ်ကျမ်းအောင် ၁ ပါး၊ တစ်ကျမ်းအောင် ၉ ပါးတို့ ဖြစ်ပါသည်။

၁၃။ အုပ်စု (၂) ဒီဃနိကာယ (သုတ္တန္တပိဋက) ဒီဃနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် ၂ ပါးဖြစ်ပါသည်။

၁၄။ အုပ်စု (၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) အဋ္ဌကထာ (မဟာဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၄ ပါးဖြစ်ပါသည်။

၁၅။ အုပ်စု (၉) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) အဋ္ဌကထာ (မဟာဝိဒူတန်း) ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် ၁ ပါး ဖြစ်ပါသည်။

၁၆။ (၂၈) ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝိဒူတန်းအုပ်စု ၉ အုပ်စုနှင့် မဟာဝိဒူတန်းအုပ်စု ၄ အုပ်စု တို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၃၆၆၆ ပါးဖြစ်ပါသည်။

၁၇။ ၁၃၈၃ ခုနှစ် (၂၀၂၁ ခုနှစ်၊ (၂၈) ကြိမ်မြောက် နိကာယ်အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.org.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေး ဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၃၄၄၂ ဦးနှင့် အတွင်းလူနာပေါင်း ၇၉၅၆၀ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၆၈၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၇၉၄ ဦး စုစုပေါင်း ၁၉၄၇၄ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၅၀၄ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၁၃၁ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၆၃၅ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

### ဘုရားဟော အတ္တဟိတ၊ ပရဟိတ

ပရဟိတနဲ့ ပတ်သက်လို့ မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ် (၁၀) ၅-အသုရဝဂ် ၈-အတ္တဟိတသုတ်မှာ အောက်ပါပုဂ္ဂိုလ်လေးမျိုး ထင်ရှားရှိကြောင်း ဟောတော်မူခဲ့ပါတယ်။

၁။ မိမိအကျိုးစီးပွားအလို့ငှာကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှာ မကျင့်သော ပုဂ္ဂိုလ်၊

၂။ သူတစ်ပါး အကျိုးစီးပွားအလို့ငှာ ကျင့်၍ မိမိအကျိုးစီးပွားအလို့ငှာ မကျင့်သော ပုဂ္ဂိုလ်၊

၃။ မိမိအကျိုး စီးပွားအလို့ငှာလည်း မကျင့်၊ သူတစ်ပါး အကျိုးစီးပွားအလို့ငှာလည်း မကျင့်သော ပုဂ္ဂိုလ်၊

၄။ မိမိအကျိုးစီးပွား အလို့ငှာလည်း ကျင့်၊ သူတစ်ပါး အကျိုးစီးပွားအလို့ငှာလည်း ကျင့်သော ပုဂ္ဂိုလ်တို့ဖြစ်ကြောင်း ဟောတော်မူထားပါတယ်။

ဒီနေရာမှာ မိမိ အကျိုးစီးပွားဆောင်ရွက်ခြင်း အတ္တဟိတဆိုရာမှာ ဝိသမလောဘနဲ့ စီးပွားရှာခြင်းကို မဆိုလိုပါဘူး။ မိမိကိုယ်ကို ကောင်းမွန်အောင် ဆောက်တည်ခြင်း ဥပမာ- မိမိကိုယ်ကိုကို ငါးပါးသီလလုံခြုံအောင် ဆောက်တည်ခြင်းဟာ အတ္တဟိတဖြစ်ပြီး သူတစ်ပါးကိုလည်း ငါးပါးသီလလုံအောင် တိုက်တွန်းနှိုးဆော်တာ၊ ကူညီတာကို ပရဟိတလို့ ပါမောက္ခချုပ်ဆရာတော်ကြီးက ဟောပါတယ်။

**မိမိအကျိုးစီးပွားအလို့ငှာလည်း ကျင့်၊ သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း ကျင့်သော ပုဂ္ဂိုလ်ကတော့ ထောပတ်ကြည်လို အကောင်းဆုံးလို့ ဟောထားပါတယ်။ မိမိအကျိုးစီးပွားအလို့ငှာလည်း မကျင့်, သူတစ်ပါး အကျိုးစီးပွားအလို့ငှာလည်း မကျင့်သော ပုဂ္ဂိုလ်အတ္တဟိတ၊ ပရဟိတ မရှိတဲ့သူဟာ သူကောင်ဖုတ် ထင်းမီးစနဲ့တူကြောင်း ဆဝါလာတသုတ်မှာ ဟောထားပါတယ်။ ဆန်ကုန်မြေလေးလို့ ဆိုပါတယ်။ အဲဒီ ဆန်ကုန်မြေလေးထက် ဆိုးတာက ဝိသမလောဘသားတွေပဲ ဖြစ်ပါတယ်။**

### စုပေါင်းရင်ဆိုင်ကျော်လွှား

မိမိတို့ လူမှုအသိုက်အဝန်းမှာ ပရဟိတစိတ်ထားရှိသူတွေ၊ ပရဟိတလုပ်ငန်း ဆောင်ရွက်ပေးသူတွေ များပြားလာခြင်းဟာ ကြည်နူးစရာပါပဲ။ ပေးဆပ်ခြင်းသက်သက်နဲ့ သူတို့တစ်တွေ ကူညီလုပ်ကိုင်ပေးနေတဲ့အလုပ်တွေကို လူတိုင်းလုပ်နိုင်ဖို့ မလွယ်ကူပါဘူး။ တချို့က ကိုယ်ကိုယ်တိုင် မလုပ်နိုင်ပေမယ့် ပရဟိတလုပ်နေတဲ့သူတွေကို တစ်ဖက်တစ်လမ်းက ထောက်ပံ့ကူညီပေးနေကြတာကလည်း ပရဟိတ လုပ်နေသူတွေအတွက် စိတ်အားတက်စရာအပြင် များစွာအထောက်အကူ ဖြစ်စေမှာပါ။ ဒါ့အပြင် ပရဟိတလုပ်နေကြတဲ့သူတွေ၊ ပရဟိတလုပ်ငန်းတွေကို မိမိတို့ကိုယ်တိုင် မကူညီနိုင်တောင်မှ အနှောင့်အယှက်မဖြစ်စေဖို့ကလည်း သတိပြုဆင်ခြင်စရာပဲ ဖြစ်ပါတယ်။

အထူးသဖြင့် အခုလို ကိုဗစ် -၁၉ ဖြစ်ပွားနေချိန်မှာ ကိုယ့်ရဲ့လူမှုပတ်ဝန်းကျင်မှာ ပရဟိတစိတ်ထားတွေ၊ ပရဟိတလုပ်ငန်းတွေကို အားပေးကြမယ်၊ များပြားလာမယ်ဆိုရင် ဘယ်လိုအခက်အခဲမျိုးကိုမဆို ရင်ဆိုင်ကျော်လွှား ဖြတ်ကျော်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

### ကိုးကား

၁။ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၊ အတ္တဟိတနှင့် ပရဟိတ

၂။ အင်္ဂုတ္တရနိကာယ် (၁၀) ၅-အသုရဝဂ်

# ကျောပိုးအိတ်လေးကို ချီကာလွယ်ခဲ့သူ

တာရာ

**မှတ်မှတ်ရရဆိုရလျှင် ၂၀၀၉ ခုနှစ် ဇူလိုင်လ ၃၀ ရက် မိုးကသဲသဲမဲမဲ ရွာနေသည်။ မိုးတွေက ရွာနေသောကြောင့် ပတ်ဝန်းကျင်ကလည်း မိုးစက် မိုးပေါက်တို့ကြောင့် ဝေဝါးနေသည်။ ကျွန်တော့်အသက်အရွယ်ကြောင့်လည်း ဝေဝါးနေတာဖြစ်ပါသည်။ ကျွန်တော်၏ အသက်သည် ၈၄ နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်၏ ဟူသော အဖွင့်ဖြင့် လေထန်ထန် မိုးသည်းသည်းနေ့ တစ်နေ့တွင် စာရေးသူ တင့်ဆွေ (ဖျာပုံ) က ကျောပိုးအိတ်လေးကို ချီကာလွယ်ဆိုသည့် ဘဝမှတ်တမ်းစာစုကို အစပြုမွေးဖွားဖြစ်ခဲ့သည်။**

ဇနီးသည် ကွယ်လွန်ပြီး ၂၅ ရက်အကြာတွင် ဤစာအုပ်ကို စတင်ရေးဖွဲ့ခဲ့ခြင်းဖြစ်ပြီး စာအုပ်တွင် စာရေးသူ၏ ဇနီးသည် အပေါ်ထားရှိသည့် မေတ္တာတရား၊ လွမ်းဆွတ်သတိရမှုတို့ကို လှစ်ဟပြခဲ့သည်။

**တာဝန်ထမ်းဆောင်**

ထို့ပြင် တပ်မတော်သားရဲဘော်ဘဝမှ တိုင်းမှူး အထိ တပ်မတော်၌ ကျရာတာဝန်များကို ဦးလည် မသုန်ထမ်းရွက်ခဲ့ရပုံ စစ်သားဘဝအတွေ့အကြုံများ၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှစ၍ လွတ်လပ်ရေးရရှိပြီး သောင်းကျန်းမှု ချေမှုန်းရေးကာလများ တွင် တပ်မတော်၌ စစ်ဆင်ရေး၊ လေ့ကျင့်ရေး၊ စီမံရေး တာဝန်ထမ်းဆောင်ခဲ့ ရပုံများကိုလည်း ရေးဖွဲ့ထားသည်။

**ပညာဗဟုသုတ တိုးပွားပြီး အကျိုးများစေ**

ထို့အတူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၊ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးတာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အတွေ့အကြုံများ၊ ဘဝအကွေ့အကောက်၊ အတက်အကျစုံတို့ကို ဤစာအုပ်တွင် စာရေးသူက အချိုးအစားညီမျှစွာ မှတ်တမ်းတင် ရေးဖွဲ့ထားရာ ပညာဗဟုသုတ တိုးပွားပြီး အကျိုးများစေသည့်အတွက် ဖတ်ရှုရန် ညွှန်းဆိုလိုပါသည်။

ကျောပိုးအိတ်လေးကို ချီကာလွယ်စာအုပ်သည် စာရေးသူ တင့်ဆွေ(ဖျာပုံ)က ရေးသားထားပြီး ၂၀၁၀ပြည့်နှစ်တွင် အမျိုးသားစာပေဆု(စာပဒေသာ) ဆုရရှိခဲ့သည့် စာအုပ်ကောင်း တစ်အုပ် ဖြစ်သည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပဉ္စမအကြိမ် ပြန်လည် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

**ကျောပိုးအိတ်လေးလို**

မြေပြန့်တောင်ပေါ်၊ ပင်လယ်ကမ်းရိုးတန်း၊ မြန်မာပြည်အနှံ့ တာဝန်ကျရာ ဒေသများသို့ ကျောပိုးအိတ်လေးလို လိုက်ပါနေရပြီး ဆင်းရဲအတူ ချမ်းသာမခွဲ၊ ဝါးတဲတန်းလျား၊ စစ်မြေပြင် မကျန် တစ်ဦးနှင့် တစ်ဦး ချည်နှောင်တွယ်တာခဲ့ရသူ ချစ်ဇနီးကို စစ်သားတစ်ယောက်၏ ကျောပိုး အိတ်လေးအဖြစ် တင်စားဖွဲ့နွဲ့ကာ စာအုပ်ကို ဤသို့ ဤပုံ အမည်ပေးခဲ့ခြင်းလည်းဖြစ်ရာ ဇနီးသည် အပေါ် လေးနက်တည်ကြည်သည့် ယောကျ်ား ကောင်းတို့၏ စိတ်နေစိတ်ထားကို မြင်တွေ့ရမည် ဖြစ်သည်။

စာရေးသူ၏ ဘဝအစသည် မြစ်ချောင်းအင်းအိုင်၊ မြစ်တက်ချောင်းတက်၊ မြစ်ကွေ့ချောင်းကွေ့၊ မြစ်သွယ်ချောင်းသွယ် အလွန်ပေါများသောဒေသ၊ သားငါးနှင့် ဆန်စပါးတို့ ပေါများရာ ဖျာပုံခရိုင် ဖျာပုံ မြို့တွင် ကန်ထရိုက်တာ ဦးဘသောင်း၊ အမိဒေါ်သင် တို့က ၁၉၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် မွေးဖွား ခဲ့သည်။

လွတ်လပ်ရေးမရမီ သူ့ကျွန်ဘဝကျရောက် နေစဉ်က မွေးဖွားခဲ့ပုံကို စာရေးသူက “ကျွန်တော့်ကို မွေးဖွားစဉ်ကာလသည် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်အဖြစ် နွံနစ်နေရချိန်ဖြစ် သည်။ ထို့ကြောင့် ကျွန်တော်သည်လည်း သူ့ကျွန်အဖြစ် မွေးဖွားလာရ သူဖြစ်သည် ” ဟု ရေးသားထားရာ စာရေးသူ၏ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် လွတ်လပ်လိုသည့် စိတ်စေတနာကို လေးစားဖွယ် မြင်တွေ့ရမည်ဖြစ်သည်။

**တပ်မတော်သားဘဝ စတင်**

သို့မို့ကြောင့် စာရေးသူ၏ ငယ်စဉ်ကာလ ဘဝတစ်လျှောက်လုံးတွင် လွတ်လပ်ရေးဟူသော အတွေးများက သန္ဓေတည်ကိန်းအောင်းနေပြီး မြန်မာနိုင်ငံကို လွတ်လပ်စေလိုသည့် စိတ်ဆန္ဒ ထက်သန်ပြင်းပြခဲ့သည်။ မိဘကိုဖယ်ခွာ၊ ဇာတိ ရပ်ရွာကို ကျောခိုင်း၊ ချစ်သူကို စွန့်လွှတ်ပြီး မြန်မာ့ လွတ်လပ်ရေးကို အရယူမည်ဟူသော ပြင်းပြသည့် စိတ်ဓာတ်ဖြင့် ၁၉၄၃ ခုနှစ်တွင် တပ်မတော်ထဲသို့ ဝင်ခဲ့ကာ စာရေးသူ၏ တပ်မတော်သားဘဝ စတင် ခဲ့သည်။

စာရေးသူသည် မွေးရပ်မြေ ဖျာပုံမှ စက်တပ် သမ္ဗန်ဖြင့် ရန်ကုန်၊ ရန်ကုန်မှ တပ်ထဲဝင်ရန် ပျဉ်းမနားမြို့တွင်ရှိသည့် ဗမာ့တပ်မတော် “ Burma Defence Army, BDA” သို့ဝင်ရောက်ခဲ့ သည်။ ထို့နောက် ဗိုလ်သင်တန်းတက်ရန် မင်္ဂလာဒုံ၊ မင်္ဂလာဒုံမှ စစ်ပညာသင်ရန် ဂျပန်နိုင်ငံ ဘုရင့် စစ်တက္ကသိုလ်သို့ ၁၉၄၄ ခုနှစ်တွင် ထွက်ခွာခဲ့သည်။

**စစ်ပညာသင်ယူ**

စာရေးသူသည် စစ်ပညာတတ်မြောက်မှ လွတ်လပ်ရေးရမည်ဟု ခံယူထားသည့်အတွက် ဂျပန်နိုင်ငံတွင် စစ်ပညာကို ရှုပ်ရှုပ်ချုံချုံ တတ်မြောက် အောင် သင်ယူကြခဲ့သည်။

*စာမျက်နှာ ၁၀ သို့*



**စာရေးဆရာကြီး တင့်ဆွေ(ဖျာပုံ) အရှေ့တောင် တိုင်း စစ်ဌာနချုပ်တိုင်းမှူးဖြစ်စဉ်က။**



စာရေးဆရာကြီး တင့်ဆွေ(ဖျာပုံ) (ဗိုလ်မှူးချုပ် တင့်ဆွေ) ကျောပိုးအိတ်လေးနှင့် နောက်ဆုံးရိုက်ခဲ့သည့် အမှတ်တရ ဓာတ်ပုံ (၂၀၀၉)။

**❑ မြေပြန့်တောင်ပေါ်၊ ပင်လယ်ကမ်းရိုးတန်း၊ မြန်မာပြည်အနှံ့ တာဝန်ကျရာဒေသများသို့ ကျောပိုးအိတ်လေးလို လိုက်ပါနေရပြီး ဆင်းရဲအတူ ချမ်းသာမခွဲ၊ ဝါးတဲတန်းလျား၊ စစ်မြေပြင်မကျန် တစ်ဦးနှင့် တစ်ဦး ချည်နှောင်တွယ်တာခဲ့ရသူ ချစ်ဇနီးကို စစ်သားတစ်ယောက်၏ ကျောပိုးအိတ်လေးအဖြစ် တင်စားဖွဲ့နွဲ့ကာ စာအုပ်ကို ဤသို့ ဤပုံ အမည်ပေးခဲ့ခြင်းလည်းဖြစ်ရာ ဇနီးသည်အပေါ် လေးနက်တည်ကြည်သည့် ယောကျ်ားကောင်းတို့၏ စိတ်နေစိတ်ထားကို မြင်တွေ့ရ**



(၂၉-၁၁-၄၈)ရက်နေ့ မိတ္ထီလာ၌ လက်ထပ်သည့်နေ့ အမှတ်တရဓာတ်ပုံ။

# “နိုင်ငံအနေနဲ့လည်း ရှိတဲ့စွမ်းပကားနဲ့ ကိုယ့်ပြည်သူပြည်သားတွေကို ကာကွယ်ဆေးတွေ အလျင်အမြန်ရရှိနိုင်ဖို့၊ စိတ်ချရတဲ့ အရည်အသွေးမြင့်တဲ့ ကာကွယ်ဆေးတွေကို ထိုးနှံပေးနိုင်ဖို့အတွက် အဘက်ဘက်က ကြိုးစားလုပ်ဆောင်နေပါတယ်”

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှံ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇူလိုင် ၂၀ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးမေးခွန်းအနေနဲ့ မြန်မာနိုင်ငံမှာ ထိုးနှံပေးနေတဲ့ ကာကွယ်ဆေးတွေနဲ့ ကိုဗစ် – ၁၉ ရောဂါနဲ့ပတ်သက်ပြီး နောက်ဆုံးသုတေသနတွေ့ရှိချက်တွေကို ရှင်းပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ မြန်မာနိုင်ငံကို AstraZeneca Covishield အနေနဲ့လာပါတယ်။ ဒီဆေးနဲ့ပတ်သက်ပြီး The Lancet ဂျာနယ်ရဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ထုတ်ပြန်ချက်အရ ကာကွယ်ဆေးတစ်ကြိမ်ထိုးထားရင် ၇၆ ရာခိုင်နှုန်း ကာကွယ်ပါတယ်။ နှစ်ကြိမ်အပြည့်အဝထိုးပြီးရင် ၈၂ ရာခိုင်နှုန်းကာကွယ်တာကို သိရပါတယ်။ ဒီလိုမျိုးကာကွယ်ဆေးရဲ့ထိရောက်မှုကို Clinical Trials Phase3 စမ်းသပ်မှုကို ယူကေနိုင်ငံ၊ ဘရာဇီးနိုင်ငံနဲ့ တောင်အာဖရိကနိုင်ငံတို့မှာ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

အင်္ဂလန်နိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးဌာနက ဒီသုတေသနတွေ့ရှိချက်ကို ၂၀၂၁ ခုနှစ် မေလထုတ် Health and Science Journal မှာ AstraZeneca Covishield နှစ်ကြိမ်အပြည့်ထိုးထားပါက အိန္ဒိယမျိုးဗီဇပြောင်းပိုးဖြစ်တဲ့ ‘ဒယ်လ်တာ’ ဗိုင်းရပ်စ်ကို ၆၀ ရာခိုင်နှုန်းနဲ့ ယူကေမျိုးဗီဇပြောင်းပိုးဖြစ်တဲ့ ‘အယ်လ်ဖာ’ ဗိုင်းရပ်စ်ကို ၆၆ ရာခိုင်နှုန်း ကာကွယ်နိုင်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီဆေးကို လူပေါင်း ၃ ဒသမ ၅ သန်းကို ထိုးနှံပေးပြီး ဖြစ်ပါတယ်။

နောက်ထပ် ပြည်သူတွေကို ထိုးနှံပေးမယ့် ကာကွယ်ဆေးက Sinopharm ဖြစ်ပါတယ်။ ဒီဆေးကို China National Biotec Group Company Limited (CNBG)က ထုတ်ထားတဲ့ ကိုဗစ် – ၁၉ ကာကွယ်ဆေးဖြစ်ပါတယ်။ ဒီကာကွယ်ဆေးက ကိုဗစ်ရောဂါပိုးကို အားပျော့အောင်၊ အားနည်းအောင်၊ ချည့်နဲ့အောင်၊ လူကိုအန္တရာယ်မပေးနိုင်အောင် ပြုလုပ်ထားတဲ့ ဆေးအမျိုးအစား ဖြစ်ပါတယ်။ ဒီဆေးရဲ့ ကိုဗစ် – ၁၉ ရောဂါကာကွယ်နိုင်စွမ်းကို သိရှိနိုင်ဖို့အတွက် နိုင်ငံအတော်များများမှာ စမ်းသပ်မှုအဆင့် (၃) အထိ ပြုလုပ်ထားပြီး ဖြစ်ပါတယ်။ ဒီကာကွယ်ဆေး ၂၁ ရက်ခြားပြီး နှစ်ကြိမ်ထိုးနှံခဲ့သူတွေကို ပျမ်းမျှ ၁၁၂ ရက် စောင့်ကြည့်တဲ့အခါမှာ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုနဲ့ ရောဂါပြင်းထန်လို့ ဆေးရုံတက်ရောက်ရမှုကို ထိရောက်စွာ ကာကွယ်နိုင်မှုအာနိသင် ၇၉ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ဒါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ ဒီဆေးအပေါ် ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

နောက်မကြာခင် မြန်မာနိုင်ငံက ဝယ်ယူထားတဲ့ Sputnik V နဲ့ပတ်သက်ပြီး အကျဉ်းမျှ တင်ပြလိုပါတယ်။ Sputnik V ကို လောလောဆယ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အရေးပေါ်အသုံးပြုနိုင်တဲ့ ကာကွယ်ဆေးတွေထဲမှာ လက်ရှိ မပါဝင်သေးသော်လည်း၊ ဒီဆေးကို ရုရှားနိုင်ငံက အတည်ပြုထားတဲ့အပြင် နိုင်ငံပေါင်း ၆၀ ကျော်မှာ အသုံးပြုနေတဲ့ ကာကွယ်ဆေးဖြစ်ပါတယ်။ ဒီဆေးကို ရုရှားနိုင်ငံ Gamaleya Research Institute of Epidemiology and Microbiology က ထုတ်တာဖြစ်ပါတယ်။ ဒီဆေးက လူမှာဖြစ်စေတဲ့ အအေးမိ၊ နှာစေးဖြစ်စေတဲ့ ဗိုင်းရပ်စ်နှစ်မျိုးကို ယူပြီးသုံးတာဖြစ်ပါတယ်။ ဆေးရဲ့ထိရောက်မှုက ၉၁ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး (၃)ပတ်ခြားပြီး နှစ်ကြိမ်ထိုးနှံရတဲ့ ကာကွယ်ဆေးအမျိုးအစားဖြစ်ပါတယ်။

နောက်တစ်ခုက အိန္ဒိယနိုင်ငံထုတ် Covaxin ကာကွယ်ဆေးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အနည်းအကျဉ်း ရရှိသုံးစွဲပြီး ဖြစ်ပါတယ်။



ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီး ရှင်းလင်းဖြေကြားစဉ်။

Covaxin ကို အိန္ဒိယနိုင်ငံက ကိုယ်ပိုင်ထုတ်လုပ်တဲ့ဆေး ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ ကမ္ဘာ့ကာကွယ်ဆေးထုတ်လုပ်မှုရဲ့ ၄၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေတဲ့ အကြီးဆုံးကာကွယ်ဆေးထုတ်လုပ်တဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒီဆေးကို အိန္ဒိယနိုင်ငံ အစိုးရကအရေးပေါ် အသုံးပြုခွင့်ပေးထားတဲ့ဆေးဖြစ်ပါတယ်။ ဆေးရဲ့ထိရောက်မှုက ၇၈ ရာခိုင်နှုန်းရှိပြီး (၄) ပတ်ခြားပြီး နှစ်ကြိမ်ထိုးနှံရတဲ့ဆေး ဖြစ်ပါတယ်။ Covaxin ကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ အရေးပေါ်ကာကွယ်ဆေးအဖြစ် အသုံးပြုခွင့်ပြုနိုင်ဖို့ လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေကို ဆောင်ရွက်လျက်ရှိပြီး တစ်ပတ်၊ နှစ်ပတ်အတွင်းမှာ ပါဝင်ဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဆေးသိပ္ပံပညာရှင်အဖွဲ့ခေါင်းဆောင်က ပြောထားပါတယ်။

လက်ရှိမြန်မာနိုင်ငံအနေနဲ့ ဒီကာကွယ်ဆေးတွေကို ပြည်သူတွေကို ထိုးနှံပေးဖို့ စဉ်းစားတဲ့အခါ အချက် (၃) ချက်နဲ့ မူတည်ပြီး စဉ်းစားပါတယ်။ နံပါတ် (၁) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Pre – Qualified ကာကွယ်ဆေးဖြစ်ရဲ့လား၊ လက်ရှိကိုဗစ်– ၁၉ ကာကွယ်ဆေးတွေက တစ်နှစ်အတွင်း ထုတ်လုပ်ရတဲ့ ကာကွယ်ဆေးတွေဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ကာကွယ်ဆေးအများစုက တချို့ဆိုရင် ဆယ်စုနှစ် နဲ့ချီပြီး ကြာပါတယ်။ အစောဆုံးကာကွယ်ဆေးထုတ်နိုင်တယ်ဆိုရင် (၄)နှစ်ကျော် ကြာပါတယ်။ ကိုဗစ် – ၁၉ ရောဂါကို ကာကွယ်နိုင်ဖို့အတွက် ကာကွယ်ဆေးတွေ ထုတ်တဲ့အခါမှာ လူတွေရဲ့အသက်ကို အမြန်ဆုံးကာကွယ်နိုင်ဖို့အတွက် အမြန်ဆုံးထုတ်လုပ်ရပါတယ်။ အမြန်ဆုံးထုတ်လုပ်တဲ့အတွက် ဆေးရဲ့ စိတ်ချလုံခြုံမှု၊ ဘေးကင်းမှုကို ထည့်သွင်းစဉ်းစားရပါတယ်။ ဒါကြောင့် လက်ရှိအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Pre – Qualified ကာကွယ်ဆေးအဖြစ် သတ်မှတ်ထားတာ မရှိပါဘူး။ လက်ရှိမှာ မွေးကင်းစကနေ အသက် ၁၃ နှစ်အထိ မြန်မာနိုင်ငံမှာ ကလေးတွေကို ထိုးပေးတဲ့ ကာကွယ်ဆေး ၁၃ မျိုးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Pre – Qualified ကာကွယ်ဆေးတွေ ဖြစ်ပါတယ်။

သို့သော် ကိုဗစ် – ၁၉ ရောဂါနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Pre – Qualified ကာကွယ်ဆေးအဖြစ် သတ်မှတ်ထားတာ မရှိပေမယ့်၊ အရေးပေါ်အသုံးပြုခွင့်အဖြစ် သတ်မှတ်ပြီး ကာကွယ်ဆေးတွေကို ခွင့်ပြုတာတွေရှိပါတယ်။ Covax Facility ကနေ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးဖို့လိုတဲ့ နိုင်ငံတွေ၊ အလယ်အလတ်နိုင်ငံတွေပါဝင်တဲ့ နိုင်ငံပေါင်း ၁၉၀ ကို ကာကွယ်ဆေးတွေ ပေးပို့ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒါကြောင့် နံပါတ် (၁)အချက်အနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Eul List မှာပါဝင်တဲ့ ကာကွယ်ဆေးတွေကို မြန်မာနိုင်ငံမှာ ထိုးနှံပေးဖို့အတွက် ဆောင်ရွက်မှာဖြစ်ပါတယ်။

နံပါတ် (၂) အချက်အနေနဲ့ ကာကွယ်ဆေးထုတ်လုပ်တဲ့ နိုင်ငံကနေပြီး သူတို့ရဲ့နိုင်ငံမှာရှိတဲ့ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး အသိအမှတ်ပြုခွင့်ရှိတဲ့ အဖွဲ့အစည်းကနေပြီး အသုံးပြုခွင့် ပေးထားတဲ့ ကာကွယ်ဆေးတွေဆိုရင် မြန်မာနိုင်ငံမှာ အသုံးပြုပါမယ်။ ဒါကတစ်နည်းအားဖြင့် စိတ်ချရတဲ့ကာကွယ်ဆေးဖြစ်တယ်ဆိုတာကို သတ်မှတ်လို့ရပါတယ်။

နံပါတ် (၃) အချက်အနေနဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ FDA က အသုံးပြုခွင့်အပြည့်အဝမပေးပေမယ့်၊ သက်ဆိုင်ရာထုတ်လုပ်တဲ့နိုင်ငံမှာ အရေးပေါ်အသုံးပြုဖို့အတွက် လောလောဆယ် အသုံးပြုခွင့်ပေးတယ်ဆိုတဲ့ ကာကွယ်ဆေးတွေကိုလည်း အသုံးပြုခွင့်ပေးမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကိုယ့်နိုင်ငံရဲ့ FDA ကနေပြီး လိုအပ်တဲ့အချက်အလက်တွေ၊ စာရွက်စာတမ်းတွေ၊ စစ်ဆေးမှုတွေ ဆက်လုပ်မှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ပြီး မြန်မာနိုင်ငံ FDA က အတည်ပြုချက်ပေးမှသာ နိုင်ငံအတွင်းကို ကာကွယ်ဆေး တင်သွင်းခွင့်၊ အသုံးပြုခွင့်ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေကို ဘယ်လိုအချက်တွေနဲ့ ကိုက်ညီမှ ပြည်သူတွေကို ထိုးနှံပေးဖို့အတွက် ရွေးချယ်တာကို အများအနေနဲ့ ရှင်းပြီလို့ ထင်ပါတယ်။

ဒီနေရာမှာ ကျွန်မတို့ ဝယ်ယူထားတဲ့ကာကွယ်ဆေးတွေအနေနဲ့ အိန္ဒိယနိုင်ငံက ကာကွယ်ဆေး သန်း ၃၀ အနက် ၁၅ သန်းအတွက် ငွေပေးချေပြီးဖြစ်ပါတယ်။ သို့သော် နှစ်သန်းသာ ရရှိသေးပါတယ်။ သူတို့နိုင်ငံရဲ့ လက်ရှိအခြေအနေမှာ ကိုဗစ်ရောဂါ ဖြစ်ပွားမှုတွေက များနေတယ်။ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံထဲမှာပါတယ်။ ဖြစ်ပွားသေဆုံးမှုတွေကလည်း ရှိနေတဲ့အတွက်ကြောင့် သူတို့နိုင်ငံရဲ့ ရောဂါဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ဆောင်ရွက်နေရတဲ့အတွက်ကြောင့် ကာကွယ်ဆေးဝယ်ယူထားတဲ့ တခြားနိုင်ငံကိုပေးပို့ဖို့ အခက်အခဲရှိတဲ့အတွက်ကြောင့် ယာယီပိတ်ပင်ထားပေမယ့် သူတို့နိုင်ငံရဲ့ ဖြစ်ပွားမှုနဲ့သေဆုံးမှုက မေလနဲ့ နှိုင်းစာရင် အများကြီးကျဆင်းလာတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထားပါတယ်။ မကြာမီ အိန္ဒိယနိုင်ငံက ထိန်းချုပ်နိုင်တာနဲ့ တစ်ပြိုင်နက် ကာကွယ်ဆေးရောင်းချထားတဲ့နိုင်ငံတွေကို ကာကွယ်ဆေးတွေ တင်ပို့ဖို့ကိစ္စတွေ သူတို့ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ မြန်မာနိုင်ငံကလည်း ဦးစားပေးနိုင်ငံထဲမှာ ပါဝင်တဲ့အတွက် ကာကွယ်ဆေးတွေ မကြာမီ ရရှိနိုင်ဖွယ်ရှိပါတယ်။

ဒါ့အပြင် ဒီကာကွယ်ဆေးတွေကို အကြောင်းကြောင်းကြောင့် နောက်ကျရခြင်း မရှိရအောင်၊ ကိုယ့်နိုင်ငံသားတွေကို ကာကွယ်ဆေးအမြန်ဆုံးထိုးနှံနိုင်ဖို့အတွက် နောက်ထပ်အစီအစဉ်အနေနဲ့ တရုတ်နိုင်ငံကနေ ကာကွယ်ဆေးဝယ်ယူတာတွေ ရှိပါတယ်။ ရုရှားနိုင်ငံကလည်း ကာကွယ်ဆေးဝယ်ယူတာတွေ ရှိပါတယ်။ တရုတ်နိုင်ငံက ကာကွယ်ဆေး ၄ သန်း ဝယ်ယူထားပါတယ်။ sinovac ၂ သန်းနဲ့ sinopharm ၂ သန်း ဖြစ်ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံက အိမ်နီးချင်းနိုင်ငံ ချစ်ခင်ရင်းနှီးမှုရဲ့ ပြယုဂ်အဖြစ် နောက်ထပ် sinopharm ၂ သန်း လှူဒါန်းဖို့ရှိပါတယ်။ ဒါဆိုရင် တရုတ်နိုင်ငံက sinovac ကာကွယ်ဆေး ၂ သန်းနဲ့ sinopharm ကာကွယ်ဆေး ၄ သန်း မကြာမီ ရလာဖွယ်ရှိပါတယ်။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၈ မှ*
ဂျပန်ပြည် စစ်ပညာသင် ဘဝအတွေ့အကြုံများ၊ ခက်ခဲကြမ်းတမ်းခဲ့ပုံများကို တိုရှင်းထိမိသည့် အရေးအသား ဟန်တို့ဖြင့် စာရှုသူတို့မျက်စိတွင် ကွက်ကွက်ကွင်းကွင်း ရှင်းလင်း နားလည်အောင် ရေးသားထားသည်ကို ဤစာအုပ်တွင် တွေ့ရသည်။

တစ်ဖန် စစ်ပညာသင်ယူပြီး အမိမြေကို ပြန်လည်ခြေချမိသည့်အခါ ဂျပန်စစ်တက္ကသိုလ်မှ ဆင်းလာသော အရာရှိများဖြစ်သော်လည်း ဗမာ့တပ်မတော်ပြန်လည်ဖွဲ့စည်းရာတွင် အင်္ဂလိပ်တို့နှင့် ချုပ်ဆိုခဲ့သော ကန္ဒီစာချုပ်အရတပ်မတော်အရာရှိ ဦးရေကို ကန့်သတ်ထားသည့်အတွက် Waiting List အရ တပ်မတော်သို့ တပ်သားဘဝဖြင့်သာ ဝင်ရောက်နိုင်ရေး စောင့်ဆိုင်းရမည့် အခြေအနေ ဖြစ်ရာ ဖခင်ရင်ခွင်သို့ ခိုဝင်ရန် ဇာတိမြေဖြစ်သည့် ဖျာပုံသို့ ပြန်ခဲ့သည်။

**သုံးနှစ်သုံးမိုး စောင့်ဆိုင်းခဲ့ရ**

ထို့နောက်တွင် ငယ်စဉ်ကတည်းက စိတ်ဝင်စားခဲ့ရသူ မခင်စန်း(အများအခေါ် အန်တီစန်း)နှင့် မေတ္တာမျှခဲ့သည်။ လွတ်လပ်ရေးရမှ မိန်းမယူမည်ဟု သန္နိဋ္ဌာန်ချထားသည့်အတွက် ၁၉၄၅ ခုနှစ်တွင် တပ်ထဲသို့ပြန်လည်ဝင်ရောက်ခဲ့ရာ အန်တီစန်းသည် လက်ထပ်ရန် သုံးနှစ်သုံးမိုး စောင့်ဆိုင်းခဲ့ရသည်။

*(ဆက်လက်ဖော်ပြပါမည်)*


**စာရေးဆရာကြီး တင့်ဆွေ(ဖျာပုံ) (ဗိုလ်မှူးချုပ် တင့်ဆွေ)နှင့် တပ်မတော်မှ လုပ်ဖော်ကိုင်ဖက်များ။**


**စာရေးဆရာကြီး တင့်ဆွေ(ဖျာပုံ) (ဗိုလ်မှူးချုပ် တင့်ဆွေ)နှင့် ဝန်ကြီးအဖွဲ့ဝင်များ။**

*စာမျက်နှာ ၉ မှ*
ဒီလစတုတ္ထပတ်ထဲမှာ sinovac ကာကွယ်ဆေး ၁ သန်းရောက်ရှိဖွယ်ရှိပြီး ဩဂုတ်လ ၆ ရက်၊ ၇ ရက် ပထမပတ်ထဲမှာ နောက်ထပ်ကာကွယ်ဆေး ၃ သန်း ရောက်ရှိဖွယ်ရှိပါတယ်။ ဒါ့အပြင် ဩဂုတ်လ မကုန်ခင်မှာ နောက်ထပ် ကာကွယ်ဆေး ၂ သန်းရရှိဖွယ်ရှိတဲ့အတွက် ဒီလနဲ့ ရှေ့လအတွင်းမှာ ကာကွယ်ဆေး ၆ သန်း ရောက်ရှိနိုင်ဖွယ်ရှိတဲ့အတွက် ရရှိပြီဆိုတာနဲ့ ဦးစားပေးထိုးနှံရမယ့် လူအုပ်စုတွေကို အမြန်ဆုံးထိုးနှံဖို့လည်း အစီအစဉ်တွေ ရေးဆွဲထားပြီးဖြစ်ပါတယ်။

ဒါ့အပြင် ရုရှားနိုင်ငံကနေ Sputnik V နဲ့ Sputnik Light ကာကွယ်ဆေးတွေကို ဝယ်ယူထားတာရှိပါတယ်။ ရုရှားနိုင်ငံကလည်း အခုလောလောဆယ်မှာ သူတို့နိုင်ငံမှာလည်း ရောဂါဖြစ်ပွားမှုတွေကို ထိန်းချုပ်နေရတဲ့အတွက် ကာကွယ်ဆေးတွေကို သူတို့အနေနဲ့အမြန်ဆုံး ပေးပို့နိုင်ဖို့ ဆောင်ရွက်မယ်လို့ ယုံကြည်ပါတယ်။ မကြာမီအချိန်အတွင်းမှာ ရရှိနိုင်ဖွယ်ရှိပါတယ်။ Sputnik V က အခုလက်ရှိမှာ နိုင်ငံပေါင်း ၆၀ ကျော်မှာ အသုံးပြုနေပါတယ်။ လက်ရှိမှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ အရေးပေါ်အသုံးပြုနိုင်တဲ့ ကာကွယ်ဆေးစာရင်းထဲမှာပါဝင်ဖို့ ကိစ္စရပ်တွေ ဆောင်ရွက်နေပါတယ်။

Sputnik Light က တစ်ကြိမ်ပဲ ထိုးရတဲ့ကာကွယ်ဆေး ဖြစ်ပါတယ်။ တစ်ကြိမ်တည်း ထိုးရပေမယ့် ကာကွယ်ဆေးရဲ့ အာနိသင်က ၉၂ ရာခိုင်နှုန်းလောက်ရှိတယ်။ သို့သော် Clinical Trials Phase တွေ ပြီးဆုံးအောင် ဆောင်ရွက်နေဆဲကာလဖြစ်တဲ့အတွက်ကြောင့် ရုရှားအနေနဲ့ Approved ဖြစ်ပြီးပြီဆိုရင် ဒါကိုတခြားနိုင်ငံတွေကို ရောင်းချနိုင်ဖွယ် ရှိပါတယ်။

၂၀၂၁ ခုနှစ်မကုန်ခင်မှာ ကာကွယ်ဆေးထိုးနှံဖို့ အကျုံးဝင်တဲ့ အသက် ၁၈ နှစ်အထက် လူဦးရေ ၃၈ ဒသမ ၃ သန်းရဲ့ ထက်ဝက် ၅၀ ရာခိုင်နှုန်း သန်း ၂၀ လောက်ကို ကျွန်မတို့ ကာကွယ်ဆေးထိုးပေးဖို့ ရည်မှန်းထားတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ပြည်သူလူထုကို ကာကွယ်ဆေးတွေ အခမဲ့ထိုးနှံပေးဖို့ စီစဉ်တာနဲ့ တစ်ပြိုင်နက်တည်းမှာ ပုဂ္ဂလိက ကဏ္ဍကလည်း ကာကွယ်ဆေးတွေကို ဝယ်ယူတင်သွင်းဖြန့်ချိပြီး ငွေကြေးအသင့်အတင့် တတ်နိုင်တဲ့သူတွေ (ကာကွယ်ဆေးက ထိုးထားချင်တယ်၊ သို့သော် ဦးစားပေးအုပ်စုထဲမှာ မပါသေးဘူး။ စောင့်နေရမှာစိုးတဲ့အတွက် လောလောဆယ် ကာကွယ်ဆေးထိုးထားချင်တယ်၊ ကာကွယ်ချင်တယ်ဆိုရင်) ပုဂ္ဂလိကကဏ္ဍက တင်သွင်းဖြန့်ချိတဲ့ ကာကွယ်ဆေးတွေကို ထိုးနှံဖို့အတွက် မတ်လထဲက ပုဂ္ဂလိက ကဏ္ဍ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ဖို့ ကာကွယ်ဆေးတွေကို တင်သွင်းဖြန့်ချိခွင့်ပြုဖို့ ကိစ္စတွေကိုလည်း ခွင့်ပြုထားပြီးဖြစ်ပါတယ်။ တချို့ကုမ္ပဏီတွေလည်း ခွင့်ပြုချက်ရရှိပြီး ကာကွယ်ဆေးတွေ ထိုးနှံဖို့အတွက် Pre Order မှာတဲ့ ကိစ္စတွေကိုလည်း ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် အခုကျွန်မတို့ ဝယ်ယူထားတဲ့ ကာကွယ်ဆေးတွေ၊ ပုဂ္ဂလိက ကဏ္ဍတွေအပြင် Covax Facility ကလည်း ကာကွယ်ဆေးတွေ ရရှိဖို့အတွက် ဆောင်ရွက်နေပါတယ်။ Covax Facility ဆိုတာက WHO ကနေ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး အားလုံးတန်းတူညီတူရရှိဖို့ ဆောင်ရွက်ထားတဲ့ အဖွဲ့ဖြစ်ပါတယ်။ Covax Facility ကနေ Global Alliance for Vaccine နဲ့ပူးပေါင်းပြီး ကာကွယ်ဆေးတွေ ရရှိဖို့ ဆောင်ရွက်လျက် ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အခုဆိုရင် ကမ္ဘာ့နိုင်ငံ ၁၉၀ ကို ကာကွယ်ဆေးတွေ ပေးပို့ဖို့ရှိပါတယ်။ လက်ရှိ အနေအထားအရ ၁၃၄ နိုင်ငံကို ပေးပို့ထားပြီးဖြစ်ပါတယ်။ ဇူလိုင်လ ၂ ရက်မှာ Covax Facility အဖွဲ့အစည်းရဲ့ ထုတ်ပြန်ချက်အရ ပြောရခြင်းဖြစ်ပါတယ်။ ၁၃၄ နိုင်ငံကို ကာကွယ်ဆေး ၉၅ သန်း ဖြန့်ဖြူးထားပြီး ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံလည်း မကြာမီအချိန်အတောအတွင်းမှာ Covax Facility ကနေ ကာကွယ်ဆေးတွေ ရောက်ရှိနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဇူလိုင်လ ၇ ရက် မီဒီယာတွေ့ဆုံပွဲမှာ ပြောကြားသွားတာရှိပါတယ်။ လက်ရှိအနေအထားအရ စက်တင်ဘာလ အကုန်မှာ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအားလုံးရဲ့ လူဦးရေ ၁၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် အရေးကြီးပါတယ်။ ၂၀၂၁ ခုနှစ် နှစ်ကုန်မှာဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေရဲ့ လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးပြီးဖို့ လိုအပ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်လယ်မှာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးထားခြင်းဖြင့် ကျွန်မတို့သည် ကိုဗစ်-၁၉ ကို ကြောက်စရာမလိုဘဲ ပုံမှန်အတိုင်း လည်ပတ်နိုင်တဲ့ အခြေအနေမျိုးကို ရောက်ရှိဖို့ လိုအပ်ပါတယ်လို့ ပြောထားတာ ရှိပါတယ်။

အခု ဒီလပိုင်း၊ ဒီတစ်ပတ်အတွင်းမှာ ကိုဗစ်-၁၉ ရောဂါတွေ ဖြစ်ပွားမှုတွေက တိုးတက်နေပါတယ်။ ဘာကြောင့်လဲဆိုတာနဲ့ ပတ်သက်ပြီး WHO က တွေ့ရှိချက် ၄ ချက်ကို ထုတ်ပြန်ထားပါတယ်။ နံပါတ် ၁ က Variants တွေဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကို ဖြစ်စေတဲ့ SARS-CoV-2 ဗိုင်းရပ်စ်က မျိုးကွဲတွေ ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် ကမ္ဘာပေါ်မှာ ရောဂါကူးစက်မှုတွေက ပြန်ပြီးမြင့်တက်လာခြင်းဖြစ်သလို အချို့နေရာတွေမှာဆိုရင် အတော့်ကို အရှိန်အဟုန်နဲ့ ရောဂါဖြစ်ပွားမှုတွေ သေဆုံးမှုတွေ များလာရခြင်းဖြစ်ပါတယ်။ Variants က အခုရောဂါဖြစ်ပွားမှုမြင့်တက်နေရခြင်းရဲ့ ပထမဦးဆုံးအရင်းခံ အကြောင်းရင်း ဖြစ်ပါတယ်။

နံပါတ် (၂) အချက်က အခုဆိုရင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားတာ တစ်နှစ်ခွဲလောက်ရှိပါပြီ။ လူတွေက ငြီးငွေ့လာကြပြီ။ ဒါနဲ့ပတ်သက်ရင် လူတွေက လွတ်လွတ်လပ်လပ် မနေရဘူး။ စိတ်သောကနဲ့နေရတဲ့အခါ လူတွေက အပြင်ထွက်လာချင်တယ်။ တစ်ယောက်နဲ့ တစ်ယောက်က ထိတွေ့မှုတွေ များလာတယ်။ အဲဒီအခါ လူတစ်ယောက်က ပိုးရှိရင် သူနဲ့ထိတွေ့တဲ့ Contact Person က များလာပါတယ်။ ဒီ Contact Person က သူတို့ရဲ့ မိသားစုဝင်တွေနဲ့ ထပ်ပြီးထိတွေ့မှုတွေ ဖြစ်ပြီး ကူးစက်မှုတွေက များလာရခြင်းဖြစ်ပါတယ်။ ဒါကြောင့် လူမှုရေးအရ ထိတွေ့မှုတွေ များလာတာကလည်း အခုကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုရဲ့ ဒုတိယလက်သည်ဖြစ်ပါတယ်။

တတိယလက်သည်က လူတွေကကြာလာတော့ ကိုဗစ် - ၁၉ ကို ယဉ်ပါးသလိုဖြစ်လာပြီး သူ့ရဲ့ ဘေးဥပဒ်ဖြစ်နိုင်မှု၊ အန္တရာယ်ပေးနိုင်မှုကို လျှော့တွက်လာကြပါတယ်။ ကိုဗစ် - ၁၉ရဲ့ စည်းကမ်းချက်တွေဖြစ်တဲ့ ပါးစပ်နှာခေါင်းစည်းတပ်တာ၊ လက်ဆေးတာ၊ လူအုပ်စုတွေကို ရှောင်တာ၊ ချောင်းဆိုး၊ နှာချေရင် အုပ်ပြီးချောင်းဆိုး၊ နှာချေလုပ်ရမယ်ဆိုတာတွေကို မလိုက်နာတာ၊ လေကောင်းလေသန့် ရတဲ့နေရာတွေမှာ မနေဘဲ အခန်းကျဉ်းတွေ အလုံပိတ်တဲ့နေရာမှာ စုဝေးကြတာ၊ ကာကွယ်ဆေးထိုးဖို့အတွက် အခွင့်အရေးရပေမယ့် အချို့ဆိုရင် အယူအဆမှားတွေ၊ အတွေးအခေါ်မှားတွေ၊ သတင်းအမှားတွေကြောင့် ကာကွယ်ဆေးထိုးနှံဖို့ ပျက်ကွက်တာတွေ ရှိပါတယ်။ အဲဒီအခါ ကိုဗစ်-၁၉ စည်းကမ်းချက်တွေကို လိုက်နာဖို့ပျက်ကွက်တဲ့အခါ ရောဂါဖြစ်ပွားမှုတွေက မြင့်တက်လာတာရှိပါတယ်။ ဒါကတတိယအချက်ဖြစ်ပါတယ်။

စတုတ္ထအချက်နဲ့ အရေးအကြီးဆုံးက ကာကွယ်ဆေးရရှိမှု မညီမျှမှုပဲ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ချမ်းသာတဲ့နိုင်ငံတွေက သူ့နိုင်ငံလူဦးရေရဲ့ နှစ်ဆလောက်ပိုလျှံအောင် ကာကွယ်ဆေးတွေ ဝယ်ယူထားနိုင်တဲ့ အခြေအနေမှာ ဖွံ့ဖြိုးဖို့လိုအပ်တဲ့၊ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ တိုင်းပြည်တွေက ကာကွယ်ဆေးရရှိမှုမှာ အခက်အခဲရှိပါတယ်။ ကာကွယ်ဆေးရဲ့ ထုတ်လုပ်နိုင်စွမ်းနဲ့ ကာကွယ်ဆေးရဲ့ လိုအပ်ချက်၊ ဝယ်လိုအားက မမျှတပါဘူး။ ထုတ်နိုင်စွမ်းက နည်းပါတယ်။

အဲဒီအခါ ချမ်းသာတဲ့နိုင်ငံတွေက အလုအယက်နဲ့ ကာကွယ်ဆေးကို လိုတာထက်ပိုပြီး အမျိုးအစား အများကြီးဝယ်ယူထားတဲ့အချိန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဖွံ့ဖြိုးဖို့လိုအပ်တဲ့ နိုင်ငံတွေက ကာကွယ်ဆေးရဖို့မှာ အတားအဆီးဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ဖွံ့ဖြိုးမှုလိုအပ်တဲ့ နိုင်ငံတွေမှာ တစ်ရာခိုင်နှုန်းတောင် ကာကွယ်ဆေးရရှိနိုင်မှု မရှိပါဘူး။ တစ်ရာခိုင်နှုန်းဆိုတာ ကာကွယ်ဆေး တစ်ကြိမ်ကို ပြောခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးအပြည့်အဝကို ပြောခြင်းမဟုတ်ပါဘူး။

ဒီလောက်တောင်မှ ရရှိမှုအားနည်းနေတဲ့အချိန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးမှုလိုအပ်တဲ့ နိုင်ငံတွေမှာ ကိုဗစ်-၁၉ ကြောင့် ရောဂါဖြစ်ပွားမှု၊ ဒီလိုဖြစ်ပွားတဲ့အခါမှာ အသက်ကြီးတဲ့သူတွေ၊ ရောဂါနောက်ခံရှိတဲ့သူတွေမှာ ရောဂါပိုးကူးစက်ခံရပြီဆိုရင် သေဆုံးမှုကပါ နောက်ကတစ်ပါတည်း လိုက်ပါတယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါဆိုရင် ကာကွယ်ဆေးဟာ ဘယ်လောက်အထိ အရေးပါတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေကို လိုက်နာဖို့ဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတာကို သတိပြုမိမယ် ထင်ပါတယ်။

ကျွန်မတို့ နိုင်ငံအနေနဲ့လည်း ရှိတဲ့စွမ်းပကားနဲ့ ကိုယ့်ပြည်သူပြည်သားတွေကို ကာကွယ်ဆေးတွေ အလျင်အမြန်ရရှိနိုင်ဖို့၊ စိတ်ချရတဲ့ အရည်အသွေးမြင့်တဲ့ ကာကွယ်ဆေးတွေကို ထိုးနှံပေးနိုင်ဖို့အတွက် အဘက်ဘက်က ကြိုးစားလုပ်ဆောင်နေတဲ့အတွက် ကာကွယ်ဆေးတွေ မကြာမီ ရရှိလာရင် ထိုးနှံဖို့အခွင့်အရေးရရှိမယ်ဆိုရင် အမြန်ဆုံးထိုးနှံဖို့ လိုအပ်ပါတယ်။ စောင့်ရတဲ့လူတွေ အနေနဲ့လည်း စိတ်ရှည်လက်ရှည် စောင့်ဆိုင်းပြီး ကာကွယ်ဆေးရဲ့ အာနိသင်ကိုလည်း မကြာမတင် ရရှိမယ်။ ကာကွယ်ဆေး မရခင်ကာလမှာလည်း ကိုဗစ်-၁၉ စည်းကမ်းချက်တွေကို လိုက်နာမယ်ဆိုရင် ကိုဗစ်-၁၉ ကြောင့် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုကနေ အများကြီးကာကွယ်နိုင်မယ်ဆိုတာကို ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

*❂ ကျောဖုံးမှ*

အများပြည်သူအလုပ် ပိတ်ရက်ရှည်အဖြစ် သတ်မှတ်ထားသည့် ကာလအတွင်း၌လည်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများသည် ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဇူလိုင် ၂၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Generator ၃၇ လုံး အပါအဝင် မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ချင်းရွှေဟော်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည်(Bowser) ယာဉ် သုံးစီးဖြင့် ၅၈ တန်၊ အောက်ဆီဂျင် အရည် (အိုးဖြင့်) ၅၇ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၈၄၈ ခု၊ နှာခေါင်းစည်း (Mask) တန် ၃၀ တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၅ ခုမှ ယာဉ်စီးရေ ၄၁ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် ထိုင်းနိုင်ငံဘက်မှ မြဝတီကုန်သွယ်ရေးဇုန်၊ တရုတ်နိုင်ငံဘက်မှ မူဆယ်ကုန်သွယ်ရေးဇုန်တို့မှ အများဆုံးတင်သွင်းနိုင်ခဲ့ပြီး နိုင်ငံတော်မှ ရောဂါထိန်းချုပ်မှုအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ဇူလိုင် ၁၂ ရက်မှ ၂၁ ရက်အထိ မော်တော်ယာဉ် ၂၅၄ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser)ယာဉ်ဖြင့် ၃၈၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) တန် ၁၇၀၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၆၂ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၇၄၀၉ ခု၊ Test Kit ၁၃၄၅၀၀၊ နှာခေါင်းစည်း (Mask) တန် ၄၅၀ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအား အဆက်မပြတ် တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် တင်သွင်းရာတွင်လည်း ကြန့်ကြာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်များ တင်သွင်းလာစဉ်။



ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်အိုးများကို တွေ့ရစဉ်။



နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုမှ အောက်ဆီဂျင်အရည်များ တင်သွင်းလာစဉ်။

# မြဝတီနယ်စပ်မှတစ်ဆင့် ဝယ်ယူတင်သွင်းသည့် အောက်ဆီဂျင်အရည် တန် ၂၀ သယ်ဆောင်လာသည့် မော်တော်ယာဉ် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိ

မန္တလေး ဇူလိုင် ၂၁

**မြဝတီနယ်စပ်မှတစ်ဆင့် ဝယ်ယူတင်သွင်းသည့် အောက်ဆီဂျင်အရည် တန် ၂၀ သယ်ဆောင်လာသည့် မော်တော်ယာဉ်သည် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ရောက်ရှိခဲ့ကြောင်း သိရသည်။**

"ပြည်သူ့ ကျန်းမာရေးနဲ့ မန္တလေး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေးကော်မတီရဲ့ အစီအစဉ်နဲ့ မန္တလေးဆေးရုံကြီးကို အောက်ဆီဂျင်အရည် ရောက်တာ အခုက ဒုတိယအကြိမ် ဖြစ်ပါတယ်။ တန် ၂၀ ပါ ပါတယ်။ လက်ရှိ ဆေးရုံကြီးမှာ အောက်ဆီဂျင်အရည်တန်က ၂၁ တန်ဆံ့ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၁၇ ရက်က ထည့်ထားတာကလည်း သုံးနေဆဲဖြစ်ပါတယ်။ ၆ တန်ခွဲလောက် ကျန်ပါသေးတယ်။ ဒါက တန် ၂၀ ဆိုတော့ ဒါကိုဖြည့်နေရင်းနဲ့ ကိုဗစ်လူနာတွေကို တောက်လျှောက် အောက်ဆီဂျင်လွှတ်ပေးပြီး ကုသမှုမပြတ်ဖြည့်သွားမှာ ဖြစ်ပါတယ်" ဟု မန္တလေး အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ သက်အောင်က ပြောသည်။

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် အောက်ဆီဂျင် အသုံးပြု ကုသပေးနေရသော ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ ၁၆၀ ကျော်ရှိပြီး လက်ရှိအနေအထားအရ မန္တလေးအထွေထွေ ရောဂါကု ဆေးရုံကြီးတွင် Cartegories C ဟုခေါ်သော အောက်ဆီဂျင် အဆက်မပြတ်ပေးပြီး အထူးဂရုစိုက်ရသည့် ကိုဗစ်လူနာများကိုသာ လက်ခံကုသပေးနေသည့်အတွက် တစ်နေ့ ကိုဗစ်လူနာတစ်ဦးလျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ဆလင်ဒါ အလုံး ၂၀ မှ ၂၆ လုံးအထိ အသုံးပြုပေးနေရကြောင်း သိရသည်။

"ပထမအဆင့်ကတော့ ဆေးရုံမှာ တက်ရောက်ကုသနေတဲ့ ကိုဗစ်လူနာတွေကို အောက်ဆီဂျင်ကို မပူမပင်ဘဲ အပြည့်ဝရအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအဆင့်ကို ကျော်ပြီး ဆေးရုံမှာ သိုလှောင်ထားနိုင်တဲ့ အဆင့်ရောက်ပြီဆိုရင် အောက်ဆီဂျင်အရည်ကနေ ဆလင်ဒါကိုဖြည့်တဲ့ စနစ်တစ်ခု ရှိပါတယ်။ အဲဒီစနစ်ကတော့ Filling Unit ကို တပ်ပြီး အောက်ဆီဂျင်လိုအပ်နေတဲ့ ဌာနတွေ တခြားဆေးရုံတွေကို ပံ့ပိုးပေးသွားဖို့ စီစဉ်ထားပါတယ်"ဟု မန္တလေး အထွေထွေရောဂါကု ဆေးရုံအုပ်ကြီးကဆက်ပြောသည်။

ဇူလိုင် ၁၇ ရက်တွင်လည်း မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အောက်ဆီဂျင် အရည် တန်ချိန် ၂၆ တန်ကို ပြည်သူ့ကျန်းမာရေးနှင့် မန္တလေး မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေး ကော်မတီက ဝယ်ယူတင်သွင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

လတ်တလော ကိုဗစ်-၁၉ ကုသရေးတွင် လိုအပ်လျက်ရှိသည့် Oxygen Concentrator များ တင်သွင်းမှုအတွက် FDA ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုအပ်သည့်အပြင် အကောက်ခွန်သုံးရာခိုင်နှုန်းအတွက် လည်း လက်ငင်းပေးဆောင်ရန် မလိုဘဲ ကြိုတင်ထုတ်ယူနိုင်ရန် ဖြေလျှော့ခွင့်ပြုပေးထားကြောင်း၊ နယ်စပ်စခန်းများမှတစ်ဆင့် ပြည်တွင်းသို့ ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ အောက်ဆီဂျင် (အရည်) လီတာ ၄၉ သန်း၊ အိမ်သုံး Oxygen Concentrator ၆၅၀၅ ခု၊ နှာခေါင်းစည်း ၂၉၀ တန် တင်သွင်းနိုင်ခဲ့ကြောင်းလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

**ထိပ်ထားနိုင်**

*❍ ကျောဖုံးမှ*

အသက် ၂၅ နှစ်အရွယ် ဆားဘီးယားကစားသမား ဂရူဂျစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် ပေါ်တိုအသင်း၌ အငှားကစားခဲ့သူဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရှစ်ပွဲအပါအဝင် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၆ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်ကာ နှစ်ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ ဂရူဂျစ်သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် နည်းပြ ကလော့ပ် ပထမဆုံးခေါ်ယူသည့် ကစားသမားတစ်ဦး ဖြစ်သည်။ သို့သော်လည်း ၂၀၁၇ ခုနှစ်နောက်ပိုင်းတွင် ကာဒစ်၊ ဟာသာဘာလင်၊ ပေါ်တိုအသင်းတို့သို့ အငှားစေလွှတ်ခံခဲ့ရသည်။

အသက် ၂၃ နှစ်အရွယ် နိုင်ဂျီရီးယားကစားသမား အယိုနီရီသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ဂျာမန် ကလပ် ယူနီယံ ဘာလင်အသင်းတွင် အငှားကစားခဲ့သူဖြစ်ပြီး ၂၂ ပွဲ ပါဝင်ကစားထားကာ ငါးဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ ၎င်းသည် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သော်လည်း ဖရန့်ဖတ်၊ ဂျန့်၊ မိန့်ဇ်၊ ယူနီယံ ဘာလင်အသင်းတို့သို့ အငှားစေလွှတ်ခံခဲ့ရသည်။

လီဗာပူးအသင်းသည် ကစားသမားခေါ်ယူမှုအဖြစ် ဘွန်ဒက်စ်လီဂါကလပ် လိုက်ပ်ဇစ်အသင်းမှ ကိုနာတေးကို ခေါ်ယူထားသည်။ ၎င်းသည် လိုက်ပ်ဇစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၉၅ ပွဲ ပါဝင်ကစားထားကာ လေးဂိုး သွင်းယူပေးထားနိုင်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရပြီး ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၃) နေရာဖြင့်သာ ရပ်တည်နိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ယခုနှစ်ရာသီအကြို ခြေစမ်းပွဲစဉ်အဖြစ် စတုဂတ်အသင်းနှင့် ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်။

**အောင်ဇော်**

# ရှမ်းပြည်နယ် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး ဇူလိုင် ၂၁**

ရှမ်းပြည်နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီ က တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။ (ယာပုံ)



**အောက်ဆီဂျင်များ ဖြည့်ဆည်းနိုင်ရေး**

ရှမ်းပြည်နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း က ကိုဗစ်- ၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားသည့် ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် များတွင် ၂၀၂၁ ခုနှစ် ဇွန် ၁ ရက်မှစ၍ ရောဂါကူးစက် ပျံ့နှံ့မှု များပြားလာပြီး ယနေ့အထိ ရောဂါပိုး ကူးစက်သူ ၉၉၇၉ ဦး ကူးစက်ပျံ့နှံ့ခဲ့ပြီး ရောဂါပိုး ပြန်လည်ကင်းစင်လာသူ ၄၂၉၅ ဦး သေဆုံးသူ ၂၁၁ ဦးရှိကြောင်း၊ ကျန်ရှိသည့် ရောဂါပိုးတွေ့ အတည်ပြုလူနာ ၅၄၇၃ ဦးအား သက်ဆိုင်ရာမြို့နယ် များရှိ ပြည်သူ့ဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ် အတွင်း လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်များ အား ဖြည့်ဆည်းနိုင်ရေးအတွက် ရှမ်းပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီမှ တောင်ကြီးမြို့ တွင် Mobile Oxygen Plant တစ်ခုနှင့် အောက်ဆီဂျင် လီတာ ၄၀ အိုး အလုံး ၁၀၀ ဝယ်ယူရေး ဆောင်ရွက်ထား ရှိရာ ၃၅ လုံးရရှိပြီး ဖြစ်ပါကြောင်း၊ လွိုင်လင်၊ နမ့်စန်မြို့တွင်လည်း Oxygen Plant တစ်လုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နှင့် ရှမ်း ပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့များတွင်လည်း Oxygen Plant များ တပ်ဆင်ရေး စီစဉ်ဆောင်ရွက် ထားရှိပြီးဖြစ်ကြောင်း၊ အလားတူ Oxygen Plant များအား ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တွင် ရှမ်းတောင်ပရဟိတလူမှုကွန်ရက်(တောင်ကြီး) မှ ဖာမွန်းကျေးရွာရှိ သဲအင်းဂူကျောင်းတိုက် တွင် Oxygen Plant တစ်ခုအားလည်းကောင်း၊ ရှမ်း ပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ လောက်ကိုင်၊ ကျောက်မဲမြို့နှင့် မိုးမိတ်မြို့များတွင် Oxygen Plant လေးခုအား လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့များတွင် Oxygen Plant နှစ်ခုအား လည်းကောင်း၊ အသီးသီးတပ်ဆင် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပြီး တောင်ကြီးမြို့ နိုင်ငံရေးဆိုင်နှင့် နိုင်ငံခြားငွေ လဲလှယ်ရေးမိသားစုက တစ်ရက်လျှင် ၁၅ လီတာ အောက်ဆီဂျင်အိုး အလုံး ၂၀၀ ထုတ်လုပ်ပေးနိုင်သော Oxygen Mobile Plant အား လှူဒါန်းပေးသွားမည် ဖြစ်ပြီး ဩဂုတ်လ ပထမပတ်တွင် တောင်ကြီးမြို့သို့ ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ကိုဗစ် – ၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားသည့်ကာလ အတွင်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် Community Bassed Facility Quarantine Center စုစုပေါင်း ၁၆၁ ခု ဖွင့်လှစ်၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များ၊ အထောက်အကူပြုအဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ စုစုပေါင်း အင်အား ၁၅၈၁ ဦးနှင့် ပရဟိတအသင်းအဖွဲ့ ၁၆၉ ဖွဲ့မှ အင်အား ၁၈၄၆ ဦး စုစုပေါင်း ၃၄၂၇ ဦး တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ပြောကြား သည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြပြီး ကိုဗစ် –၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ငွေရည်ပုလဲကုမ္ပဏီ မှ Oxygen Plant တစ်လုံးနှင့် ငွေကျပ်သိန်း ၂၀၀၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ PPE နှင့် နှာခေါင်း စည်းတို့ကို ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ် စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ပြီး ရှမ်းပြည်နယ် ကိုဗစ် – ၁၉ ထိန်းချုပ် ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နိဂုံးချုပ် ပြောကြားခဲ့ ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဘဏ္ဍာငွေ၊ လှူဒါန်းငွေရရှိရေးနှင့် ရိက္ခာစုဆောင်းဖြန့်ဝေရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ ဇူလိုင် ၂၁

**ရခိုင်ပြည်နယ်အတွင်း ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဘဏ္ဍာငွေ၊ လှူဒါန်းငွေရရှိရေးနှင့် ရိက္ခာစုဆောင်းဖြန့်ဝေရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အပေါ်ပုံ)

အစည်းအဝေးတွင် ပြည်နယ်ဘဏ္ဍာငွေ၊ လှူဒါန်း ငွေရရှိရေးနှင့် ရိက္ခာစုဆောင်းဖြန့်ဝေရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် (၂) ဦးစံရွှေမောင်က ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ လူမှုရေးအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ အောက် ဆီဂျင်ပြတ်လပ်မှု မရှိစေရေးအတွက် နည်းလမ်းမျိုးစုံ ဖြင့် ဆောင်ရွက်နေမှု၊ Quarantine Center များ စီစဉ်ဆောင်ရွက်နေမှုနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပြည်သူများစုပေါင်း၍ အောက် ဆီဂျင်စက်ရုံများ တပ်ဆင်ဆောင်ရွက်လျက်ရှိသော မြို့နယ်များကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ငွေကျပ် သိန်း ၁၀၀ စီ ထောက်ပံ့ပေးသွားမည့်အခြေ အနေများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ယခင်အစည်းအဝေးများတွင် အလှူငွေများ လက်ခံ ရရှိထားမှုအခြေအနေနှင့် လုပ်ငန်းရှင်များမှ အလှူငွေ ထည့်ဝင်လာစေရေး နှိုးဆော်ပေးနေမှု တို့ကိုရှင်းလင်း တင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကုန်သည်နှင့် လုပ်ငန်းရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းပေးမည့်အခြေအနေ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ နှင့် မြို့နယ်များတွင် အောက်ဆီဂျင်စက်ရုံများ တည်ဆောက်ရာ၌ အလှူငွေများ ထည့်ဝင်ပေးနေမှု အခြေအနေများကို အကြံပြုဆွေးနွေးတင်ပြကြ သည်။

တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ် ရေး ကောင်စီအဖွဲ့ဝင်(၂)က ပေါင်းစပ်ညှိနှိုင်းပေး ကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ဆီဂျင်ဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ တွင် အောက်ဆီဂျင် လိုအပ်ချက် များကို အထောက်အကူဖြစ်စေရန် အတွက် မြန်မာစီးပွားရေးကော်ပို ရေးရှင်း စက်ရုံများမှ ထုတ်လုပ် သော အောက်ဆီဂျင်ဓာတ်ငွေ့များ အား သက်ဆိုင်ရာ နယ်မြေဒေသ အသီးသီးရှိ ဆေးရုံများနှင့် ကိုဗစ် ကုသရေးစင်တာများသို့ နေ့စဉ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရ သည်။

**စွမ်းအင်မြှင့်တင်ဆောင်ရွက်**

ယခုအခါ ကိုဗစ်– ၁၉ ရောဂါ ကုသရေး လုပ်ငန်းစဉ်များတွင် အသုံးပြုရန် လိုအပ်သော အောက် ဆီဂျင်ဓာတ်ငွေ့များ တိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံ အသီးသီးရှိ အောက်ဆီဂျင် ဓာတ်ငွေ့ ထုတ်လုပ်နိုင်သော စက်များအား စွမ်းအားမြှင့်တင် ဆောင်ရွက်ခဲ့ရာ အောက်ဆီဂျင် နှင့် မီးသတ်ဆေးဘူးစက်ရုံ (မင်းဓမ္မ)၊ အမှတ်(၂) သံမဏိစက်ရုံ (မြောင်းတကာ)၊ အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)၊ သဘော်ဖျက် စက်ရုံ (သီလဝါ) တို့မှ နေ့စဉ် အောက်ဆီဂျင် လီတာ ၄၀ ဝင် ဓာတ်ငွေ့အိုး ၂၀၀၀ ခန့်နှင့် ဓာတ်ငွေ့စက်ရုံ (မန္တလေး) မှ နေ့စဉ် အောက်ဆီဂျင် လီတာ ၄၀ ဝင် ဓာတ်ငွေ့အိုး ၅၀၀ ခန့် ထုတ်လုပ်ပေးခဲ့ပြီး နေ့စဉ်အောက် ဆီဂျင် ကုဗပေ စုစုပေါင်း ၄၉၈၂၀၀ လီတာ ၄၀ ဝင် အောက်ဆီဂျင် ဓာတ်ငွေ့အိုး ၂၅၀၀ လုံးခန့်အား သက်ဆိုင်ရာ နယ်မြေဒေသ အသီးသီးရှိ အောက်ဆီဂျင်လိုအပ် ချက်ရှိသော ပြည်သူ့ဆေးရုံများ၊ တပ်မတော် ဆေးရုံများနှင့် ကိုဗစ် ကုသရေးစင်တာများသို့ ပိတ်ရက် မရှိ နေ့စဉ် ၂၄ နာရီပတ်လုံး ဖြည့်သွင်း ဖြန့်ဖြူးပေးလျက်ရှိ ကြောင်း သိရသည်။

**ပိုမိုတိုးမြှင့် ဖြန့်ဖြူးပေး**

ယခုအခါ အောက်ဆီဂျင် ဓာတ်ငွေ့ လိုအပ်ချက် ထပ်မံ ဖြည့်ဆည်းပေးနိုင်ရန် ပြည်ပမှ မှာယူထားသော လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုးအသစ် အလုံး ၅၀၀ မှာ အောက်ဆီဂျင်စက်ရုံ (မင်းဓမ္မ)သို့ ရောက်ရှိခဲ့ပြီးဖြစ်၍ ပြည်သူ့ဆေးရုံများ၊ ကိုဗစ် ကုသ ရေး စင်တာများနှင့် ပုဂ္ဂလိက လိုအပ်ချက်များသို့ ပိုမိုတိုးမြှင့် ဖြန့်ဖြူးပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တရုတ်နိုင်ငံ ဟီနန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် သေဆုံးသူ ၂၅ ဦးအထိရှိလာ

ဟီနန် ဇူလိုင် ၂၁

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ သေဆုံးသူ ၂၅ ဦးအထိ ရှိလာကြောင်းနှင့် ခုနစ်ဦးမှာ ပျောက်ဆုံးနေကြောင်း ဒေသအာဏာပိုင်များက သတင်းစာရှင်းလင်းပွဲတွင် ဇူလိုင် ၂၁ ရက်က ပြောကြားလိုက်သည်။

ဇူလိုင် ၁၆ ရက်ကတည်းက စတင်ကာ လူပေါင်း ၁ ဒသမ ၂၄ သန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘေးဒုက္ခရောက်ခဲ့ပြီး ၁၆၄၇၁၀ မှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ဟီနန်ပြည်နယ်ဆိုင်ရာ ရေဘေးနှင့် မိုးခေါင်ရေရှား လျော့ပါးသက်သာရေးဆိုင်ရာ ဌာနချုပ်၏ ညွှန်ကြားရေးမှူး စူကျောင်းက ပြောကြားလိုက်သည်။

ဟီနန်ပြည်နယ် အစိတ်အပိုင်းအတော်များများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ဆည်အကြီးအသေးစုစုပေါင်း ၁၆ ခုသည် ၎င်းတို့၏ သတိပေးရေမျက်နှာပြင်အမှတ်ကို ကျော်လွန်မြင့်တက်လာကြောင်း သိရသည်။

ဆင်ဟွာ



တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ကျန်ကျိုးမြို့ လမ်းမတွင် ရေလွှမ်းနေသည်ကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်- ၁၉ လူနာပေါင်း တစ်သန်းခွဲကျော်အထိရှိလာ

မနီလာ ဇူလိုင် ၂၁

**ဖိလစ်ပိုင်ကျန်းမာရေးဌာနက ဇူလိုင် ၂၁ ရက်တွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၆၅၆၀ ရှိလာကြောင်း အတည်ပြုဖော်ပြမှုနှင့် အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ တစ်သန်းခွဲကျော်အထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။**

နောက်ထပ် ကိုဗစ်-၁၉ လူနာ ၃၂ ဦး ထပ်မံသေဆုံးမှုနှင့် အတူ စုစုပေါင်း ကိုဗစ်-၁၉ဖြင့် သေဆုံးသူပေါင်း ၂၆၈၇၄ ဦးအထိ ရှိလာကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဌာနက ဆက်လက် သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

နောက်ထပ် ဆေးဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသည့် ဆေးဝန်ထမ်းပေါင်း ၁၀၁ ဦးအထိ ရှိလာပြီ ဖြစ်သည်။



ဖိလစ်ပိုင်သမ္မတ ဒူတာတေး ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှု ခံယူနေသည်ကို တွေ့ရစဉ်။

ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၁၉ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံထားရသော ဆေးဝန်ထမ်းပေါင်း ၂၁၂၄၅ ဦးအထိ ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

လူဦးရေ သန်း ၁၁၀ နီးပါးရှိသော ဖိလစ်ပိုင်နိုင်ငံတွင် လူ ၁၅ သန်းခန့် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးပြီဖြစ်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်- ၁၉ ထပ်မံအတည်ပြုလူနာ ၄၂၀၁၅ ဦးတိုးလာ

နယူးဒေလီ ဇူလိုင် ၂၁

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံအတည်ပြုလူနာ ၄၂၀၁၅ ဦး ဇူလိုင် ၂၁ ရက်က ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြု ကူးစက်ဖြစ်ပွားသူ ၃၁၂၁၆၃၃၇ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၃၉၉၈ ဦး ထပ်မံသေဆုံးခဲ့သဖြင့် စုစုပေါင်း သေဆုံးသူ ၄၁၈၄၈၀ အထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၀၇၁၇၀ ရှိသည်။ လူပေါင်း ၃၀၃၉၀၆၈၇ ဦးကို ကိုဗစ်-၁၉ ကပ်ရောဂါမှ အောင်မြင်စွာ ကုသပေးခဲ့ပြီးနောက် ၎င်းတို့သည် ယခုအခါ ဆေးရုံမှဆင်းသွားပြီဖြစ်သည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုလုပ်ရန် တို့ဖတ်နမူနာရယူနေသည်ကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၈၁၂ ဦးအထိ တိုးလာ

ဖနောင်ပင် ဇူလိုင် ၂၁

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၁၂ ဦး ရှိလာခဲ့ရာ ၎င်းတို့အနက် ၂၇၉ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၆၉၆၀၈ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၁၉ ဦးသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၁၆၈ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။ ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ၇၄၀ ထပ်မံကောင်းမွန်လာပြီးနောက် စုစုပေါင်း နာလန်ပြန်ထူလာသူပေါင်း ၆၁၇၇၉ ဦးအထိ ရှိလာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် ပြောရေးဆိုခွင့်ရှိသူ အိုဗန်ဒင်းက ပြည်သူများကို ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကြရန်၊ လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးရန်၊ တစ်ဦးနှင့်တစ်ဦး ၁ ဒသမ ၅ မီတာကွာရန် ဆက်လက်အမိန့်ထုတ်ပြန်လိုက်သည်။

ယခုလိုလုပ်ဆောင်ခြင်းဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ တားဆီးကာကွယ်ပေးမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တိုက်ဖျက်ရာတွင် ယခုလို လမ်းညွှန်ချက်များကို မကြာခဏ လိုက်နာလုပ်ဆောင်ခြင်းသည် မိမိတို့ကို ကူညီရာရောက်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်မှစကာ စတင်လုပ်ဆောင်ခဲ့သည်။ ထိုသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများလုပ်ဆောင်ရာတွင် တရုတ်နိုင်ငံသည် အဓိက အရေးကြီးဆုံး ထောက်ပံ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

ယခုအချိန်အထိ လူပေါင်း ၆ ဒသမ ၂ သန်း သို့မဟုတ် သက်ကြီးလူဦးရေ ၁၀ သန်း၏ ၆၂ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးပေးခဲ့ကြောင်း သိရသည်။

စုပေါင်းစွမ်းအားနှင့် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခြင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် အကောင်းဆုံးဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ် လီအိုင်လန်က ပြောကြားခဲ့သည်။

ဆင်ဟွာ

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စေတနာ့ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Online သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာဖြင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကို အွန်လိုင်းစနစ်ဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာသင်တန်းနည်းပြများ၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ Virtual ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြို့နယ်အဆင့် စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့များကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော စက်သုံးဆီ၊ စားစရိတ်၊ ကျန်းမာရေး အကာအကွယ်သုံး ပစ္စည်းများကို နိုင်ငံတော်မှ ပံ့ပိုးပေးသွားရန် ဖြစ်ပါကြောင်း။

**စုစည်းပြင်ဆင်ထား**

ယခုသင်တန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တိကျသော လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် ပိုးတွေ့လူနာများ၊ သံသယလူနာများ၊ ထိစပ်သူများနှင့်ပတ်သက်ပြီး ကူညီဆောင်ရွက်ရာတွင် သိရှိလိုက်နာရန်အချက်များကို စုစည်းပြင်ဆင်ထားပြီး သင်တန်းဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

**ပို့ချဆွေးနွေးသွားမည်**

ယနေ့သင်တန်းတွင် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်သော သိသင့်သည့်အချက်များ၊ ကူးစက်ရောဂါ ကာကွယ်ရေးနည်းလမ်းများအပါအဝင် ပြောဆိုဆက်သွယ်ခြင်းဆိုင်ရာ စွမ်းရည်၊ နှစ်သိမ့်ဆွေးနွေးကူညီပေးခြင်းဆိုင်ရာ နည်းလမ်းများ၊ ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများ စသည့် အုပ်စုအလိုက် ကူညီစောင့်ရှောက်ခြင်းနှင့် ပတ်သက်သော လိုက်နာရန်များ၊ ရှောင်ရန် ဆောင်ရန်များကို ပို့ချဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားပြီး သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများက ဘာသာရပ်များကို ရှင်းလင်းပို့ချခြင်း၊ စေတနာ့ဝန်ထမ်းများနှင့် အပြန်အလှန်ဆွေးနွေးခြင်း၊ အသိပညာမျှဝေခြင်းများ ဆောင်ရွက်ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်းခွင့်ပြုထားသည့် ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများနှင့်ပတ်သက်၍ မေးမြန်းထားမှုအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြန်လည်ဖြေကြားချက်

မေး။ ကိုဗစ် – ၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်းခွင့်ပြုထားတဲ့ ပုဂ္ဂလိကဆေးရုံနဲ့ ဓာတ်ခွဲခန်းတွေရဲ့ လိပ်စာနဲ့ ဖုန်းနံပတ်တွေ သိလိုပါတယ်။

ဖြေ။ ကိုဗစ် – ၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်းခွင့်ပြုထားတဲ့ ပုဂ္ဂလိကဆေးရုံနဲ့ ဓာတ်ခွဲခန်းတွေ ရဲ့ လိပ်စာ နဲ့ ဖုန်းနံပတ်တွေကတော့ ...

**ကိုဗစ် – ၁၉ ရောဂါရှာဖွေရေးလုပ်ငန်းခွင့်ပြုထားသော ပုဂ္ဂလိကဆေးရုံများ**

| စဉ် | ဆေးရုံအမည် | လိပ်စာ | ဆက်သွယ်ရန် |
|---|---|---|---|
| ၁ | နှင်းဆီကုန်းဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် | ဒေါက်တာဟိန်းလင်းထူး ၀၉၉၆၆၅၂၇၈၈၅ |
| ၂ | Dagon Medicare Hospital | ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် | ဒေါက်တာမေကဆုန် ၀၉၇၉၅၇၃၇၅၀၀ |
| ၃ | ဗဟိုစည်ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် | ဒေါက်တာခင်မြတ် ၀၉၅၁၀၈၂၀၄ |
| ၄ | KBC ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် | ဒေါက်တာထူးခူကလူဖေါ ၀၉၅၁၇၃၀၂၁ |
| ၅ | SSC ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် | ဒေါက်တာနီလာစိုး ၀၉၇၈၅၁၀၀၄၁၄ |
| ၆ | အာယုဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် | ဒေါက်တာဝါဝါဝင်းမြင့် ၀၉၄၂၁၀၉၄၀၁၈ |
| ၇ | OSC ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် | ဒေါက်တာမျိုးဝင်းအေး ၀၉၅၁၄၁၈၂၀ |
| ၈ | ဝိတိုရိယဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် | ဒေါက်တာခင်သီရိမိုး ၀၉၇၉၅၈၉၃၆၁၂ |
| ၉ | ပန်းလှိုင်ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် | ဒေါက်တာဆုလှဲ့ဝင်း ၀၉၇၈၂၉၉၄၁၃၃ |
| ၁၀ | မြို့တော်ဆေးရုံ | မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် | ဒေါက်တာနန်းဦးလှိုင် ၀၉၇၉၇၅၂၂၇ |
| ၁၁ | အကယ်ဒမီဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် | ဒေါက်တာထင်ပေါ် ၀၉၅၀၀၅၄၇၈ |
| ၁၂ | အာရှတော်ဝင်ဆေးရုံ | ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် | ဒေါက်တာကျော်ဇင်သန့် ၀၉၅၀၀၆၈၉၀ |

**ကိုဗစ် – ၁၉ ရောဂါ ရှာဖွေခွင့်ပြုထားသော ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများ**

| စဉ် | ရောဂါရှာဖွေရေးဓာတ်ခွဲခန်းအမည် | လိပ်စာ | ဆက်သွယ်ရန် |
|---|---|---|---|
| ၁ | N Health Myanmar Laboratory | ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် | ဒေါက်တာခင်မောင်ထွေး ၀၉၄၄၇၂၂၃၂၆ |
| ၂ | Aye Laboratory | ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် | ဒေါက်တာဝင်းသိန်း ၀၉၄၅၂၆၆၈၂၁၆ |
| ၃ | Yangon Airport Molecular Laboratory | ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် | ဦးဝေဖြိုးနိုင် ၀၉၄၂၀၇၂၆၂၀၅ |
| ၄ | SML Advanced Medical Laboratory | ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် | *၀၉၇၈၅၃၁၄၈၃၃ |

မေး။ တစ်ရက်ကို လူနာ ဘယ်နှဦးစစ်ဆေးနိုင်တယ်ဆိုတာနဲ့ စစ်ဆေးခ ဘယ်လောက်ကျသင့်မလဲ၊ အချိန်အကြာကြီး မစောင့်ရဘဲ စစ်ဆေးမှုပြုနိုင်ဖို့ ဘယ်လိုစီစဉ်ထားသလဲဆိုတာကို သိလိုပါတယ်။

ဖြေ။ ပုဂ္ဂလိကဆေးရုံတွေအနေနဲ့ တစ်ရက်ကို စစ်ဆေးနိုင်တဲ့ လူနာအရေအတွက် ကန့်သတ်ထားတာ မရှိပါ။ လူနာလိုသလောက် စစ်ဆေးနိုင်သလောက်ကို စစ်ဆေးပေးနေပါတယ်။ စစ်ဆေးခအနေနဲ့ ကျပ်သုံးသောင်းဝန်းကျင်၊ RT – PCR ကို ကျပ်နှစ်သောင်းဝန်းကျင်နဲ့ ဆောင်ရွက်ပေးနေပါတယ်။

မေး။ ကိုဗစ် – ၁၉ ရောဂါ လူနာလက်ခံကုသပေးမယ့် ပုဂ္ဂလိကဆေးရုံတွေကို ဆက်သွယ်နိုင်တဲ့ လိပ်စာ၊ ဖုန်းနံပါတ်နဲ့ လက်ခံကုသနိုင်မယ့် လူနာဦးရေအခြေအနေကို သိလိုပါတယ်။

ဖြေ။ ကိုဗစ် – ၁၉ ရောဂါ လူနာလက်ခံကုသပေးမယ့် ပုဂ္ဂလိကဆေးရုံတွေကို ဆက်သွယ်နိုင်တဲ့ လိပ်စာ၊ ဖုန်းနံပါတ်နဲ့ လက်ခံကုသနိုင်မယ့် ဓာတ်ခွဲအတည်ပြုလူနာ အရေအတွက်ကတော့ ......

**ကိုဗစ် – ၁၉ ပိုးတွေ့လူနာများအား ကုသခွင့်ရှိသော ပုဂ္ဂလိကဆေးရုံများ**

| စဉ် | ဆေးရုံအမည် | အတည်ပြုလူနာ လက်ခံနိုင်သည့် ခုတင်အရေအတွက် | လိပ်စာ | ဆက်သွယ်ရန် |
|---|---|---|---|---|
| ၁ | ပန်းလှိုင်ဆေးရုံ | ၆၇ | ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် | ဒေါ်ဆုလှဲ့ဝင်း ၀၉၇၈၂၉၉၄၁၄၃ |
| ၂ | Dagon Medicare Hospital | ၂၀ | ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ဒေါက်တာမေကဆုန် ၀၉၇၉၅၇၃၇၅၀၀ |
| ၃ | မြို့တော်ဆေးရုံ | ၁၀၀ | မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် | ဒေါက်တာနန်းဦးလှိုင် ၀၉၇၉၇၅၇၂၂၇ |
| ၄ | အကယ်ဒမီဆေးရုံ | ၄၃ | ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် | ဒေါက်တာထင်ပေါ် ၀၉၅၀၀၅၄၇၈ |
| ၅ | အာရှတော်ဝင်ဆေးရုံ | ၅၀ | ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် | ဒေါက်တာကျော်ဇင်သန့် ၀၉၅၀၀၆၈၉၀ |




## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာရှိသူများအား ကျန်းမာရေးစောင့်ရှောက်ခံယူနိုင်ရန် စီစဉ်ထားရှိမှုပုံစံ




* လူနာ၏ ရောဂါလက္ခဏာအပေါ်မူတည်၍ တက်ရောက်ကုသမှုခံယူရမည့်နေရာအား ဆုံးဖြတ်ပါမည်။




## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန် စီစဉ်ထားရှိမှုပုံစံအား ရှင်းလင်းချက်

၁။ ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူ (သို့မဟုတ်) ထိတွေ့ခဲ့သည်ဟု သံသယရှိသူများနှင့် ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာခံစားနေရသူများအနေဖြင့် ရှေးဦးစွာ မိမိတို့၏ သက်ဆိုင်ရာမြို့နယ်များရှိ ဒေသန္တရကျန်းမာရေးဌာန (သို့မဟုတ်) မြို့နယ်ဆေးရုံများသို့ သွားရောက်၍ သတင်းပေးပို့ရပါမည်။

၂။ ထို့နောက် မြို့နယ်ဒေသန္တရ (သို့မဟုတ်) ပြည်သူ့ဆေးရုံများ၊ ဓာတ်ခွဲစစ်ဆေးရေးစင်တာများနှင့် ပုဂ္ဂလိကဓာတ်ခွဲစစ်ဆေးရေးဆေးခန်းများ၌ ဓာတ်ခွဲစစ်ဆေးမှုများအား ဆက်လက်ဆောင်ရွက်သွားပါမည်။

၃။ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် မိမိတို့၏ မြို့နယ်/ တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးကော်မတီသို့ ပြန်လည်သတင်းပေးပို့ရမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများ၊ ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာများသို့ ပို့ဆောင်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ရာတွင် ကိုဗစ်–၁၉ ရောဂါ ပြင်းထန်လက္ခဏာရှိသူများနှင့် အရေးပေါ်လူနာများအနေဖြင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာများသို့ တိုက်ရိုက်သွားရောက်၍ ကုသမှုခံယူနိုင်မည်ဖြစ်ပါသည်။

၅။ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာများအနေဖြင့် အရေးပေါ်လူနာတက်ရောက်ကုသမှုအား ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်သတင်းပေးပို့သွားရမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ပါဝင်လှူဒါန်းမှုများ ပြုလုပ်နိုင်ကြောင်း ကြေညာချက်

ယခုအခါ မိမိတို့နိုင်ငံအတွင်း COVID-19 တတိယလှိုင်းဖြစ်ပေါ်လျက်ရှိပြီး ကူးစက်မှုနှုန်း မြင့်တက်လာသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်း၍ နိုင်ငံတစ်ဝှမ်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးရုံများ၊ ဆေးခန်းများ၊ Quarantine Center များ၊ Community COVID Positive Centre များ ဖွင့်လှစ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား သက်ဆိုင်ရာ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဆေးရုံ၊ ဆေးခန်း၊ Quarantine Center များနှင့် Community COVID Positive Centre များနှင့် သက်ဆိုင်ရာနေရာများသို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ

❑ *ကျော့ဖုံးမှ*

ခတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၁-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၆၃၂) ခု | (၄၆၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၄) ခု | (၆၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၈) ခု | (၂၂၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၁) ခု | (၂၈၇) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၃၉) ခု | (၁၀၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၉၀) ခု | (၁၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၇၉၄) ခု | (၈၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၀၆၂) ခု | (၄,၀၀၀) ဦး |
| စုစုပေါင်း | (၁၆,၅၉၀) ခု | (၆,၀၉၃) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၁ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၀၈၂၀၉၃ | ၂၉၄၃၅၄၁၅ | ၆၂၅၄၀၁ |
| ၂။ | အိန္ဒိယ | ၃၁၂၁၆၃၃၇ | ၃၀၃၉၀၆၈၇ | ၄၁၈၅၁၁ |
| ၃။ | ဘရာဇီး | ၁၉၄၁၉၇၄၁ | ၁၈၁၂၄၆၂၁ | ၅၄၄၃၀၂ |
| ၄။ | ရုရှား | ၆၀၃၆၂၄၀ | ၅၄၀၄၇၉၇ | ၁၅၀၇၀၅ |
| ၅။ | ပြင်သစ် | ၅၈၉၀၀၆၂ | ၅၆၆၃၇၇၆ | ၁၁၁၅၂၅ |
| ၆။ | တူရကီ | ၅၅၄၆၁၆၆ | ၅၃၉၅၃၀၀ | ၅၀၆၅၀ |
| ၇။ | ဗြိတိန် | ၅၅၁၉၆၀၂ | ၄၄၁၁၈၃၉ | ၁၂၈၈၂၃ |
| ၈။ | အာဂျင်တီးနား | ၄၇၈၄၂၁၉ | ၄၄၂၀၉၉၅ | ၁၀၂၃၈၁ |
| ၉။ | ကိုလံဘီယာ | ၄၆၆၈၇၅၀ | ၄၄၂၂၈၆၆ | ၁၁၇၁၃၁ |
| ၁၀။ | အီတလီ | ၄၂၉၃၀၈၃ | ၄၁၁၅၈၈၉ | ၁၂၇၈၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၁ - ၇ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၉၈၃၈၃၀ | ၂၃၅၆၅၅၃ | ၇၇၅၈၃ |
| ဖိလစ်ပိုင် | ၁၅၂၄၄၄၉ | ၁၄၄၉၅၇၉ | ၂၆၈၇၄ |
| မလေးရှား | ၉၅၁၈၈၄ | ၈၀၆၈၅၇ | ၇၄၄၀ |
| ထိုင်း | ၄၃၉၄၇၇ | ၃၀၄၄၅၆ | ၃၆၁၀ |
| မြန်မာ | ၂၄၆၆၆၃ | ၁၇၀၇၇၉ | ၅၈၁၄ |
| ကမ္ဘောဒီးယား | ၆၉၆၀၈ | ၆၁၇၇၉ | ၁၁၆၈ |
| ဗီယက်နမ် | ၆၅၆၀၇ | ၁၁၄၄၃ | ၃၃၄ |
| စင်ကာပူ | ၆၃၆၂၁ | ၆၂၅၄၃ | ၃၆ |
| လာအို | ၃၈၆၃ | ၂၁၇၄ | ၅ |
| ဘရူနိုင်း | ၃၀၅ | ၂၆၁ | ၃ |

## ပုဂံညောင်ဦးမြို့နယ်၌ အောက်ဆီဂျင်စက်ရုံတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်နေ၊ စေတနာရှင်ပြည်သူများ ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်

ညောင်ဦး ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၊ သီးသန့်စောင့်ကြည့်ရမည့်သူများနှင့် အောက်ဆီဂျင်လိုအပ်သူများအတွက် အဆင်ပြေစွာကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များအနေဖြင့် ကုသိုလ်ပြုပါဝင် လှူဒါန်းနိုင်ကြောင်း ညောင်ဦးမြို့ မြတ်ဒါန အောက်ဆီဂျင်အခမဲ့အသင်းဥက္ကဋ္ဌ ဦးခိုင်လင်းမောင် ထံမှ သိရသည်။

"ပုဂံညောင်ဦးမြို့နယ်မှာလည်း ပိုးတွေ့လူနာတွေနဲ့ အခြားနာမကျန်းလူနာတွေအတွက် အောက်ဆီဂျင် အရေးပေါ်လိုအပ်လာရင် အဆင်သင့်အသုံးပြုနိုင်အောင် အောက်ဆီဂျင်စက်တစ်လုံး တပ်ဆင်တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်နေပါတယ်။ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေးအတွက်ကိုလည်း ဆရာတော်ကြီးများကို အမှူးထားပြီး ကျွန်တော်တို့ မြတ်ဒါန အောက်ဆီဂျင်အခမဲ့အသင်းက အလှူငွေတွေ မြို့တွင်းလှည့်လည် ကောက်ခံလျက် ရှိပါတယ်။ အောက်ဆီဂျင်စက် တည်ဆောက်ဖို့အတွက် ခန့်မှန်းကုန်ကျစရိတ်အနေနဲ့က ငွေကျပ်သိန်း ၈၀၀ နဲ့ ၉၀၀ ကြား ကုန်ကျမှုရှိပါတယ်။ အောက်ဆီဂျင် စက်ကိုတော့ ပြောင်းရွှေ့ရလည်း လွယ်ကူအောင် ကွန်တိန်နာအတွင်း တည်ဆောက်ပြီးတော့ ဇေယျဝတီကျောင်းမှာ ထားရှိဖို့ အကြမ်းဖျင်း စီစဉ်ဆောင်ရွက်ထားပါတယ်။ ယခုစီစဉ်ဆောင်ရွက်နေတဲ့ အောက်ဆီ ဂျင်စက်ကတော့ တစ်ရက်ကို ဆလင်ဒါ ၄၀ အိုး အလုံးရေ ၈၀ ခန့် ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ဒါ့ကြောင့် ဒေသခံပြည်သူတွေနဲ့ ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်တွေအနေဖြင့် ကျွန်တော်တို့မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းတွေ ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် အောက်ဆီဂျင်စက် အမြန်ဆုံးတပ်ဆင်တည်ဆောက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းပြီးတော့ အလှူငွေတွေ လှူဒါန်းပေးစေလိုပါတယ်။" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အလှူငွေလှူဒါန်းလိုပါက နာယကဆရာတော်ကြီးများဖြစ်သည့် ဦးအာဒိစ္စ (ဇေတဝန်ကျောင်း) ဖုန်း-၀၉၂၀၄၃၅၈၆ သို့လည်းကောင်း၊ ဦးမေဃိယ (လောကနန္ဒာကျောင်း) ဖုန်း-၀၉၂၀၄၃၇၃၆ သို့ လည်း ကောင်း ၊ ဦးသာဂရ (ရတနာဘုံစံတောရကျောင်း) ဖုန်း - ၀၉၂၀၄၂၅၀၅ သို့လည်းကောင်း၊ ဦးပညာဇောတ(အာယုသုခကျောင်း) ဖုန်း- ၀၉၄၄၀၀၂၂၉၈၉၈ သို့ လည်းကောင်း၊ ညောင်ဦးမြို့ မြတ်ဒါနအောက်ဆီဂျင် အခမဲ့အသင်းဥက္ကဋ္ဌ ဦးခိုင်လင်းမောင် ဖုန်း-၀၉၄၃၁၃၇၁၀၂ သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်နေသူ မြတ်ဒါနအောက်ဆီဂျင် အခမဲ့အသင်းဥက္ကဋ္ဌက ပြောသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက် ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၁၆ ဦးနှင့် အမျိုးသမီး ၁၃၆ ဦး စုစုပေါင်း ၂၅၂ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၄၀ ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၂၇၄ ဦးနှင့် အမျိုးသမီး ၁၉၉ ဦး စုစုပေါင်း ၄၇၃ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီးရှစ်ဦး စုစုပေါင်း ၅၆ ဦးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၂၇ ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၃၄ ဦးကို လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်းနှင့် ယနေ့တွင် ကျန်းမာရေးကောင်းမွန်လာသည့် စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြုလူနာ စုစုပေါင်း အမျိုးသား ၇၃ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၉၈ ဦးတို့ကို သက်ဆိုင်ရာ ရပ်ကွက်များသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



အထက်ပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် အသုံးပြုရန်အတွက် အောက်ဆီဂျင်စက်ပစ္စည်းများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အတွက် ပေးပို့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို



နေပြည်တော်လေဆိပ်မှ ကလေးမြို့သို့လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်သော အောက်ဆီဂျင် စက်ပစ္စည်းများကို ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဟားခါး၊ မင်းတပ်၊ ခန္တီး၊ သံတွဲမြို့များသို့ လည်းကောင်း ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်များဖြင့် အသီးသီး ပို့ဆောင်ပေးခဲ့သည်။

တပ်မတော် ပို့ဆောင်ရေး လေယာဉ်များဖြင့် ပို့ဆောင်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများဖြစ်သည့် Bleaching Powder ပုံး ၅၀ ၊ Surgical Gowns ပုံး ၅၀၊ Exam Glove ပုံး ၅၀၊ Surgical Cap သုံးပုံး၊ Apron ရှစ်ပုံး၊ Face Shield နှစ်ပုံး၊ Surgical Mask ၁၆၇ ပုံး၊ PPE Coverall အခု ၂၄၀ ၊ Surgical Gloves ၂၅ ဖာ၊ KN-95 ရှစ်ဖာ၊ Goggle ၂၅ ပုံးတို့ကိုလည်းကောင်း၊ အောက်ဆီဂျင် စက်ပစ္စည်းများ ဖြစ်သော Generator သုံးစုံ၊ Compressor သုံးစုံ၊ Gryer သုံးစုံ၊ Tank မျိုးစုံ ကိုးစုံ၊ RIX သုံးစုံ၊ Rank သုံးစုံနှင့် UPS သုံးစုံတို့ကို လည်းကောင်း ပို့ဆောင် ပေးခဲ့ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အသီးသီး လက်ခံယူကြသည်။

အဆိုပါ အောက်ဆီဂျင် စက်ပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ မုံရွာမြို့သို့ ပို့ဆောင်ပြီး ထိုမှ တစ်ဆင့် ချင်းပြည်နယ် ဟားခါးမြို့သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့မှတစ်ဆင့် ချင်းပြည်နယ် မင်းတပ်မြို့သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့လည်းကောင်း တပ်မတော် ရဟတ်ယာဉ်များဖြင့် အဆင့်ဆင့် ဆက်လက် ပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တပ်မတော်က သွားရောက်ထောက်ပံ့လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁ ရက်မှ ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများ၊ ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူလူထုများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်အိုး ၃၉၅၂ လုံး၊ နှာခေါင်းစည်း ၃၂၃၇၆၂ ခု၊ ကာကွယ်ရေးဝတ်စုံ ၁၅၆၀ ၊ လက်သန့်ဆေးရည် ၆၈၉ ဘူး၊ မျက်နှာအကာအခု ၂၀၀ ၊ လက်ဆေးဆပ်ပြာရည်လေးပုံး၊ လက်အိတ် Surgical Gloves အခု ၁၂၀၀ ၊ ခေါင်းစွပ်အခု ၉၀၀၊ စက်သုံးဆီများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ အလှူငွေများကို သွားရောက် ပေးအပ်လှူဒါန်းနိုင်ကြောင်းနှင့် ဆက်လက်ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အထောက်အကူပြုပစ္စည်းများ၊ အလှူငွေများကို စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ လပွတ္တာမြို့၊ မအူပင်မြို့၊ ညောင်တုန်းမြို့နှင့် အိမ်မဲမြို့တို့ရှိ ပြည်သူ့ဆေးရုံများသို့ ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီး လက်ခံရယူပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သရုပ်ပြ

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်(ရန်ကုန်) စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်ကာ လူနာတင်ယာဉ်များ အသုံးပြု၍ လူနာသယ်ယူရွှေ့ပြောင်းခြင်းလုပ်ငန်းများကို သရုပ်ပြသကြသည်။ ထို့နောက် မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များက အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်နိုင်ရေးအတွက် အဆင့်မြင့် မီးငြိမ်းသတ်ယာဉ်များဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်မှုကို သရုပ်ပြသကြသည်။

သရုပ်ပြမှုများအပြီးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်း ကိရိယာများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူများ ပူးပေါင်းပါဝင်မှသာ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်မည်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းသည် ဇွန်လလယ်မှ စတင်ခဲ့ကာ ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် တတိယလှိုင်းတို့၏ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းများကို သုတေသနပြု နှိုင်းယှဉ်ရာတွင် တတိယလှိုင်းတွင် ကူးစက်ဖြစ်ပွားမှုနှုန်းသည် များပြားမြန်ဆန်ပြီး ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုနှုန်း မြင့်တက်လျက်ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရသည်။

လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနေဖြင့် လူဦးရေသန်း ၁၉၀ ကျော်ရှိပြီဖြစ်ပြီး မြန်မာနိုင်ငံတွင် ဇူလိုင် ၁၉ ရက်အထိ နှစ်သိန်းကျော်ရှိပြီဖြစ်သည်။

ထို့ကြောင့် ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဇူလိုင် ၁၇ ရက်မှ ၂၅ ရက်အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်သူများအနေဖြင့် ခရီးသွားလာခြင်းမပြုဘဲ မိမိတို့၏နေအိမ် သို့မဟုတ် အဆောင်များတွင် နေထိုင်ခြင်း၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်မှအပ ခရီးမသွားရန်နှင့် မိမိအိမ်တွင် မိမိနေထိုင်ခြင်း၊ မိမိအိမ်သို့ မလိုအပ်ဘဲ ဧည့်သည်လက်မခံခြင်းဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လိုက်နာဆောင်ရွက်သွားရန် သတင်းထုတ်ပြန်ထားသည်။

“လူတစ်ဦးနဲ့တစ်ဦး ကူးလူးဆက်ဆံမှုတွေကနေတစ်ဆင့် ကိုဗစ်-၁၉ ရောဂါက အဆင့်ဆင့် ကူးစက်သွားနိုင်ပါတယ်။ ဒါကြောင့် လူတွေက ကိုယ့်အိမ်ထဲမှာ သီးခြားနေထိုင်ကြမယ်ဆိုရင် ရောဂါဖြစ်ပွားမှုကွင်းဆက်တွေကို ဖြတ်တောက်နိုင်မယ်။ ရောဂါဖြစ်ပွားခဲ့မယ်ဆိုရင်လည်း ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ဖြစ်ပွားတဲ့မိသားစုတစ်စုကို စနစ်တကျ ပြုစုစောင့်ရှောက်နိုင်မယ်။ ရောဂါဆက်တိုက်ကူးစက်ဖြစ်ပွားနေမှုကို ဦးချိုးနိုင်မယ်။ ဒါက အလွန်ထိရောက်တဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားမှုနှုန်းတက်နေတဲ့ ဒီအချိန်မှာ မိမိအိမ်မှာနေခြင်းဟာ အကောင်းဆုံး ရောဂါကာကွယ်၊ထိန်းချုပ်ခြင်း ဖြစ်တယ်ဆိုတာ သိစေချင်ပါတယ် ” ဟု Stay Home နေထိုင်ခြင်းဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကို အကျိုးရှိထိရောက်စေနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မှတ်ချက်ပြုသည်။

တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ရန်၊ မဖြစ်မနေ အပြင်ထွက်ရပါက ပါးစပ်နှင့် နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်ရန်၊ လက်ကို အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် စနစ်တကျဆေးကြောရန်၊ အခြားသူများနှင့် ခြောက်ပေအကွာ ခပ်ခွာခွာနေရန်၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ လူစုလူဝေး လုံးဝရှောင်ကြဉ်ရန်၊ ဖြစ်နိုင်ပါက တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူရန်၊ ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးဝယ်ယူခြင်းမပြုရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်သူများအား အသိပေးနှိုးဆော်ထားသည်။

ထို့ပြင် အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်းမရှိစေရေး သတိပြုရန်၊ အသုံးပြုပြီးသော ပါးစပ်နှင့် နှာခေါင်းစည်းနှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ရန်၊ အဝတ်အစားမလဲမီ၊ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ရန်နှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ စနစ်တကျ ပူးပေါင်းပါဝင်ပေးကြရန်လည်း အသိပေးကြေညာထားသည်။

ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အချိန်တိုအတွင်း ထိရောက်အောင်မြင်၍ ယခုဖြစ်ပေါ်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်မည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်သူများအား တိုက်တွန်းနှိုးဆော်ထားသည်။ **ထက်လျှံ**

## မူဆယ်ဒေသပြည်သူများနှင့် မန္တလေးပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်များ ပေးပို့လှူဒါန်း

**မူဆယ် ဇူလိုင် ၂၁**




ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မြို့နယ်များတွင် လတ်တလော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်လာခြင်းနှင့် အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အောက်ဆီဂျင်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အရေးပေါ် လိုအပ်မှုမှာလည်း မြင့်မားလျက်ရှိသည်။

ထိုသို့ အခြေအနေများကြောင့် မူဆယ်အခြေစိုက် လုပ်ငန်းရှင်၊ New Starlight Construction Co., ltd (မင်္ဂလာမူဆယ်)က မူဆယ်ခရိုင် ပြည်သူ့ဆေးရုံအတွက် အသင့်သုံး လီတာ ၄၀ အောက်ဆီဂျင်ဘူး အစုံ ၆၀ နှင့် ကုသရေးပစ္စည်းများ တန်ဖိုးသင့် ငွေကျပ် သိန်း ၁၅၀ ဖိုးကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ ကုမ္ပဏီ၏ Information Center Room တွင် ဒါရိုက်တာ ဦးမောင်စိန်က ပေးအပ်လှူဒါန်းရာ မူဆယ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ မူဆယ်ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဟန်နိုင်စိုး၊ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လင်းတို့က လက်ခံယူသည်။

ထို့နောက် ဇူလိုင် ၁၇ ရက်နှင့် ၂၀ ရက်တို့တွင် မန္တလေး ပြည်သူ့ဆေးရုံသို့ အများပြည်သူ အသုံးပြုရန်အတွက် လီတာ ၄၀ အသင့်သုံး Oxygen Cylinder ၂၉၃၅ ဘူးကို လည်းကောင်း၊ (10–15 L)Oxygen Cylinder ဘူး ၈၀ ၊ နှာခေါင်းစည်း ၇၀၀၀၀ ၊ Buoy Type Oxygen Inhalator ဘူး ၁၈၄၀ ၊ Oxygen Liquid ၂၆ တန်နှင့် ကုသကာကွယ်ရေးနှင့် ဆက်စပ်ပစ္စည်း အမျိုးပေါင်း ၁၇ မျိုးမှ ပစ္စည်းတန်ဖိုး ငွေကျပ် သိန်းပေါင်း ၁၂၀၀၀ တန်ဖိုးကို မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ မန္တလေးဆေးရုံသို့ တိုက်ရိုက်ပေးပို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**

## ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ကာလဒါနအလှူအဖြစ် T S ဆီဆိုင်မိသားစုမှ ငွေကျပ် ၁၅ သိန်း လှူဒါန်း

**ကျောင်းကုန်း ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ကာလဒါနအလှူအဖြစ် ကိုသန်းဆွေ-မကေခိုင်မိသားစု (TSဆီဆိုင်)မှ ငွေကျပ် ၁၅ သိန်း လှူဒါန်းမှုကို ယနေ့နံနက် ၉ နာရီက အဆိုပါဆေးရုံ အရေးပေါ်ဌာနရှေ့၌ အလှူရှင်ကိုယ်စား ဦးဝင်းကြိုင်က ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က လက်ခံယူခဲ့သည်။

ကျောင်းကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၃၆၄ ဦးရှိပြီး ကျန်းမာစွာဖြင့် နေအိမ်ပြန်သူ ၁၈၆ ဦးရှိပြီဖြစ်သည်။ အတည်ပြုလူနာ ၁၆၃ ဦးအား နေရာခုနစ်နေရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးထားကာ ရောဂါပိုးတွေ့ရှိသူများအနက် ၁၉ ဦးမှာ အောက်ဆီဂျင်ပေးထားရပြီး ကျန်လူနာများ ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် သေဆုံးသူ ၁၄ ဦးရှိပြီဖြစ်သည်။ ပြီးခဲ့သည့် ဇူလိုင် ၁၇ ရက်က ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ကိုသန်းဆွေ-မကေခိုင် မိသားစု (TS ဆီဆိုင်)နှင့် ရန်ကုန်မြို့နေ ကျောင်းကုန်းမြို့နယ်အသင်း အတွင်းရေးမှူး ဦးကြည်လွင်(ခ)စိန်ချွန်း- ဒေါ်သီသီဆန်း မိသားစု (Tun Myat Thu Int'l Co.,ltd)တို့မှ ငွေကျပ် ၁၀ သိန်းစီ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ရေးမြို့နယ် အောက်ဆီဂျင်ထုတ်စက်ရုံမှ အောက်ဆီဂျင်များ လုံလောက်စွာ ထုတ်ပေးလျက်ရှိ

**ရေး ဇူလိုင် ၂၁**

မွန်ပြည်နယ် ရေးမြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း ဝိသာခါဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(မော်လမြိုင်)တို့မှ မတည်ငွေနှင့် ရဟန်းရှင်လူပြည်သူများ ထည့်ဝင်လှူဒါန်းငွေများဖြင့် ဆောက်လုပ်ထားသည့် အောက်ဆီဂျင်စက်ရုံမှ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများအတွက် နေ့စဉ်အောက်ဆီဂျင်များကို လုံလောက်စွာ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် စတင်ဆောက်လုပ်ခဲ့ပြီး ယခုအခါ နေ့စဉ် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ပျမ်းမျှတစ်ရက်လျှင် ၃၀ မှ ၃၅ အိုးအထိ ထုတ်ပေးလျက်ရှိသည်။ ရေးမြို့နယ်ပြည့်သူ့ဆေးရုံရှိ ကိုဗစ်-၁၉ ပိုးတွေ့လူနာများအတွက် နေ့စဉ် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၂၀ ကို အသုံးပြုနေရပြီး သံဖြူဇရပ်မြို့နယ်သို့ နေ့စဉ် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ၁၀ အိုး၊ မုဒုံမြို့နယ်သို့ ငါးအိုးနှင့် မြို့ပေါ်ရှိပရဟိတအသင်းများအတွက်လည်း လုံလောက်စွာ ထုတ်လုပ်ပေးလျက်ရှိပြီး လိုအပ်သည့်အခါတွင်လည်း လိုအပ်ချက်အရ ထပ်မံထုတ်ပေးလျက်ရှိကြောင်း မြို့နယ် အောက်ဆီဂျင်စက်ရုံ တာဝန်ရှိသူက ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

## နွားထိုးကြီး၌ အောက်ဆီဂျင်စက်ရုံတည်ရန် ငွေကျပ်သိန်း ၅၀ လှူဒါန်း

**နွားထိုးကြီး ဇူလိုင် ၂၁**



မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးတွင် ဖြစ်ပွားနေသော ကိုဗစ်တတိယလှိုင်းကို ကာကွယ်ကုသနိုင်ရန် လိုအပ်သော အောက်ဆီဂျင်အတွက် စက်ရုံတည်ဆောက်မည့် ရန်ပုံငွေအဖြစ် ငွေကျပ် သိန်း ၅၀ ကို ဇူလိုင် ၂၀ ရက်က နွားထိုးကြီး အမှတ်(၈)ရပ်ကွက် ပိတောက်ဝါ ဆေးရုံပိုင်ရှင် ဒေါက်တာကျော်ကိုကို - ဇနီး ဒေါ်နွေးနန္ဒာခင် မိသားစုက မေတ္တာမွန်အသင်းသို့ ပေးလှူကြောင်း မေတ္တာမွန်အသင်းက ပြောသည်။

အောက်ဆီဂျင် အခက်အခဲ မရှိစေရန် အောက်ဆီဂျင် စက်ရုံ တည်ဆောက်ရေးအတွက် တောရောမြို့ပါ စေတနာရှင် အလှူရှင်များက ယခုရက်ပိုင်း လှူဒါန်းမှု များပြားနေသည်။ နွားထိုးကြီးတွင် ကိုဗစ်-၁၉ ပိုးတွေ့သူ ၅၁၉ ဦးရှိပြီး ငါးဦး သေဆုံးကြောင်း We. Love. Natogyi. ထံမှ သိရသည်။

လိုအပ်ချိန်မှာ လိုအပ်သည်ကို လှူဒါန်းရ၍ ကျေနပ်အားရမိကြောင်း၊ မြို့နယ်အတွက် ပံ့ပိုးကူညီခွင့်ရမှုကို ကျေးဇူးတင်ကြောင်းဖြင့် အလှူရှင်မိသားစုဝင် ဒေါက်တာကျော်ကိုကိုက ပြောသည်။ **ဌေးမြင့်မောင်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၇-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ခေမာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင် အဖိမြန်မာပြည်တစ်ခွင်
**၀၉:၄၀** ဝါဆိုလအခါတော်မီ ကောင်းမှုကုသိုလ်တည်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၀** ပြည်သူ့နီတိ 'ပေပေရဲ့သား သားရဲ့ပေပေ'
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဓာတုဗေဒဘာသာရပ်'
**၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၀၅** Soccer View
**၁၇:၃၅** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သာလီစွပါ မြို့ပြောက်ဦး
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၂၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၀:၅၀** ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များကြောင်းသိကောင်းစရာ
**၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၁၀)

**mitv**

**07:01** News
**07:27** Discovering Tribes: "Myaung Zee (or) Hmong: their life and customs"
**08:01** Myanmar's Traditions and Culture "Myanmar Pottery"
**08:24** Ashin Thitzana or Martyr of Buddha's Sasana
**08:37** Egg Shell
**08:46** Elegant and Exquisite Myanmar Cotton Fabrics
**09:01** Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
**09:17** Five Tooth Relic Enshrined Pagodas
**09:31** Inlay Traditional Lotus Fabric
**09:43** The Beauty In The North Of Myanmar
**11:01** Next Generation "Skater"
**11:27** Buddha - Dhita (Buddhist Nuns)
**11:53** Tea

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ပိုင်းမော်အထင်ကရနေရာသို့သွားလည်ကြမယ်
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ဖိတ်ခေါ်တယ်လေကယားတို့မြေရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းရှိရာဒေသဆီသို့
**ဝကေကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဂန္ထဝင်ဆန်တဲ့အချစ်
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဘာသာစကားပြောကြရအောင်(အပိုင်း-၅)
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်
**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
ချင်း(ချိုး) ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ရွာလွတ်ဆေးတံ
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(ရထားဆွဲပွဲ)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
စော်ဘွားကြီးစပ်ရွှေသိုက်နှင့် ညောင်ရွှေဟော်နန်းသမိုင်း
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝဘာသာစကားပြောကြရအောင်(အပိုင်း-၄)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား'
**၁၁:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews


# တွံတေးမြို့နယ်၌ တည်ဆောက်နေသည့် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်ဖြန့်ဝေပေးနိုင်တော့မည်

**တွံတေး ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် အောက်ဆီဂျင်ထုတ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိပြီး ယခုလကုန်တွင် စက်တပ်ဆင်၍ အောက်ဆီဂျင်များထုတ်ယူ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်သည်။

အောက်ဆီဂျင်စက်ရုံကို တွံတေးမြို့နယ် ပြည်သူ့ဆေးရုံအနီးတွင် ဆောက်လုပ်နေခြင်းဖြစ်ပြီး စေတနာရှင်အလှူရှင်များ၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုဖြင့် ဆောက်လုပ်နေခြင်းဖြစ်ကာ စုစုပေါင်းငွေကျပ်သိန်းပေါင်း ၁၂၀၀ ကျော် ကုန်ကျမည်ဟု သိရသည်။

"ကျွန်တော်တို့မြို့မှာ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေပါတယ်။ အောက်ဆီဂျင် ထုတ်လုပ်တဲ့ စက်လည်း မှာယူထားပါတယ်။ မကြာခင် ရောက်ရှိတော့မှာပါ။ စက်ရောက်လို့ တပ်ဆင်ပြီးတာနဲ့ အောက်ဆီဂျင်ရပါပြီ။ အခု ဇူလိုင်လကုန် ဩဂုတ်လထဲဆို ကိုယ့်မြို့မှာ အောက်ဆီဂျင်ရပါပြီ" ဟု တွံတေးမြို့ခံ တစ်ဦးက ပြောသည်။

ဆောက်လုပ်တပ်ဆင်မည့် တွံတေး အောက်ဆီဂျင်စက်ရုံမှ တစ်ရက်လျှင် ၄၀ လီတာဝင် အောက်ဆီဂျင်ဘူး ၈၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယခင်ကာလများက အောက်ဆီဂျင်လိုအပ်သည့် ဝေဒနာရှင်များအတွက် အောက်ဆီဂျင်ရရှိရန် နေရာစုံလိုက်လံအကူအညီများ တောင်းယူရပြီး အခက်အခဲများရှိကြောင်း၊ ယခု စက်ရုံတည်ဆောက်ပြီးစီး တပ်ဆင်ပြီးသည်နှင့် အောက်ဆီဂျင်များ ရရှိမည်ဖြစ်ကြောင်း တွံတေးမြို့မှ ပရဟိတဆောင်ရွက်နေသူက ပြောသည်။

**မောင်ယဉ်ဦး**

# သပိတ်ကျင်းမြို့နယ် ကျေးရွာခုနစ်ရွာ သောက်သုံးရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**သပိတ်ကျင်း ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာခုနစ်ရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဆန်းထံမှ သိရသည်။

သောက်သုံးရေရရှိရေးဆောင်ရွက်ရာတွင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကမ်းပါးနီ၊ လိပ်ကျ၊ ငါးချောင်းဒေါင့်၊ မြိုင်သာယာ၊ ရွှေပြည်၊ ကိုးပင်၊ ရှားတောကျေးရွာ ခုနစ်ရွာတွင် စက်ရေတွင်း လေးလက်မ ပေ ၄၀၀ တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် အခြားရေရရှိရေးဆက်စပ်လုပ်ငန်းများ ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၃ ဒသမ ၀၀၃ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ရာ လက်ရှိအချိန်တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ ခုနစ်ရွာတွင် သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာ ခုနစ်ရွာရှိ အိမ်ခြေ ၁၈၀၅ အိမ်၊ လူဦးရေ ၇၂၂၁ ဦးနှင့်ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိရေး အဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၇ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS



နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အသိပညာပေးတာတွေကို လိုက်နာကျင့်သုံးပြီးနေထိုင်ကြရင် ရောဂါကူးစက်မှုမှလည်း ကင်းဝေးကြပါလိမ့်မယ်

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ရမ်းဗြဲမြို့နယ်ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးမှူး ဒေါက်တာအောင်နိုင်စိုးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**



ဒေါက်တာအောင်နိုင်စိုး

**မေး ။ ။ ပြည်သူတွေအနေနဲ့ ကိုဗစ်ရောဂါ လက္ခဏာတွေရှိလာရင် ဘယ်လို ဆက်သွယ်ဆောင်ရွက်ရမလဲ။**

ဖြေ ။ ။ ပြည်သူများအနေနဲ့ အနံ့မရ၊ ဖျားနာခြင်းတို့ဖြစ်လာရင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဆရာမများကို ဖုန်းနံပါတ်တွေပေးထားပါတယ်။ သူတို့ကတစ်ဆင့်ဆက်သွယ်ပြီး မြို့နယ်ဆေးရုံရှေ့မှာ ဝင်ဝင်ချင်းပဲ ဖျားနာအနံ့မရရင် ပြသရန် နေရာဆိုပြီး သတ်မှတ်ပေးထားပါတယ်။ ရုံးချိန်အတွင်းမှာဆိုရင် ပြင်ပလူနာကြည့်သလို လာရောက်ပြသနိုင်ပါတယ်။ အရေးပေါ်ဖြစ်လာရင် ပေးထားတဲ့ ဖုန်းနံပါတ်တွေကို ဆက်သွယ်ပြီး လာရောက်ပြသနိုင်ပါတယ်။

**မေး ။ ။ ကိုဗစ်-၁၉ ရောဂါ သံသယလူနာတွေကို ရောဂါပိုး ရှိ/မရှိ ဘယ်လိုစစ်ဆေးပေးနေပါသလဲ။**

ဖြေ ။ ။ အနံ့မရဖျားနာပြီးရောက်ရှိလာသူတွေကို ကျန်းမာရေးဌာနမှ ကျွမ်းကျင်ခတ်ခွဲမှုများက စစ်ဆေးပြီး နှာခေါင်းတို့ဖတ်ယူပြီး ချက်ချင်းအဖြေထုတ်ပေးလျက်ရှိပါတယ်။

**မေး ။ ။ ကိုဗစ်ရောဂါပိုး တွေ့ရှိပြီဆိုရင် ဘယ်လိုဆောင်ရွက်ပေးပါသလဲ။**

ဖြေ ။ ။ ပထမအနေနဲ့ကတော့ Positive ဖြစ်တယ်၊ ပိုးတွေ့တယ်ဆိုရင် ကုသရေးဆေးရုံကိုတစ်ခါတည်း တက်ရောက်စေပြီး ကုသပေးလျက်ရှိပါတယ်။

**မေး ။ ။ ပိုးတွေ့လူနာတွေအတွက် ကျန်းမာရေးဌာနက ဆောင်ရွက်ပေးနေမှု အခြေအနေကို သိချင်ပါတယ်။**

ဖြေ ။ ။ ရမ်းဗြဲမြို့မှာ ဆေးရုံ နှစ်ရုံရှိနေပြီး ဆေးရုံသစ်မှာပဲ ကိုဗစ်လူနာတွေအတွက် သီးသန့်ဆရာမတွေထားပြီးတော့ ကိုဗစ်ရောဂါကုသရေးဆေးရုံအဖြစ် သီးသန့်လုပ်ထားပါတယ်။ မြို့ပေါ်က ပရဟိတအဖွဲ့တွေနဲ့ ပူးပေါင်းပြီး အောက်ဆီဂျင်လိုအပ်ချက်တွေကို ဖြည့်ဆည်းထားပါတယ်။ အောက်ဆီဂျင်ကိုတော့ ကျောက်ဖြူမှာသွားရောက်ပြီး ဖြည့်ဆည်းထားပါတယ်။

**မေး ။ ။ Quarantine ထားရှိမှု အခြေအနေကို ဘယ်လိုလျာထားပါသလဲ။**

ဖြေ ။ ။ မြို့ပေါ်မှာ Quarantine Center ကို အမျိုးသားဆောင်၊ အမျိုးသမီးဆောင်ဆိုပြီး ဖွင့်လှစ်ထားပါတယ်။ အမျိုးသမီးများအတွက်ကို မိုးလုံလေလုံ အားကစားခန်းမမှာ ပြင်ဆင်ထားပြီး အမျိုးသားများအတွက်ကို မင်းတရားဖူးဘုရား ဓမ္မာရုံမှာ ပြင်ဆင်ထားပါတယ်။

**မေး ။ ။ ရောဂါပိုးထိတွေ့သူနဲ့ contact ဖြစ်သူတွေအနေနဲ့ ဘယ်လိုနေထိုင်သင့်ပါသလဲ။**

ဖြေ ။ ။ အဓိကကတော့ တွေ့ဆုံခဲ့တဲ့ သူက positive ဖြစ်သွားပြီး ကိုယ်လည်း သံသယရှိတယ်ဆိုရင်တော့ မိမိနေအိမ်မှာ ၁၀ရက်လောက်ခွဲနေပြီး ကျန်းမာရေးကို ဂရုစိုက်ပြီးတော့ သီးခြားနေထိုင်သင့်ပါတယ်။

**မေး ။ ။ ဘယ်လိုရောဂါလက္ခဏာမျိုး ပြသရင် စိုးရိမ်ရတဲ့ အခြေအနေခေါ်ပါသလဲ။**

ဖြေ ။ ။ ဖျားနာပြီးတော့ အသက်ရှူမွန်းကျပ်တယ်၊ အောက်ဆီဂျင် စမ်းသပ်စက်ဝယ်ထားနိုင်ရင် တိုင်းပြီး အောက်ဆီဂျင်ကျလာမယ်ဒါမျိုးတွေ ဖြစ်လာရင်တော့ ကျန်းမာရေးဌာနကို ဆက်သွယ်ပြီး အကူအညီတောင်းခံပြီး ကုသပေးလျက်ရှိနေပါတယ်။

**မေး ။ ။ လူနာတွေအတွက် အောက်ဆီဂျင် လိုအပ်ချက်များကို ဘယ်လိုစီစဉ်ထားပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့မှာ အောက်ဆီဂျင်ကတော့ နှစ်မျိုးပေးပါတယ်။ ခုလောလောဆယ် ဆေးရုံ နှစ်ရုံခွဲပြီး သုံးနေရပါတယ်။ အောက်ဆီဂျင်ဖြည့်တင်းမှုကတော့ ကျောက်ဖြူ အောက်ဆီဂျင် plant မှ ဖြည့်တင်းပေးပါတယ်။

**မေး ။ ။ ကိုဗစ်ဖြစ်လာရင် ဘယ်လိုစားသောက်နေထိုင်သင့်ပါသလဲ။**

ဖြေ ။ ။ ကိုဗစ်-၁၉ရောဂါဖြစ်လာခဲ့ရင် မိမိတို့ရဲ့ ကျန်းမာရေးကို အရင်ကထက် နှစ်ဆပိုပြီး ဂရုစိုက်ဖို့လိုပါတယ်။ အစားအသောက်ကိုလည်း ဂရုစိုက်ဖို့လိုပါတယ်။ အိပ်ရေးဝဝအိပ်ဖို့ လိုပါတယ်။ သင့်တော်တဲ့ ကိုယ်ကာယလေ့ကျင့်ခန်း ပုံမှန်လေ့ကျင့်ခန်းမျိုးလည်း လုပ်ဖို့လိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ကိုဗစ်စင်တာဆိုရင် ပိုပြီးအဆင်ပြေမယ်လို့ ကျွန်တော်တို့ယူဆထားပါတယ်။ ဆေးရုံကို ကွင်းပြင်ကြီးထဲမှာ ဆောက်ထားတော့ လေကောင်း လေသန့်ရရှိတယ်။ လေကောင်းလေသန့်ရှူပြီး အသက်ရှူလေ့ကျင့်ခန်းလုပ်ပေးဖို့လိုမယ်လို့လည်း ထင်ပါတယ်။

**မေး ။ ။ ရောဂါကူးစက်ပြန့်ပွားမှု မရှိအောင် အသိပညာပေးလုပ်ငန်းကို ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ။ ကျန်းမာရေး အသိပညာပေးအနေနဲ့ မြို့ပေါ်ရပ်ကွက်တွေကို နေ့စဉ်ကားနဲ့ လှည့်လည်ပြီးတော့ တစ်နေ့သုံးကြိမ် ကြေညာပေးတယ်၊ လမ်းတွေမှာလည်း ပိုစတာတွေ၊ ဗီနိုင်းတွေ ကပ်ထားပေးပြီး အသိပညာ တိုးတက်ဖို့အတွက် ဖြန့်ဝေပေးလျက် ရှိပါတယ်။ အထူးသဖြင့် Mask ကို လူအဝင်အထွက်များတဲ့ နေရာတွေ၊ ဈေးလိုနေရာမျိုးတွေမှာ အခမဲ့ ဖြန့်ဝေပေးလျက်ရှိနေပါတယ်။

**မေး ။ ။ ယနေ့ထိပိုးတွေ့ လူနာဦးရေ/ ဆေးရုံတက်ရောက် ဆင်းလူနာဦးရေ ပြန်လည်ကျန်းမာလာမှု အခြေအနေများ သိချင်ပါတယ်။**

ဖြေ ။ ။ ၁၅-၇-၂၀၂၁ရက်နေ့အထိ ဒီနေ့လက်ရှိအချိန်အထိ လူနာ ၂၁ဦးရှိပါတယ်၊ ဆေးရုံဆင်းသွားတာ သုံးဦးရှိတယ်။ ကျန်ရှိနေတဲ့ ၁၈ဦးက ကျန်းမာလျက် ရှိနေပါတယ်။ အဲဒီအထဲမှာ အောက်ဆီဂျင် ပေးနေရတာက အသက် ၇၀ အရွယ်တစ်ဦးရှိပါတယ်။ ကျန်တဲ့လူနာတွေကတော့ အောက်ဆီဂျင်ပေးစရာမလိုပါဘူး။

**မေး ။ ။ ကာကွယ်ဆေးထိုးဖို့ ကျန်နေသူတွေ ထိုးနှံပေးသွားဖို့ စီစဉ်ထားမှု အခြေအနေကို သိချင်ပါတယ်။**

ဖြေ ။ ။ ကာကွယ်ဆေးထိုးဖို့ ကျန်ရှိနေသူများအတွက်ကိုလည်း ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ပထမအကြိမ် ဘယ်နှဦး ထိုးနိုင်တယ်။ ဒုတိယအကြိမ်က ဘယ်နှဦးထိုးခဲ့တယ်၊ တွက်ချက်ထားပြီးဖြစ်ပါတယ်။ ရရှိလာတဲ့ဆေးအပေါ်မှာ မူတည်ပြီးတော့ ခွဲတမ်းရရင် ဦးစားပေးစနစ်နဲ့ ထိုးသင့်ထိုးထိုက်တဲ့ သူတွေကို ထိုးပေးသွားမှာဖြစ်ပါတယ်။

**မေး ။ ။ အခြားဖြည့်စွက် ပြောကြားလိုမှုရှိပါက ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ အခုအချိန်မှာ လူတွေက အစိုးရိမ်လွန်နေကြတဲ့အချိန်လည်း ဖြစ်နေတယ်။ အလွန်အကျွံကြီးလည်း မစိုးရိမ်ကြပါနဲ့၊ မစိုးရိမ်ဘဲလည်း ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ထားတာတွေရှိတယ်။ လိုက်နာသင့်တဲ့အရာတွေ၊ ကျင့်ကြံသင့်တဲ့အရာတွေကို စဉ်ဆက် မပြတ်လေ့လာပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန Website ထဲဝင်ကြည့်လို့လည်း ရသလို အသိပညာ ပေးလက်ကမ်း စာစောင်တို့ကို စဉ်ဆက်မပြတ် ဖတ်ရှုပြီး အသိပညာပေးတာတွေကို လိုက်နာ ကျင့်သုံးပြီးနေထိုင်ကြရင် အားလုံးအဆင်ပြေပြီးရောဂါကူးစက်မှုကနေလည်း ကင်းဝေးကြပါလိမ့်မယ်လို့ ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

ရမ်းဗြဲ(မြို့နယ် ပြန်/ဆက်)

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ထားတာတွေရှိတယ်။လိုက်နာသင့်တဲ့အရာတွေ၊ကျင့်ကြံသင့်တဲ့ အရာတွေကို စဉ်ဆက်မပြတ်လေ့လာပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန Website ထဲဝင်ကြည့်လို့လည်းရသလို အသိပညာပေးလက်ကမ်းစာစောင်တို့ကို စဉ်ဆက်မပြတ်ဖတ်ရှုပြီး အသိပညာပေးတာတွေကို လိုက်နာကျင့်သုံးပြီးနေထိုင်ကြရင် အားလုံးအဆင်ပြေပြီး ရောဂါကူးစက်မှုကနေလည်း ကင်းဝေးကြပါလိမ့်မယ်**

# ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ ဒေသခံပြည်သူများ အသုံးပြုနိုင်ရန်အတွက် အောက်ဆီဂျင်စက်သစ်ကြီးများ လားရှိုးမြို့၌တပ်ဆင်

လားရှိုး ဇူလိုင် ၂၁

ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ ဒေသခံပြည်သူများ၏ အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အောက်ဆီဂျင်စက်သစ်ကြီး သုံးလုံးမှာ တရုတ်နိုင်ငံမှတစ်ဆင့် လားရှိုးမြို့သို့ ဇူလိုင် ၁၉ ရက်က ရောက်ရှိကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်သုံးလုံးအနက် တစ်လုံးကို လားရှိုးမြို့ ရပ်ကွက်(၁၂)၊ လေယာဉ်ကွင်းလမ်းရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် Oxygen Plant ဝင်းအတွင်းတွင် တပ်ဆင်ထားရှိမည်ဖြစ်ပြီး စက်နှစ်လုံးကို လားရှိုး-မိုင်းရယ်လမ်းပေါ် ခါးသျှီကျေးရွာအနီးရှိ Connerstone Resources ကုမ္ပဏီပိုင် စက်ရုံဝင်းအတွင်း၌ တပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ယခုအသစ်တပ်ဆင် အသုံးပြုမည့် အောက်ဆီဂျင်စက်သစ်ကြီး သုံးလုံးသည် တစ်လုံးလျှင် တစ်ရက်လီတာ ၄၀ဆံ့ အောက်ဆီဂျင်အိုးအလုံးရေ ၂၀၀ စီ ထွက်ရှိနိုင်မည်ဖြစ်ပြီး စက်သုံးလုံး တပ်ဆင်ပြီးစီးပါက တစ်ရက်လျှင်လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံးရေ ၆၀၀ ဝန်းကျင်ခန့်ထိ ထုတ်လုပ် ဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လားရှိုးမြို့ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌လည်း တစ်ရက်လျှင် ၄၀ လီတာဆံ့ အောက်ဆီဂျင် ၂၄ လုံး ထုတ်လုပ်နိုင်သည့် စက်နှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် Oxygen Plant တွင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင် ၂၀လုံး ထုတ်လုပ်နိုင်သည့် စက်သစ်ကြီးများ လည်ပတ်လျက်ရှိကြောင်း သိရသည်။

ယခုအသစ် ရောက်ရှိလာသော အောက်ဆီဂျင်စက်သစ်ကြီး သုံးလုံးတပ်ဆင် ပြီးစီးပါက လားရှိုးမြို့တွင် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံးရေ ၆၅၀ ဝန်းကျင်ခန့်ထိ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ ဒေသခံများ၏ အောက်ဆီဂျင်လိုအပ်မှုကို အခမဲ့ ဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း လားရှိုးမြို့ ကိုဗစ်-၁၉ ကြပ်မတ်၊ ကုသရေးစင်တာ ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောသည်။

ပြည်နယ်(ပြန်/ဆက်)

# အကြမ်းဖက်ခြင်း သင်နှင့် အနီးဆုံးမှာနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်းပါးများ စာအုပ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

အကြမ်းဖက်ခြင်း သင်နှင့် အနီးဆုံးမှာနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ဆောင်းပါးများ စာအုပ်ထွက်ရှိလာပြီ ဖြစ်သည်။

ယင်းစာအုပ်တွင် ဒေါက်တာ ရင်ရင်နွယ်၊ ကနောင်၊ ကိုထွန်းခင်၊ ကိုသာယာ၊ မေ၊ နေခြည်သွေး၊ ကြိုင်သင်း၊ စာချစ်သူ၊ မောင်မိုးမြင့်၊ မိုးဦးဝေ၊ သမားအို၊ ဒေါင်၊ ကိုရင်မောင်၊ ငြိမ်းချမ်းမောင်၊ စွန်ရဲ၊ ဘမောင်တိုး၊ မောင်ပြည်ချစ် စသည့် ကလောင်စုံတို့၏ ဆောင်းပါးများ ပါဝင်သည်။

အဆိုပါ စာအုပ်တွင် ဆောင်းပါးရှင် ကြိုင်သင်းက **"မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံ မှန်သမျှ တိုင်းတစ်ပါးက တတ်ယောင်ကန်းတွေနဲ့ အစမ်းသပ်ခံခဲ့ရတာပါ။ ဒီအကျိုးဆက်ကြောင့် မြန်မာ့အသိုက်အဝန်းမှာ သွေးကွဲမှုတွေ၊ မညီညွတ်မှုတွေ၊ စနစ်တကျသပ်လျှိုအကျင့်ဖျက်ခံရမှုတွေနဲ့ ဖရိုဖရဲ ဒီမိုကရေစီ စနစ်မျိုးကို မျိုးစေ့အချခံလိုက်ရပါတယ်"** ဟု "လီဆယ်ဝါဒနှင့် ကျွန်ပါးဝချင်သူများ" ဆောင်းပါးတွင် ထောက်ပြထားသည်။

ထို့အတူ ဆောင်းပါးရှင် မေက ယခုရက်ပိုင်း သတင်းစာထဲမှာ ခပ်စိပ်စိပ် မြင်တွေ့လာရတာက အကြမ်းဖက်မှုတွေ လုပ်ဆောင်ဖို့ လက်နက်၊ ပစ္စည်းတွေ ဖမ်းဆီးရမိတာ၊ မီးပုလင်းပစ်တာ၊ မိုင်းခွဲတာ စတဲ့သတင်းတွေပဲ ဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့သူတွေကို ကြည့်လိုက်ရင် အသက် ၂၀ကျော်ကနေ ၄၀ကြား လူငယ်လူရွယ်တွေ အများဆုံးဖြစ်ပါတယ်ဟု လူငယ် လူရွယ်များ လမ်းမှားရောက်ကြမည်ကို စိုးရိမ်မှုဖြင့် "ကမ္ဘာဦး ကျောက်ခေတ်က အရိုင်းအစိုင်းတွေလို အသိဉာဏ်နည်းဘဝ ပြန်ရောက်သွားကြပြီလား..."ဆောင်းပါးတွင် ဝေဖန်ထောက်ပြထားသည်။

အလားတူ ဆောင်းပါးရှင်မင်းခန့်၏ "မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေအပေါ် သုံးသပ်ကြည့်ခြင်း" ဆောင်းပါးတွင် **ကျင့်ဝတ်နှင့် မညီသော ဆရာဝန်များ၏ CDM လှုပ်ရှားမှုကြောင့် လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိသည့်အတွက် ပြည်သူများ လွန်စွာ အတိဒုက္ခရောက်လျက်ရှိကြ သည်။ ထို့ကြောင့် တပ်မတော်မှ ဆရာဝန်များဖြင့် အစားထိုး ဆောင်ရွက်နေရပြီး တပ်မတော်ဆေးရုံများတွင်လည်း ပြည်သူများအားလုံးအတွက် အခမဲ့ ဆေးကုပေးနေသည်ကို တွေ့ရှိရသည်ဟု** ဖော်ပြထားသည့် ဆောင်းပါးများ အပါအဝင် ဆောင်းပါး ၆၉ ပုဒ်ကို တစုတစည်းတည်း လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ စာအုပ်ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင် အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်)ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၁-၈၂၄၈ ၁၀၂ သို့ ဆက်သွယ်၍ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ရရှိနိုင်သည်။

**မြန်မာ့အလင်း**




# စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

### သင်ဦးချ၍ အမျှဝေရာနှင့် အခြားဝတ္ထုတိုများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ မင်းထက်မြိုင်၏ "သင်ဦးချ၍ အမျှဝေရာနှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ရောင်းဈေး ကျပ် ၁၃၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် သင်ဦးချ၍ အမျှဝေရာ၊ ရွှေ့ဆက်၍မရပါ၊ မိုးညို့သွားပြီ၊ တံတားပေါ်က ဘဝတစ်ခု စသည့် ဝတ္ထုတို ခုနစ်ပုဒ် ပါဝင်သည်။ ဝတ္ထုများမှာ အကြောင်းခြင်းရာ မတူသည့် ဘဝခုနစ်မျိုးကို ရောင်စဉ်ခုနစ်သွယ်သဖွယ် ဘဝသရုပ်ပီပြင်အောင် စီခြယ်သရုပ်ဖော်ထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

### ရင်ငြိမ်းအေး

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည် တတိယဆုရရှိသည့် စာရေးဆရာ ကျော်ခန့်၏ "ရင်ငြိမ်းအေး" စာအုပ်ကို ရောင်းဈေး ကျပ် ၁၃၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မိသားစု၏ အေးမြသည့် ချစ်ခြင်းမေတ္တာ၊ အခက်အခဲကြုံ တွေ့ရစဉ် ညီအစ်ကိုမောင်နှမ မွေးချင်းများ၏ ဖေးမကူညီဖြေရှင်းပေးမှုနှင့် မိသားစုအတွင်း ဖြစ်လေ့ဖြစ်ထရှိသော ပဋိပက္ခများကို မေတ္တာဖြင့် ပြေငြိမ်းစေသည့် ဝတ္ထုကောင်းတစ်အုပ်ဖြစ်ပါသည်။ ဇာတ်အိမ်ကို ပီပြင်စွာ တစ်ဆင့်ပြီးတစ်ဆင့် အချိတ်အဆက်မိမိ ရသမြောက်စွာ ရေးဖွဲ့ထားသဖြင့် စိတ်ဝင်စားဖွယ်ရာ ကောင်းလှသောကြောင့် စာဖတ်သူများ လက်မလွှတ်သင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

### နွားပွဲစား၏ စကားအလင်္ကာ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ တတိယဆုရရှိသည့် စာရေးဆရာ မောင်လွယ်အိတ်၏ "နွားပွဲစား၏ စကားအလင်္ကာ" စာအုပ်ကို ရောင်းဈေး ကျပ် ၁၄၀၀ ဖြင့် ဖြန့်ချိ ရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာ့ကျေးလက်တောင်သူလယ်သမားတို့အနေဖြင့် နွားကို မရှိမဖြစ် အသုံးချကြရပုံ၊ စက်မှုလယ်ယာစနစ် အရှိန်မရမီ ခိုင်းနွားအတွက် အရောင်းအဝယ် အလဲအလှယ်ပြုကြရပုံ စသည့် နွားပွဲစားတို့၏ အခန်းကဏ္ဍများပါဝင်ပြီး နွားပွဲစားသည် နွား၏ကြန်အင်လက္ခဏာ အပြစ်အနာအဆာတို့ကို ကြည့်ရှုရာတွင် ကျွမ်းကျင်ရပုံ၊ စကားပရိယာယ် ကြွယ်ဝရပုံတို့ကို ကျေးလက်အငွေ့အသက် စရိုက်သဘာဝများပါဝင်အောင် သရုပ်ဖော်ရေးဖွဲ့ထားသော ပြဇာတ်ဖြစ်သည့်အတွက် စာဖတ်သူများအတွက် သုတရော ရသပါ ရရှိစေမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

### တအန်း (ပလောင်) တိုင်းရင်းသားတို့၏ ဘဝဓလေ့ ရိုးရာယဉ်ကျေးမှုများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရရှိသည့် စာရေးဆရာ ရွှေညာသားမြတ်မင်း၏ "တအန်း (ပလောင်) တိုင်းရင်းသားတို့၏ ဘဝဓလေ့ ရိုးရာယဉ်ကျေးမှုများ" စာအုပ်ကို ရောင်းဈေး ကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိ ရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် တအန်း (ပလောင်) လူမျိုးများ၏ မျိုးနွယ်စုများ ဆင်းသက်လာပုံသမိုင်း၊ မြန်မာနိုင်ငံအတွင်း ရောက်ရှိနေထိုင်ပုံ၊ လူမှုဆက်ဆံရေးစနစ်၊ အမည်မှည့်ခေါ်ခြင်း၊ ဝတ်စားဆင်ယင်မှု၊ လက်ထပ်ထိမ်းမြားခြင်းဓလေ့၊ အုပ်ချုပ်ပုံစနစ်၊ ဓလေ့ရိုးရာအနုပညာ၊ ရိုးရာဓလေ့၊ တရားစီရင်ပုံတို့ကို သုတေသနပြု လေ့လာရေးသားထားသည့်အတွက် စာဖတ်ပရိသတ်များအတွက် သုတကောင်းများစွာရရှိမည့် စာအုပ်တစ်အုပ် ဖြစ်သည်။

### အဝိဇ္ဇာ ဝတ္ထုတိုပေါင်းချုပ်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ နေစိုးသော်၏ "အဝိဇ္ဇာ ဝတ္ထုတိုပေါင်းချုပ်" စာအုပ်ကို ရောင်းဈေး ကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို ၁၁ ပုဒ် ပါဝင်သည်။ ဇာတ်ကောင်တစ်ဦးကို ပင်တိုင်ထား၍ ၎င်း၏ ဝန်းကျင်ရှိလူများ၏ အဝိဇ္ဇာ(အမှောင်)ကြောင့်ဖြစ်သော အကျင့်စရိုက်အမျိုးမျိုးကို မီးမောင်းထိုးပြထားသည့် ဝတ္ထုများဖြစ်သည်။ နေ့စဉ်ဖြတ်သန်းရသော ဘဝအလီလီ၊ အဖြစ်အပျက်အဖုံဖုံ၊ အတွေ့အကြုံအမျိုးမျိုးကို ပီပီပြင်ပြင် ရေးဖွဲ့ထားရာ စာဖတ်ပရိသတ်များအတွက် ဆေးရောင်စုံ ပြကွက်များ ခံစားရမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိစာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိစာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တန့်ယန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန် အသိပညာပေးခြင်းဆောင်ရွက်

**တန့်ယန်း ဇူလိုင် ၂၁**

ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင် ပြည်သူများ ပူးပေါင်းကာ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်နေရာ အသံချဲ့စက်ဖြင့် မြို့တွင်းလှည့်လည်၍ အသိပညာပေးခြင်းကို ဇူလိုင် ၂၁ ရက်က ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းကျော်တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို သိရှိလိုက်နာနိုင်ရန် စည်းကမ်းချက်များ၊ ကူးစက်ပျံ့နှံ့မှု မရှိစေရန်အတွက် လူစုလူဝေး ရှောင်ရှားစေရေး၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောရေး၊ အိမ်အပြင်ထွက်သူတိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ရေးတို့ကို မြန်မာဘာသာ၊ ရှမ်းဘာသာဖြင့် မြို့တွင်း ရပ်ကွက်တိုင်းသို့ လှည့်လည်၍ အသိပညာပေးခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။

**မင်းလွင်ဦး**

**(ပြန်/ဆက်)**

# စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၂၁**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ **"သုတိသြဘာ (ဆင်ပေါင်ဝဲ)"** ရေးသားသည့် **"တစ်ဆုပ်ဆန်ကျောင်း၊ အပါအဝင်အခြား ဝတ္ထုတိုများ"** စာအုပ်ကို ၂၀၂၁ခုနှစ် ဇူလိုင်လ အသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ (ဖုန်း- ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈)တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားရေးကိုပံ့ပိုးပေးမည့် အနောက်မြောက်ဘက်ဆီက မီးခိုးတိတ်စက်ရုံ

**ခမ်လျန်စွမ်း (စီးပွား/ကူးသန်း)**

**နိဒါန်း**

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံအချို့၏ စီးပွားရေးပိတ်ဆို့မှုအပေါ်တွင် များစွာ အကျိုးသက်ရောက်မှုမရှိနိုင်သောနိုင်ငံဖြစ်ပါသည်။ **မြန်မာ့နိုင်ငံရေးကို ဝေဖန်သုံးသပ်သူ နိုင်ငံခြားသား အချို့က မြန်မာနိုင်ငံသည် နိုင်ငံရေး အကျပ်အတည်းကြောင့် အငတ်ဘေးနှင့်ကြုံရမည်။ စီးပွားရေးဒေဝါလီ ခံရတော့မည်၊ နိုင်ငံတကာ စီးပွားရေးနှင့် စားနပ်ရိက္ခာ အကူအညီအမြန်လိုအပ်သည်** အစရှိသဖြင့် မြန်မာနိုင်ငံအကြောင်းကို ဂဃနဏ မသိဘဲ ဝေဖန်ခဲ့ဖူးပါသည်။

ထိုသို့ဝေဖန်ပြောဆိုရခြင်းမှာ ကမ္ဘာ့နိုင်ငံအတော်များများတွင် နိုင်ငံရေးအကျပ်အတည်းရှိပါက စားနပ်ရိက္ခာ ပြတ်လပ်မှုကြုံတွေ့ရခြင်း၊ ကုန်စည်စီးဆင်းခြင်းနှင့် ငွေကြေးစီးဆင်းမှုနှေးကွေးကျဆင်းပြီး စီးပွားရေးကပ် ရောက်လေ့ရှိသောကြောင့်ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်တို့မြန်မာနိုင်ငံသည် သဘာဝကပေးသော လက်ဆောင်အဖြစ် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံနှစ်နိုင်ငံအကြားတွင် တည်ရှိခဲ့သည်။ စီးပွားရေး ရှုထောင့်ကကြည့်လျှင် ကြီးမားခိုင်မာသော ဈေးကွက်ကြီးနှစ်ခု ပိုင်ဆိုင်ထားပါသည်။ ၎င်းအပြင် ကျွန်တော်တို့၏ မိတ်ဆွေနိုင်ငံများ ဖြစ်ကြသော အာဆီယံနိုင်ငံများနှင့်လည်း နယ်မြေထိစပ်မှုရှိပြီး ကုန်သွယ်မှုလည်း ခေတ်အဆက်ဆက်တည်ရှိနေခဲ့ပါသည်။ ရေနက်ဆိပ်ကမ်းကြီးများ ပိုင်ဆိုင်ထားပြီး ၎င်းမှတစ်ဆင့် မိတ်ဆွေနိုင်ငံများသို့ ကုန်သွယ်ခြင်း ဆောင်ရွက်နိုင်သည်။ သို့အတွက်ကြောင့် ကုန်သွယ်ရေးတွင် ပိတ်ဆို့မရနိုင်သော နိုင်ငံများတွင် ကျွန်တော်တို့၏ နိုင်ငံလည်း အပါအဝင်ဖြစ်ပါသည်။

ထို့အပြင် မြန်မာလူမျိုးတို့ အဓိက စားသောက်ကုန်ဖြစ်သည့် ဆန်သည် ပြည်တွင်းတွင် ဖူလုံစွာ ထွက်ရှိပြီး နိုင်ငံခြားသို့ တင်ပို့နိုင်ခြင်း၊ အခြားစားနပ်ရိက္ခာများဖြစ်သော ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ်၊ ပဲအမျိုးမျိုး၊ အခြားအသီးအနှံမျိုးစုံနှင့် အသား၊ ငါးများသည် ပြည်ပမှတင်သွင်းစရာမလိုခြင်းနှင့် ပိုလျှံသော ၎င်းကုန်စည်များကို နိုင်ငံခြားသို့တင်ပို့နိုင်ခြင်းများကြောင့် အစာရေစာခေါင်းပါး၍ ငတ်ပြတ်နိုင်သောနိုင်ငံတွင် မြန်မာနိုင်ငံမပါဝင်ခြင်းဖြစ်ပါသည်။

၎င်းနောက် မြန်မာနိုင်ငံ၏ အားသာချက်တစ်ခုမှာ ကမ္ဘာတွင် ရှားပါးလှသော တိုင်းရင်းသားပေါင်းစုံနေထိုင်၍ သူ့ဓလေ့၊ သူ့ယဉ်ကျေးမှု၊ သူ့စာပေနှင့်ရှိကြပြီး သဘာဝအလှတွင်လည်း တောင်ပေါ်၊ မြေပြန့်၊ လှပသော ပင်လယ်ကမ်းခြေနှင့် စိတ်ဝင်စားဖွယ် အတိပြီးလျက် လှချင်တိုင်းလှနေသော တိုင်းပြည်ဖြစ်ပါသည်။ ဤအချက်များသည် ကမ္ဘာလှည့်ခရီးသွားများ ဆွဲဆောင်စေနိုင်သော အရင်း

> ❑ **ယခင်အခါက ဤဒေသတွင် မိုင် ၅၀ ခန့်ကွာဝေးသော ခရီးလမ်းကို တစ်နေကုန်သွားရသည်။ ယခုအခါ မိုင် ၅၀ ခရီးကို သုံးနာရီဝန်းကျင်ဖြင့်သာ ယာဉ်ဖြင့်သွားလာနိုင်သော ခေတ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ဤဒေသရှိ ခရီးသွားများ စိတ်ဝင်စားစရာ အဖြစ်နိုင်ဆုံးနေရာများနှင့် ထူးခြားချက်များ၏ အချက်အလက်အချို့ကို ကောက်နုတ်ဖော်ပြလို**



မြန်မာနိုင်ငံတွင် သာမက ကမ္ဘာပေါ်တွင် ရှားပါးသော ရိဒ်ရေကန်။

အမြစ်များဖြစ်သည်။ ခရီးသွားအများစုသည် လုံခြုံမှုရှိပြီး စိတ်ဝင်စားဖွယ်ကောင်းသော နေရာဆိုပါက ကွန်မြူနစ်စနစ်နှင့် အုပ်ချုပ်သည့် တိုင်းပြည်ဖြစ်နေလင့်ကစား သွားရောက်လည်ပတ်လေ့ရှိကြပါသည်။

အိမ်နီးချင်းနိုင်ငံများအပါအဝင် စက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် စက်ရုံများက ထုတ်လွှတ်လိုက်သည့် မီးခိုးမီးငွေ့များကြောင့် လေကောင်းလေသန့်လုံလောက်စွာ မရရှိတော့သဖြင့် သူတို့ပြည်သူများသည် လေကောင်းလေသန့်ရရှိသော နိုင်ငံများသို့ ခရီးသွားလာသည့်ယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာပါသည်။ ကျွန်တော်တို့၏ တောတောင်ရေမြေ၊ ယဉ်ကျေးမှုနှင့် ရှည်လျားသော သမိုင်းကြောင်းများက ခရီးသွားများကို စိတ်ဝင်စားစေမည်ဖြစ်ပါသည်။ ဤအခွင့်အရေးကို အမိအရ ဆုပ်ကိုင်နိုင်ရေးသည် ကျွန်တော်တို့၏ နိုင်ငံအတွက် ခေတ်သစ်သမိုင်းပေး တာဝန်တစ်ရပ်အဖြစ် သတိထားမိပါသည်။

ဤအတွက်ကြောင့် လက်ရှိမြန်မာနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေကို အစိုးရနှင့် ပြည်သူများ မျှတစွာရရှိစေမည့် အလုပ်သည် သဘာဝခရီးသွားလုပ်ငန်း (သို့မဟုတ်) လူထုအခြေပြုခရီးသွားလုပ်ငန်း (Eco-tourism (or) Community Based Tourism–CBT) ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သင့်သည်ဖြစ်သည့်အတွက် ကျွန်တော်လေ့လာပြုစုသော နေရာဒေသတစ်ခုအကြောင်းအကျဉ်းချုပ်အား ဆက်လက် တင်ပြသွားပါမည်။

**မီးခိုးတိတ်စက်ရုံခေါ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း**

ခရီးသွားလုပ်ငန်းသည် (၂၁)ရာစုခေတ်တွင် ပိုမိုတွင်ကျယ်သော စီးပွားရေးလုပ်ငန်းအဖြစ် ရပ်တည်လာနေကြောင်း တွေ့ရသည်။ စီးပွားရေးအင်အားကြီးမားသော နိုင်ငံများပင်လျှင် အရေးကြီးသောလုပ်ငန်းအဖြစ် ဦးစားပေးကြသည်။ တိုးချဲ့ကြသည်။ ဆွဲဆောင်မှုရှိအောင် ဖန်တီးကြသည်။ အရင်းအနှီးနည်းနည်းဖြင့် အမြတ်များများရရှိသော လုပ်ငန်းအဖြစ် နားလည်လာကြသည်။ တရုတ်နိုင်ငံဆိုလျှင် ရှေးဟောင်းယဉ်ကျေးအမွေအနှစ်ကို အခြေခံပြီး ခေတ်သစ်မြို့ပြတိုးတက်မှုနှင့် ဆွဲဆောင်သဖြင့် ခရီးသွားလုပ်ငန်းအောင်မြင်ခဲ့ပါသည်။ ထိုင်းနိုင်ငံဆိုလျှင်လည်း တောတောင်သဘာဝအလှနှင့် သမိုင်းကြောင်းကို အခြေခံလျက် လမ်းပန်းဆက်သွယ်မှုလွယ်ကူခြင်း၊ လူ့အခွင့်အရေး အပြည့်ဝရခြင်းဟူသော ခေါင်းစဉ်အောက်တွင် ခရီးသွားများ ဆွဲဆောင်သဖြင့် အောင်မြင်ခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံသည်လည်း သူတို့၏ ကြိုးစားမှုကြောင့် တိုင်းပြည်တိုးတက်လာကြောင်း၊ ပစ္စည်းပိုင်းသာမက လူတို့၏ စွမ်းဆောင်ရည်ပိုင်းတွင်လည်း ကမ္ဘာကို ရင်ပေါင်တန်းနိုင်ကြောင်း၊ ရုပ်ရှင်လုပ်ငန်းအပါ မီဒီယာဖြင့် ၎င်းတို့တိုင်းပြည်ကို ခရီးသွားများ စွဲမက်စေနိုင်ခဲ့ပါသည်။ ထို့အတူ ဗီယက်နမ်နိုင်ငံသည်လည်း ကွန်မြူနစ်စနစ်ဖြင့် သွားနေသော်လည်း စည်းကမ်းရှိမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် နိုင်ငံကို လျင်လျင်မြန်မြန် တိုးတက်အောင် စွမ်းဆောင်နိုင်ကြောင်း ကြွေးကြော်သံများနှင့်အတူ ခရီးသွားများကို အရခေါ်နိုင်ခဲ့သည့် နိုင်ငံဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသွားများသည် အနောက်နိုင်ငံမြို့ပြခရီးစဉ်များထက် ခေတ်သစ်အာရှနိုင်ငံများ၏ ခရီးစဉ်များကို ပိုမိုစိတ်ဝင်စားလာကြသည်။ သဘာဝတောတောင်ရေမြေကို ထိန်းသိမ်းရာလည်းရောက်မည့် ဝင်ငွေရလုပ်ငန်းဖြစ်သဖြင့် ခရီးစဉ်အသစ်များ တိုးချဲ့ဆောင်ရွက်သင့်ပါသည်။ ဤအချက်များသည် ကျွန်တော်တို့နိုင်ငံ၏ လက်ရှိအခြေအနေတွင် အောင်မြင်နိုင်မှုအရှိနိုင်ဆုံးနှင့် အလုပ်သင့်ဆုံးသော စီးပွားရေးလုပ်ငန်းအဖြစ် ရှုမြင်ထားပါသည်။

မြန်မာ့ခရီးသွားလုပ်ငန်းကို အစိုးရအဆက်ဆက်က ကြိုးစားဆောင်ရွက်လာခဲ့ကြရာ အောင်မြင်သည်လည်းရှိသည်။ အောင်မြင်မှု နည်းသေးသည့် ခရီးစဉ်များလည်းရှိကြောင်း တွေ့ရသည်။ မအောင်မြင်သေးသည့် ခရီးစဉ်များသည် အဓိက လမ်းပန်းဆက်သွယ်ရေး၊ စားသောက်နေထိုင်ရေး၊ ဝန်ဆောင်မှုနှင့် ခရီးသွားများ စိတ်ဝင်စားမည့်နေရာ ပြသနိုင်မှုအားနည်းခြင်းများကြောင့် ဖြစ်နိုင်ပါသည်။ ယခုအခါ ခရီးသွားလုပ်ငန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ အတော်အတန်ပြည့်စုံနေပြီဖြစ်သဖြင့် ခရီးစဉ်များဖော်ထုတ်ပြီး လက်တွေ့ကျသော အစီအမံများရေးဆွဲလိုက်နာရန်သာ လိုအပ်မည်ဖြစ်ပါသည်။

**အနောက်မြောက်ဘက် သဘာဝခရီးသွား၊ ခရီးစဉ်သစ်**

မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်ဟု တင်စားလိုသော ခရီးစဉ်သစ်မှာ ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းခရိုင်အတွင်းရှိ ခရီးစဉ်များ ဖြစ်ပါသည်။ ဤဒေသသည် တောင်ကုန်းတောင်စွယ်ထူထပ်ပြီး အမြင့်ဆုံးနေရာများတွင် ပေ ၈၀၀၀ ကျော် အထိရှိပြီး သာမန်အားဖြင့် ပေ ၃၀၀၀ မှ ၆၀၀၀ အတွင်းရှိ ဒေသများဖြစ်သည်။ တောင်များသည် မြောက်မှတောင်သို့ အပြိုင်သွယ်တန်းလျက်ရှိကြပြီး မြစ်ချောင်းများသည်လည်း အဓိက မြောက်မှ တောင်သို့ စီးဆင်းကြသည်။ ရာသီဥတုသည် တစ်နှစ်ပတ်လုံး အေးမြပြီး မိုးရာသီတွင် မိုးအလွန်များသောဒေသ ဖြစ်ပါသည်။

ယခင်အခါက ဤဒေသတွင် မိုင် ၅၀ ခန့်ကွာဝေးသော ခရီးလမ်းကို တစ်နေကုန်သွားရသည်။ ယခုအခါ မိုင် ၅၀ ခရီးကို သုံးနာရီဝန်းကျင်ဖြင့်သာ ယာဉ်ဖြင့်သွားလာနိုင်သော ခေတ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ဤဒေသရှိ ခရီးသွားများ စိတ်ဝင်စားစရာ အဖြစ်နိုင်ဆုံးနေရာများနှင့် ထူးခြားချက်များ၏ အချက်အလက်အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်–

သမိုင်းကြောင်းအနေဖြင့် ပထမကမ္ဘာစစ်မတိုင်မီ ဗြိတိသျှတို့ကို တွန်းလှန်ခဲ့သော သမိုင်းဝင်ခံတပ်ကြီး တည်ထားကြသည်။ ၎င်းကို ရှာလ်လုမ်းခံတပ်( Shallum Fort) ဟုခေါ်ကြသည်။ ကလေး–ဖလမ်း– ဟားခါးပြည်ထောင်စုလမ်းမကြီးအတိုင်းလာပါက ဇောင်ကုန်းရွာ( Zong Kong village) မှ လမ်းခွဲအတိုင်း ၇ မိုင်ခန့် ဆက်သွားလျှင် ဗွက်လိုက်ရွာ (VokLaak village) အနီးတွင် ၎င်းခံတပ်တည်ရှိသည်။ ပထမကမ္ဘာစစ်မတိုင်မီ အချိန်ဖြစ်သော်လည်း သူ့ကျွန်မခံလိုသော ချင်းလူမျိုးများက ခိုင်ကမ်းခံစစ်ကျဆုံးပါက နောက်ဆုံးခံတပ်အဖြစ် ခံစစ်ဆင်ရန် တည်ဆောက်ခဲ့သည်ဟု ဆိုသည်။ စစ်အင်္ဂါရပ်ကြီးလေးခုတွင် ခံစစ်အင်္ဂါရပ်နှင့် ပြည့်စုံသည်ဟု စစ်ရေးကျွမ်းကျင်သူများက သုံးသပ်ကြပါသည်။ နိုင်ငံတကာကပင် အံ့သြရသည်။ ဆက်သွယ်ရေး မြောင်းများ၊ ပစ်ကျင်း၊ ခံကတုတ်များ၊ လက်နက်ခဲယမ်းနေရာများ၊ အရန်နေရာများ၊ စစ်ကူပစ်ကူလမ်းကြောင်းများ၊ အကဲကြည့်နေရာများ၊ အုပ်ချုပ်မှုနေရာများ အစရှိသဖြင့် ပြည့်စုံစွာဖြင့် ထိုခေတ်အချိန်က စစ်ပညာသင်ကြားခြင်း မရှိကြသော်လည်း အံ့ဖွယ်စစ်ပညာများ ယနေ့ထက်ထိ ထင်ရှားစွာမြင်ရနိုင်ခြင်း၊

ဒုတိယကမ္ဘာစစ်တွင် ဂျပန်တပ်များ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသောအခါ အိန္ဒိယနိုင်ငံ အာသံပြည်နယ်သို့ စစ်ဆုတ်လမ်းအဖြစ် ဗြိတိသျှနှင့် မဟာမိတ်တပ်များ ဆုတ်ခွာခဲ့ကြပြီး လမ်းတစ်လျှောက်လုံး တိုက်ပွဲဖြစ်ပွားခဲ့ရာ ယနေ့အထိ ထင်ရှားသောတိုက်ပွဲနေရာများရှိပါသည်။ ၎င်းကို ကလေးမြို့–တီးတိန်–တွန်းဇံ–ကျီခါး မော်တော်ကားလမ်းပေါ်ရှိ ကလေးမြို့မှ မိုင် ၃၀ ခန့် ကနေဒီတောင်ကြောပေါ်ရှိ ဖိုးသ်ဝှက် ( Fort White ) အရပ်တွင် ခံစစ်ဆင်ထားသော မဟာမိတ်တပ်များကို ဂျပန်ခြေလျင်တပ်များက လိုက်စစ်ဆင်တိုက်ခိုက်သော နေရာဖြစ်သည်။ မဟာမိတ်တပ်များက ဤအရပ်မှ မော်တာ၊ ဟောက်ဝီဇာနှင့် အမြောက်ကြီးဖြင့် ပြန်လည်ပစ်ခတ်ရာ နောက်ဆုံးတွင် ဗြိတိသျှတပ်မှ ဗိုလ်မှူးဖိုးသ်ဝှက် ကျဆုံးသည့် အမှတ်တရနေရာလည်းဖြစ်သည်။ ၎င်းအရာရှိကို လမ်းဘေးတစ်နေရာတွင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။ ဤနေရာသည် လေထန်ကုန်းနှင့် တစ်ဆက်တစ်စပ်တည်းရှိသဖြင့် သမိုင်းကြောင်းအရ လေ့လာရန်ကောင်းသော နေရာဖြစ်သည်။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ (၁)နာရီကျော်ကျော်ခန့် ကလေး-တီးတိန်-တွန်းဇံ-ကျီခါး မော်တော်ကားလမ်းအတိုင်းလာလျှင် လေထန်ကုန်းဟုခေါ်သော ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ၏ လက်နက်ကြီးနေရာ၊ တိုက်ပွဲနေရာသည် ထင်ရှား၍ စိတ်ဝင်စားမှု အများဆုံးနေရာတစ်ခုဖြစ်သည်။ အနောက် အိန္ဒိယနယ်စပ် လူရှေးတောင်တန်းများက တိုက်ခတ်လာသော လေသည် ပင်လယ်ရေပြင် အမြင့်ပေ ၇၅၀၀ ခန့် ရှိသော လေထန်ကုန်းအရောက်တွင် အလွန်သန့်ရှင်းလတ်ဆတ်သည့် လေအဖြစ်ရောက်ရှိလာပြီး အဆုတ်ရောဂါကဲ့သို့သော ရောဂါများ ပပျောက်နိုင်ကြောင်း အဆိုရှိပြီး စိတ်ဖိစီးမှုကို ဤနေရာတွင် တိုက်ခတ်သော လေများက လွင့်စဉ်အောင်ယူထုတ်နိုင်စွမ်းရှိသည်ဟု ဒေသခံများ ယုံကြည်ခဲ့ကြသည့်နေရာ ဖြစ်ပါသည်။ (ယခုအခါနွေရာသီတွင် မြန်မာနိုင်ငံအရပ်ရပ်က ပြည်သူများ အလည်အပတ်ရောက်ရှိလေ့ရှိသော နေရာဖြစ်ပြီး လေထန်ကုန်းဟု လူသိများသည်)

တီးတိန်မြို့နယ် ကပ်တဲလ်ရွာမှ အနောက်ဘက်ငါးမိုင်ခန့်အကွာ လဲန်နူးပါးတောင် (Leen Nupa) ၎င်း၏ အဓိပ္ပာယ်မှာ တောင်လင်မယား ဖြစ်သည်။ ချင်းပြည်နယ်သာမက တစ်နိုင်ငံလုံးတွင် အလှဆုံးရှုခင်းနေရာဟုပင် ခရီးသွားများက ပြောစမှတ်ပြုကြသည်။ တောင်နှစ်လုံးအမြွာတိုးထွက်ပြီး တောင်ထိပ်ပိုင်းတွင် ခရမ်းရောင်ရိုပန်းများက ဖုံးလွှမ်းသည်။ အမြင့်ပေ ၈၀၀၀ ခန့် ရှိတောင်ဖြစ်ပြီး ရာသီဥတုသာယာသောအခါ တစ်ဖက်နိုင်ငံ၏ ကျန်ဖိုင်းမြို့ကြီးနှင့် ပြည်နယ်မြို့တော် အိုင်ဇော်လ်မြို့များ မြင်တွေ့ရသည်မှာ ရင်သပ်ရှုမောမဆုံးဖြစ်ရပါသည်။ ဤတောင်နှစ်မြွာမှ စီးဆင်းလာသော ချောင်းငယ်နှစ်ခုသည် နွေမိုးဆောင်း ရေခန်းသွားခြင်းမရှိဘဲ ပုံမှန်စီးဆင်းလျက်ရှိသည်။ ၎င်းချောင်းငယ်နှစ်မြွာသည် ကပ်လျက်စီးဆင်းသော်လည်း ပူးသွားခြင်း မရှိ၊ တစ်စုံတစ်ခုဖြင့် ပူးပေါင်းခဲ့လျှင်လည်း များမကြာမီတွင် ပြန်လည် ခွဲထွက်စီးဆင်းတော့သည်။ ၎င်းချောင်းငယ်၏ ဘေးနှုတ်ခမ်းသားများသည် မာကျောပြီး သဘာဝအတိုင်း အစီအစဉ်တကျ စီထားသော ကျောက်စရစ်များဖြင့် လှပလျက်ရှိသည်။ လဲန်နူးပါးတောင်ကို တစ်ခါတက်ဖူးလျှင် နောက်ထပ်တစ်ခါ ပြန်သွားလိုကြကြောင်း ပြောစမှတ်ပြုကြသည်။

သဘာဝအလှများအနေဖြင့် ရိဒ်ရေကန်သည် မြန်မာနိုင်ငံတွင် သာမက ကမ္ဘာပေါ်တွင်ပင် ရှားပါးသော ရေကန်အမျိုးအစားဖြစ်သည်။ ၎င်းရေကန်သည် ချင်းသမိုင်းတွင် သမိုင်းတွင်သည့် အဖြစ်အပျက်များရှိခဲ့ပါသည်။ တစ်နှစ်တွင် ရေအရောင်သုံးကြိမ်ပြောင်းလဲခြင်း၊ ရေမတော်တဆ နစ်ခဲ့သော်လည်း လူပြန်အန်ထွက်ပေးခြင်း (လူမစားခြင်း) စသည့်ထူးခြားချက်များရှိသည့် အသည်းနှလုံးပုံ ရေကန်အဖြစ် ထင်ရှားသည်။ အိမ်နီးချင်း အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှတစ်ဆင့် ကမ္ဘာ့ခရီးသွားများ မကြာခဏ လာရောက်သည့်နေရာဖြစ်သည်။ မိမိနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေယိုပေါက် ဖာထေးနိုင်ရေးကြိုးစားကြရပါမည်။

ခရီးသွားများ အဆွဲဆောင်ဆုံးဖြစ်မည့် ခရီးစဉ်တစ်ခုမှာ ဇိုမီးတို့၏ ထူးခြားသော ကိုယ်ပိုင်ယဉ်ကျေးမှုကိုတစ်မူထူးခြားစွာ အချိန်မရွေး ဖော်ထုတ်ပေးသော တီးတိန်မြို့ မွလ်တုဒ်အရပ်ရှိ ရှောင်ရှောန်း (Siang Sawn Village) စံပြယဉ်ကျေးမှုကျေးရွာဖြစ်ပါသည်။ ကိုယ်ပိုင် ဇိုမီးချင်းစာအယူဝါဒနှင့် တစ်မူထူးခြားယုံကြည်မှုဖြင့် ဇိုမီးယဉ်ကျေးမှုကို ထိန်းသိမ်းသော သီးသန့်ကျေးရွာဖြစ်သည်။ ရိုးရာ အစားအစာ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ ရိုးရာအသုံးအဆောင်များ၊ သမိုင်းမှတ်တမ်းကျောက်စာများ၊ စံပြကျေးရွာ ထူထောင်ထားခြင်းကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုနိုင်ခြင်းကြောင့် ယနေ့ တီးတိန်မြို့သို့ ရောက်ရှိသော ဧည့်သည်တိုင်း သွားရောက်လေ့လာသောနေရာ ဖြစ်ပါသည်။ အခြားအရပ်ဒေသမှ လာရောက်မည့် ဧည့်သည်များ ကြည်နူးသာယာစေမည့် ခရီးစဉ်တစ်ခုဖြစ်ပါသည်။

ကျွန်တော်တို့ ငယ်ငယ်ကတည်းက ပထဝီဝင်စာအုပ်တွင် ဖတ်ခဲ့ဖူးသော မြောက်ယဉ်စွန်းတန်းမျဉ်းဖြတ်သန်းသောနေရာသည် တီးတိန်မြို့မှ (၄) မိုင်အကွာ တီးတိန်-တွန်းဇံမော်တော်ကားလမ်းပေါ်တွင် မြင်တွေ့နိုင်သည်။ ဤကဲ့သို့ ကမ္ဘာကြီး၏ လုံးဝန်းသောပုံသဏ္ဌာန်ကို ယဉ်စွန်းတန်းမျဉ်းများက သက်သေပြနေကြောင်း ဤနေရာတွင် ဆင်ခြင်နိုင်သဖြင့် လာရောက်သင့်သည့် ခရီးစဉ်တစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

နောက်ခရီးစဉ်တစ်ခုမှာ ဇိုမီးသမိုင်း၌ အုပ်ချုပ်ရေးတွင် တိုက်နယ်သူကြီးများ၏ နောက်ဆုံးအုပ်ချုပ်ရာ အိမ်တော်ကြီးနှင့် အုပ်ချုပ်မှုသမိုင်းအကြောင်းများကို ကျောက်စာများနှင့် မြင်တွေ့နိုင်သော တွန်းဇံမြို့သို့ လေ့လာသူများအတွက် အမှတ်တရပေးနိုင်မည့် ခရီးစဉ်ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်၏ စစ်တလင်းကို မြေပြင်တွင် သမိုင်းကြောင်းကို ဖော်ပြမည့် တွန်းဇံ-ကျီခါး မော်တော်ကားလမ်းပေါ်ရှိ နတ်ဇန်(Naak Zang) တံတားနှင့် ဆင်းဂေးလ်ဇန် (Sing Gial Zang) တို့တွင် ဖြစ်ပွားခဲ့ကြပါသည်။ ကျွန်တော်တို့ ငယ်ရွယ်စဉ်က တင့်ကားပျက်များ၊ သံချပ်ကာကားပျက်များနှင့် စစ်လေယာဉ်ပျက်များ အများအပြား တွေ့ခဲ့ဖူးပါသည်။ ယနေ့တွင် ထိုစက်ယန္တရားအပျက်များ မတွေ့ရတော့ပါ။ သံရည်ကျိုစက်ရုံများသို့ ရောက်ရှိကြောင်း သိရပါသည်။ သို့သော် စစ်စခန်းအပျက်များ၊ ဗြိတိသျှတပ်တို့၏ တင်းနစ်ကွင်း၊ ရေချိုးကန်ပျက်များနှင့် ပစ်ကျင်းပါ ဆက်သွယ်ရေးမြောင်းအဟောင်းများသာ ကျန်ရှိတော့သည်။ သမိုင်းကို လေ့လာလိုသူများအတွက် တန်ဖိုးမဖြတ်နိုင်သော နေရာများပင်ဖြစ်ပါသည်။

**ခရီးသွားများ ဆွဲဆောင်မည့်အစီအစဉ်သစ်**

ကျွန်တော်တို့၏ လူထုအခြေပြု သဘာဝခရီးသွားလုပ်ငန်း အောင်မြင်စေရေးအတွက် ဒေသခံများ ပညာပေးစည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ပထမဦးစားပေးအဖြစ် စီစဉ်သင့်ပါသည်။ ထိုသို့ပညာပေးရာတွင် အာရှတိုက်နိုင်ငံအချို့၏ လုပ်နည်းလုပ်ဟန်ကို သင်ခန်းစာအဖြစ်ယူထားသည့်အချက်များလည်း ဝေမျှရန်လိုအပ်မည်ထင်ပါသည်။ ၎င်းသင်ခန်းစာများအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ လေ့လာသောအခါ အားသာချက်အချို့ တွေ့ရှိရပါသည်-

- လမ်းပန်းဆက်သွယ်ကောင်းမွန်မှု
- တည်းခိုရေးနှင့် စားသောက်ရေးအဆင်ပြေမှု
- စိတ်ဝင်စားဖွယ်ရာများ ဧရိယာတစ်ခုအတွင်း တစ်စုတစ်ဝေးတည်း တည်ရှိမှု
- အခြေခံသမိုင်းကြောင်းခိုင်မာမှုနှင့် ထူးခြားသော ဝိသေသထူးဖြစ်မှု
- ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကောင်းခြင်း
- လုံခြုံမှုကောင်းခြင်း
- သန့်ရှင်းလတ်ဆတ်သောလေ၊ ရေနှင့် အစားအသောက်ရရှိနိုင်မှု
- ယဉ်ကျေးမှုရပ်ဝန်းထားရှိမှု
- ညပိုင်း လည်ပတ်စရာ၊ အပန်းဖြေစရာ စီစဉ်ထားရှိမှု
- အမှတ်တရပစ္စည်း တီထွင်ရောင်းချနိုင်မှု စသည့်အချက်များ အဓိကတွေ့ရပါသည်။

ထိုင်းနိုင်ငံမယ်ဟောင်ဆောင်ခရိုင် ခရီးသွားလုပ်ငန်းသည် အလွန်အောင်မြင်သော ခရီးစဉ်တစ်ခုဖြစ်သည်။ ခရီးသွားများ ပုံမှန်သွားရောက်ခဲ့စဉ်က တစ်နှစ်ကို ရှစ်သန်းခန့် လာရောက်ကြောင်း သိရှိရပါသည်။ မယ်ဟောင်ဆောင်ဒေသသည် ကျွန်တော်တို့နိုင်ငံ ကယားပြည်နယ်နှင့်ရေမြေတစ်ဆက်တစ်စပ်တည်းရှိသည်။ တောင်ပေါ်ဒေသဖြစ်၍ ကယားပြည်နယ်နှင့် မြေအနေအထား တစ်ပုံစံတည်းရှိသည်။ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ ဘန်ကောက်-ဇင်းမယ်-မယ်ဟောင်ဆောင် လေကြောင်းနှင့် မော်တော်ကားလမ်းများ အဆင်ပြေသည်။ မယ်ဟောင်ဆောင် လေဆိပ်သည် တောင်ပေါ်ဒေသတွင်ရှိသဖြင့် လေယာဉ်ငယ်များသာ ဆင်းသက်နိုင်သော်လည်း နာရီမပြတ်၊ မိနစ်တိုင်းတွင် လေယာဉ်ပျံအတက်အဆင်း ရှိသည်။ အဝေးပြေးမော်တော်ကားများ စဉ်ဆက်မပြတ်ပြေးဆွဲလျက်ရှိသည်။ တည်းခိုရေး အဆင်ပြေသည်။ ဧည့်လမ်းညွှန်များ အဆင်ပြေသည်။ စားသောက်ဆိုင်များတွင် စင်တင်တေးဂီတကို အနောက်တိုင်းသီချင်းမျိုးစုံကို အန်ပလပ်ပိုင်းများဖြင့် ဧည့်ခံခြင်း၊ အဓိကစိတ်ဝင်စားဖွယ်ပြကွက်( Attractive point) များက နည်းပါးသော်လည်း ၎င်းကိုဝန်းရံသော ခရီးသွားဝန်ဆောင်မှုများနှင့် လာချင်စဖွယ်ဖြစ်အောင် ဖန်တီးထားသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တပ်များသည် ဘန်ကောက်မှ မော်တော်ယာဉ်တန်းများဖြင့် မြန်မာနိုင်ငံသို့ ချီတက်ရန်အတွက် မယ်ဟောင်ဆောင်ခရိုင် “ပိုင်” မြို့အနီးမှ ပိုင်ချောင်းကို ဂျပန်တို့က တံတားတစ်စင်း တည်ဆောက်ကာ ဖြတ်သန်းခဲ့ကြောင်း သိရပါသည်။ ၎င်းတံတားကို ထိုင်းခရီးသွားလုပ်ငန်းက သမိုင်းကြောင်း အကျယ်ချဲ့၍ ဆိုင်းဘုတ်စိုက်ထူရှင်းလင်းခြင်း၊ လက်ကမ်းစာစောင်များ ပုံနှိပ်ခြင်းနှင့် ယာဉ်ဖြတ်သန်းခြင်းများ ခွင့်မပြုခဲ့ကြချေ။ ပိုင်တံတားကို နေ့စဉ်ခရီးသွားများရာ ထောင်ချီ၍ လာကြည့်ကြပြီး ၎င်းကိုမှီတွယ်သည့် စီးပွားရေးလုပ်ငန်းများ အလုပ်ဖြစ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းအနားတွင် စားသောက်ဆိုင်၊ အားကစားကွင်းငယ်များ၊ ဟိုတယ်များ၊ ဧည့်လမ်းညွှန်၊ အမှတ်တရပစ္စည်းရောင်းချခြင်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း စသည်ဖြင့် လုပ်ငန်းစုများက အလုပ်ဖြစ်ကြသည်။ အစိုးရက အခွန်ရရှိသည်။ အဓိကပြကွက်နည်းသော ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဒေသ၏ ခရီးသွားလုပ်ငန်းထက် မြန်မာနိုင်ငံအနောက်မြောက်ဒေသ ဖလမ်းခရိုင် ခရီးစဉ်ဒေသအကြောင်းကို ခရီးသွားများ ပိုမိုစိတ်ဝင်စားရန် အလားအလာအလွန်ကောင်းသည်ဟု သုံးသပ်ပါသည်။

ထို့ကြောင့် ချင်းပြည်နယ် ဖလမ်းခရိုင်ရှိ ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့် ကျီခါးမြို့များရှိ သမိုင်းဝင်နေရာများ၊ ရိုးရာယဉ်ကျေးမှုနေရာများ၊ ထူးခြားပြီးဝိသေသထူးရှိသည့် နေရာများနှင့် အခြားစိတ်ဝင်စားမည့် နေရာများအတွက် ဒေသခံများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ ဒေသခံများသည် ရှေးကတည်းက လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ တောင်ယာစိုက်ပျိုးရေးတဖြည်းဖြည်း ကျပ်တည်းလာခြင်း၊ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန်ခက်ခဲလာခြင်း စသည့်ပြဿနာများကြောင့် ချင်းလူမျိုးအမြောက်အမြားသည် ရေကြည်ရာ၊ မြက်နုရာရှာဖွေလျက် ကမ္ဘာ့နိုင်ငံအရပ်ရပ်သို့ ရောက်ရှိခဲ့ကြရသည်။ ချင်းလူမျိုးများသည် ရောက်ရာအရပ်တွင် ကြိုးစားသည့်အတွက် မီလျံနာသူဌေးပေါက်စများ အလျှိုလျှိုပေါ်လာကြောင်း သိရသည်။ သို့သော် ချင်းလူမျိုးတို့၏ တူညီသော ရည်မှန်းချက်တစ်ခုမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်ပြည်နယ်၊ ကိုယ့်ရပ်ရွာနှင့် ကိုယ့်ဆွေမျိုးများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုစိတ်ကိန်းအောင်းခြင်းဖြစ်ပါသည်။ ဤအချက်ကြောင့် ဒေသခံအဝေးရောက် ညီအစ်ကိုမောင်နှမများ၏ အားနှင့် ပြည်တွင်းမှာရှိသော ဒေသခံများ၏ စုပေါင်းအားဖြင့် သဘာဝခရီးသွားလုပ်ငန်း (သို့မဟုတ်) လူထုအခြေပြု ခရီးသွားလုပ်ငန်း အောင်မြင်နိုင်ရေးအတွက် စုပေါင်း၍ ရုန်းလိုက်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။

**နိဂုံးချုပ်**

ကမ္ဘာ့ကပ်ရောဂါ ကိုရိုနာဗိုင်းရပ်စ် တစ်လှိုင်းပြီး တစ်လှိုင်းဖြတ်သန်းလာရာ ကျွန်တော်တို့မြန်မာနိုင်ငံသည်လည်း လွတ်ကင်းချမ်းသာခွင့်မရ၊ သို့သော် ကျွန်တော်တို့ မြန်မာလူမျိုးများသည် ကြံ့ကြံ့ခံ တွန်းလှန်နိုင်ကြပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ဘဏ်စနစ်များလည်း ရပ်တန့်လုနီးပါးဖြစ်ခဲ့သည်။ အခြားစီးပွားရေးများသည်လည်း လှုပ်စိလှုပ်စိ၊ ရှေ့သို့ထင်သလောက် ခရီးမပေါက်ခဲ့။ သို့ရာတွင် အခြေအနေဆိုးများသည် အမြဲတမ်း အဆိုးဘက်ချည်း အမြဲမတည်မနေ၊ အကောင်းသည် နောက်တစ်ကျော့ အလှည့်လာချည်ဦးတော့မည်ဖြစ်သည်။ အကြောင်းမှာ လူတို့သည် အငတ်မခံနိုင်ကြဘဲ ပိတ်ဆို့နေသော စီးပွားရေးအပေါက်များကို ပြန်လည်တိုးဖွင့်ကြဦးမည်သာ ဖြစ်ပါသည်။ ထိုသို့တိုးဖွင့်ရာတွင် ဈေးကွက်သို့ အမြန်ဆုံးတင်ပို့နိုင်မည့် ထုတ်ကုန်များ တိုး၍တိုး၍ ထုတ်လုပ်လာရော့ကြမည်။ အထူးသဖြင့် မီးခိုးတိတ်စက်ရုံများက ထုတ်ကုန်များသည် အခြားထုတ်ကုန်များနှင့် မတူဘဲ ဈေးကွက်သည် စက်ရုံအပေါက်ဝတွင်ရှိသောကြောင့် ထုတ်ကုန်အရည်အသွေးမီရန် အရေးကြီးသကဲ့သို့ ကြော်ငြာအားကောင်းရန်လည်း လိုအပ်လျက်ရှိပါသည်။

အနောက်မြောက်ဒေသ လူထုအခြေပြုခရီးသွားလုပ်ငန်းအောင်မြင်စေရန်အတွက် အလွှာပေါင်းစုံက ပါဝင်ရသကဲ့သို့ ၎င်းအလွှာပေါင်းစုံလည်း ဝင်ငွေရစေသည့်အတွက် ရေတိုမှာ အောင်မြင်မှုရရှိနိုင်သည့် လုပ်ငန်းဖြစ်ပါသည်။ ဤလုပ်ငန်းမှ ဒေသခံများ၊ လုပ်ငန်းရှင်များနှင့် အစိုးရတို့ အချိုးကျ ဝင်ငွေရသကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက် မျက်ဝါးထင်ထင်မြင်တွေ့ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းလည်း ဖြစ်ပေသည်။ နောက်ဆုံးမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ခြေလှမ်းတစ်လှမ်းအဖြစ် တည်ရှိလာမည်သာ ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ ။



အလှဆုံးရှုခင်းနေရာဟု ခရီးသွားများ ပြောစမှတ်ပြုသည့် လဲန်နူးပါးတောင်။

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားချက်များအား မြို့နယ်အသီးသီး၌ နှိုးဆော်မှုမြင်ကွင်းများ



ရခိုင်ပြည်နယ် မောင်တောမြို့နယ်

ခရိုင် (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်

မြို့နယ် (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်

ကျော်မြိုင်



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်

ခရိုင် (ပြန်/ဆက်)

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း



**နေပြည်တော် ဇူလိုင် ၂၁**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဝဲပုံ ကျောင်းတိုက်(**အပေါ်ယာပုံ**)နှင့် ရွှေနတ်တောင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်၊ အတုလကာရီ ဆင်မင်းကျောင်းတိုက်နှင့် တောင်ပြင်ထီးလင်းကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၁**

ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း ဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုမှာ နေ့စဉ်မြင့်တက်လျက်ရှိသောကြောင့် ရောဂါကူးစက်မှုမခံရစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ယနေ့တွင် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရန်၊ လူစုလူဝေးများ ရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကို ဆပ်ပြာနှင့် မကြာခဏ ဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုသန့်စင်ခြင်းများ ပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်း မပြုလုပ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျလိုက်နာရန် အသိပေးနှိုးဆော်မှုများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လှူဒါန်းသည့် အောက်ဆီဂျင်ထုတ်စက် သံတွဲဆေးရုံသို့ ရောက်ရှိ

**သံတွဲ ဇူလိုင် ၂၁**

သံတွဲခရိုင်ပြည်သူ့ဆေးရုံကြီးတွင် တပ်ဆင်အသုံးပြုရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လှူဒါန်းသည့် (Dual Type) အောက်ဆီဂျင်ထုတ်စက်တစ်လုံးကို တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ သံတွဲလေဆိပ်သို့ ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရောက်ရှိခဲ့ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ် ကျော်ကျော်သန်း၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဗိုလ်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သန်းလွင်နှင့် ဆရာဝန်ကြီး ဒေါက်တာရဲဝင်းထွန်းတို့က လာရောက်၍ လွှဲပြောင်းလက်ခံရယူသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက်ကို ညနေ ၃ နာရီခွဲတွင် သံတွဲလေဆိပ်မှ သံတွဲမြို့ ပြည်သူ့ဆေးရုံကြီးသို့ သယ်ယူခဲ့ပြီး သံတွဲခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်း စက်တပ်ဆင်မှုပြုလုပ်နိုင်ရန်အတွက် အမြန်ဆောင်ရွက်လျက်ရှိသည်။ ၎င်းစက်သည် (Dual Type) အောက်ဆီဂျင်ထုတ် အမျိုးအစားဖြစ်ပြီး လူနာ ၁၆ ဦး တိုက်ရိုက်အသုံးပြုနိုင်မည်ဖြစ်ကာ အောက်ဆီဂျင်ထုတ်ပါက ၂၄ နာရီတွင် လီတာ ၄၀ ဆံ့ အိုး၂၄ လုံး ထုတ်လုပ် နိုင်ကြောင်း ဆရာဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

**ရန်ငြိမ်း၊ သန့်ဇင်-(ခရိုင် ပြန်/ဆက်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများကြောင့် လှိုင်းဘွဲ့မြစ်ရေလျှံ၊ မြို့ပေါ်ရပ်ကွက်အချို့ ရေကြီးရေလျှံမှုဖြစ်ပွား

**ဘားအံ ဇူလိုင် ၂၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများ စီးဆင်းလာသည့်အတွက် လှိုင်းဘွဲ့မြစ်ရေသည် ယနေ့နံနက် တိုင်းထွာချက်များအရ စိုးရိမ်ရေမှတ် ၉၈၀ စင်တီမီတာအထက် ၁၀၀၀ စင်တီမီတာသို့ ရောက်ရှိနေပြီး မြို့ပေါ်ရပ်ကွက်အချို့တွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ **(ယာပုံ)** လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့ (က)ရပ်ကွက်၊ သဲကုန်းလမ်း (ခ) ရပ်ကွက်၊ အမှတ်(၃)မူလတန်းလွန်ကျောင်းလမ်းတို့တွင် လှိုင်းဘွဲ့ချောင်းရေမြင့်တက်လာမှုကြောင့် ရေများဝင်ရောက်နေသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အခြေချ(လှိုင်းဘွဲ့)စစ်ဗျူဟာမှူး၊ ဘားအံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လှိုင်းဘွဲ့မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရေကျော်ဝင်ရောက်လာမှုအခြေအနေများနှင့် နေအိမ်များတွင်ဆက်လက်နေထိုင်ရန်မသင့်ပါက ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြောင်းရွှေ့နေရာချထားပေးနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားသည့်အခြေအနေများအား ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုဗစ်ကာလဖြစ်သည့်အတွက် လိုအပ်မှသာ ပြောင်းရွှေ့နေရာချထားပေးရန်၊ နေထိုင်စားသောက်ရေးမှအစ ရေ၊ မီး၊ အမှိုက်စွန့်စနစ်နှင့် သန့်စင်ခန်းများ လုံလောက်မှုရှိစေရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ရေကြီးရေလျှံမှုများဖြစ်ပွားလာပါက လှိုင်းဘွဲ့မြို့နယ် ကမေ့ကချူး Cyclone Center၊ လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် လှိုင်းဘွဲ့မြို့မ ဘောလုံးအားကစားကွင်းတို့တွင် သတ်မှတ်အကွာအဝေးနှင့်အညီ ပြောင်းရွှေ့နေရာချထားပေးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ဝင်ဆံ့နိုင်မည့် လူဦးရေနှင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြမှုများအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံ၏ မြေသားတမံကြွံခိုင်မှုအခြေအနေ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်များမှတစ်ဆင့် ရေများ ဖြတ်ကျော်စီးဆင်းနေမှုအခြေအနေနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ရေလှောင်တမံအား စီမံခန့်ခွဲနိုင်မည့်အခြေအနေတို့အား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ က ရေလှောင်တမံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရေဘုတ်ရေလှောင်တမံ ရေဝပ်ဧရိယာ ပတ်ဝန်းကျင်၌ ဇီဝမျိုးစုံ မျိုးကွဲများ ရှင်သန်ပေါက်ပွားနိုင်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးပေးကြရန် မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
(ပြန်/ဆက်)

# ကျိုင်းတုံမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ရေကြီးရေလျှံမှုဖြစ်ပွား တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေး

**ကျိုင်းတုံ ဇူလိုင် ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ဇူလိုင် ၂၁ ရက်နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ရာ တာဝန်ရှိသူများ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်၊ နယ်မြေခံတပ်ရင်း တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။



ကျိုင်းတုံမြို့ ရေကြီးမှုကို တွေ့ရစဉ်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် နမ့်ခင်ချောင်းရေမြင့်တက်ခြင်း၊ လယ်ရေတားတမံများ ကျိုးပေါက်ခြင်း၊ ကျိုင်းတုံ- မိုင်းခတ်- မိုင်းယန်းသွား ကားလမ်းအနီးတွင် နှစ်ပေခွဲခန့် ရေလွှမ်းမှုဖြစ်ပေါ်ခြင်းနှင့် အမှတ်(၄)ရပ်ကွက် ကန်နားပူရပ်ရှိ နေအိမ်များအတွင်း အနက်တစ်ပေခွဲခန့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် အိမ်ခြေ ၁၀၀ ခန့်အား တာဝန်ရှိသူများက သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# တာလေမြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးစပါးလယ်မြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်

**တာလေ ဇူလိုင် ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့ မိုင်းလင်း(အရှေ့)ကျေးရွာအုပ်စုအတွင်း ဇူလိုင် ၂၀ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဒေသတွင်းယခုနှစ်အတွင်း စိုက်ပျိုးပြီးစီးပြီးဖြစ်သော မိုးစပါးလယ်မြေ(စိုက်ဧက)များအတွင်း ရေကြီးနစ်မြုပ်မှုများရှိခဲ့ပြီး ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများရှိခဲ့ပြီး လယ်စပါးများ ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သော လယ်ယာမြေများမှာ မိုင်းလင်း(အရှေ့)ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေကွင်းနှစ်ကွင်းမှ လယ်ဧရိယာ ၃၁ အတွင်း တောင်သူ ၁၆ ဦး၏ လယ်မြေများဖြစ်ပြီး ဇူလိုင် ၂၀ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် စိုက်ပျိုးပြီးစီးပြီးဖြစ်သော လယ်ယာမြေများ ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးမှုများသာဖြစ်ကြောင်းနှင့် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးမှု များမှာ လတ်တလောစာရင်းများသာဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးနေလင်းထံမှ သိရသည်။

**အောင်ကျော်မိုး ( ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ်၌ မိုးသည်းထန်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်၊ တာဝန်ရှိသူများ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မိုင်းယောင်း ဇူလိုင် ၂၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှစ၍ မိုးသည်းထန်မှုကြောင့် တောင်ကျရေ စီးဆင်းခြင်း၊ ရေကြီးခြင်းတို့ ဖြစ်ပွားခဲ့ကာ တံတားကျိုးပျက်စီးမှု၊ လယ်ယာမြေ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုင်းယောင်းမြို့နယ် တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး မင်းသီဟကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဇော်နိုင်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်ဦး၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဇော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဦးပွားမောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းနေလှိုင်၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးသန့်ဇင်ဦး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဟိန်းဇော်ဦးနှင့် တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အဖွဲ့များခွဲကာ ဆောင်ရွက်သည်။

အဆိုပါ မိုးသည်းထန်မှုကြောင့် ဇူလိုင် ၂၀ ရက်အထိ ဝမ်လဲကျေးရွာ တံတားနှင့် နမ့်ကုတ်ကျေးရွာတံတား ပြိုကျပျက်စီးခြင်း၊ မြို့နယ်မိုးလုံလေလုံအားကစားရုံ၏ အနောက်ဘက် အုတ်တံတိုင်း အရှည် ၁၀၄ ပေ ပြိုလဲပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ဝမ်ဘိုး၊ ဝမ်တပ်၊ ဝမ်မန်း၊



ဝမ်ကောင်း၊ ဟောင်ကြန့်နှင့် မုန်းလိုက် ကျေးရွာများတွင် တောင်သူ ၄၆၀ ၏ လယ်ယာမြေ ၈၅၈ ဧက ရေကြီးနစ်မြုပ်ခြင်းတို့ ဖြစ်ပွားကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# ဟိုပန်၌ စောင့်ကြည့်စင်တာများတွင် အသုံးပြုရန် ခုတင်နှင့် အစားအသောက်များ ထောက်ပံ့ပေးအပ်

ဟိုပန် ဇူလိုင် ၂၁

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ရှိ စောင့်ကြည့်စင်တာများတွင် အသုံးပြုရန်အတွက် ခုတင်နှင့် အစားအသောက်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်ကျော်က ထောက်ပံ့ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ထောက်ပံ့သည့် အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများကို ဗိုလ်မှူးကြီး အောင်ကျော်က ပေးအပ်ရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက လက်ခံယူခဲ့သည်။

ယနေ့ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများမှာ ခုတင် ၁၀ လုံး၊ ရေသန့် ၁၂ ကတ်၊ ကြက်ဥ ၁၂ ကတ်၊ ခေါက်ဆွဲခြောက် ငါးဖာ၊ လက်ဖက်ရည်ထုပ် ၁၄ ထုပ်၊ ခြင်ထောင် ၁၀ လုံး၊ စောင်ထူ ၁၀ ထည်၊ စောင်ကျား ၁၀ ထည်၊ ခေါင်းအုံး ၁၀ လုံး၊ ဘီစကစ် တစ်ဖာနှင့် အချိုရည် လေးဖာတို့ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကျင်းပမည့်ရက် ထွက်ပေါ်

ရန်ကုန် ဇူလိုင် ၂၁

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကျင်းပမည့် ရက်များ ထုတ်ပြန်လိုက်ပြီဖြစ်ပြီး ယင်းခြေစစ်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်ခွင့်ရထားသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် တတိယအဆင့် ခြေစစ်ပွဲ ဝင်ခွင့်အတွက် Play–off ပွဲစဉ် ကျင်းပမည်ဖြစ်သောကြောင့် တတိယအဆင့် ခြေစစ်ပွဲများကို လာမည့်နှစ်တွင် ပြုလုပ်သွားမည် ဖြစ်သည်။ Play–off ပွဲစဉ်များကို ယခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် ပြုလုပ်မည်ဖြစ်ပြီး တတိယအဆင့် ခြေစစ်ပွဲကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကာ အုပ်စုခြောက်ပွဲအား အိမ်ကွင်းသုံးပွဲ၊ အဝေးကွင်းသုံးပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ မတ် ၂၄၊ ၂၉ ရက်၊ ဇွန် ၁၄ ရက်၊ စက်တင်ဘာ ၂၂၊ ၂၇ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။

တတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာအသင်းအပါအဝင် တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ကူဝိတ်၊ ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ ဂျော်ဒန်၊ ပါလက်စတိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကာဂျစ္စတန်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ ဟောင်ကောင်၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ နီပေါ၊ ယီမင်နှင့် ဘင်္ဂလားဒေ့ရှ် အသင်းတို့ ကစားခွင့်ရထားပြီး အင်ဒိုနီးရှားနှင့် တရုတ်(တိုင်ပေ)အသင်း၊ ဂူအမ်အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ကစားမည့် Play–off ပွဲစဉ်မှ အနိုင်ရသည့် နှစ်သင်းမှာ တက်ရောက်ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်သည်။ ဇွန် ၁၅ ရက်က ပြီးဆုံးခဲ့သည့် ဒုတိယအဆင့် ခြေစစ်ပွဲအပြီးတွင် တတိယအဆင့်ခြေစစ်ပွဲ ကစားခွင့်ရထားသည့် အသင်း ၂၂ သင်း ထွက်ပေါ်ထားပြီး လေးသင်းမှာ Play–off ပွဲစဉ် ထပ်မံကစားကာ အနိုင်ရသည့် နှစ်သင်း တက်ရောက်ခွင့်ရမည်ဖြစ်သည်။

တတိယအဆင့် ခြေစစ်ပွဲကို လေးသင်း ခြောက်အုပ်စုခွဲကာ ပြုလုပ်သွားမည်ဖြစ်ပြီး အုပ်စုခြောက်ခုမှ ထိပ်ဆုံးခြောက်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အသင်းပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် တရုတ်အသင်းအပါအဝင် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲအပြီးတွင် ၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရခဲ့သည့် ၁၂ သင်းမှာ ခြေစစ်ပွဲ ထပ်မံကစားစရာမလိုဘဲ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲအပြီးတွင် ဆီးရီးယား၊ ကာတာ၊ ဩစတြေးလျ၊ အီရန်၊ ဆော်ဒီအာရေဗျ၊ ဂျပန်၊ ယူအေအီး၊ တောင်ကိုရီးယား၊ အိုမန်၊ အီရတ်၊ ဗီယက်နမ်နှင့် လက်ဘနွန် အသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့် ကစားခွင့်ရထားပြီး တတိယအဆင့် ခြေစစ်ပွဲမှ အသင်း ၁၁ သင်း ထပ်မံထွက်ပေါ်မည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ–MFF



ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာနှင့် တာဂျစ်ကစ္စတန်အသင်း တွေ့ဆုံစဉ်က ယှဉ်ပြိုင်မှု။

## ကိုဗစ် - ၁၉ ရောဂါကုသရာတွင် အသုံးပြုရန်အတွက် ဂျပန်နိုင်ငံမှ အောက်ဆီဂျင်ထုတ်စက်နှင့် လူနာတင်ယာဉ်များ ထောက်ပံ့ပေးမည်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ၌ လက်ရှိ ကိုဗစ်–၁၉ ဖြစ်ပွားမှုအတွက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံး (UNOPS) မှ အကောင်အထည်ဖော်လျက်ရှိသော လက်ရှိစီမံကိန်းမှ တစ်ဆင့် အောက်ဆီဂျင်ထုတ်စက် အလုံးရေ ၇၀၀ ထပ်မံထောက်ပံ့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံ သံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ် – ၁၉ လူနာများကို ကုသပေးလျက်ရှိသည့် ကုသရေးဌာနများသို့ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အောက်ဆီဂျင်ထုတ်စက်များကို ထောက်ပံ့ပေးခြင်းဖြစ်သည်။

ထို့ပြင် ကိုဗစ်–၁၉ လူနာများကို ကုသမှုပေးနေသည့် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနများသို့ လူနာတင်ယာဉ် ၁၄ စီး မကြာမီလွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ ကိုဗစ် – ၁၉ ရောဂါကူးစက်ခံရသောလူနာများအား အရေးပေါ် သယ်ယူပို့ဆောင်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ


ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ နေပြည်တော်ရှိ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** – ၂၇–၇–၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၉နာရီ
**တင်ဒါပိတ်မည့်ရက်** – ၁၀–၈–၂၀၂၁ရက် (အင်္ဂါနေ့) ညနေ ၄နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်
ဆက်သွယ်ရန်–ဖုန်း–၀၆၇–၃၄၁၇၂၄၅



အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွဲ့ကြည် ၁၂/မဘန(နိုင်)၀၁၇၄၃၅သည် ဒေါ်ခင်ခင်တင့် ၁၂/ကတတ(နိုင်)၀၂၈၅၂၉ တရားဝင်လက်ရှိ ထားပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီကျောင်းလမ်း၊ အမှတ်(၄၉၃)၊ အကျယ်အဝန်း အလျား(၇၀)ပေ x အနံ (၃၈)ပေဟုခေါ်တွင်သည့်မြေကွက်အပါအဝင် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု စာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မော်မော်ခင်
တရားလွှတ်တော်ရှေ့နေ(စဉ်–၇၃၃၆)
တိုက်(၂၅၅)၊ အခန်း(၅)၊ ရန်အောင်လမ်းသွယ်(၇)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
ဖုန်း–၀၉–၅၀၂၉၉၅၈၊ ၀၉–၄၃၀၉၅၄၈၆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ
စည်ပင်သာယာရေးအဖွဲ့
ဟားခါးမြို့

၁။ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော ဒု–ဦးစီးမှူး၊ လစာနှုန်းကျပ် (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူး (၂)နေရာအတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်–
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်ထားသူသည် ၁၆–၇–၂၀၂၁ရက်တွင်–
(၁) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်ရ၊
(၂) ရုံးတွင်းဝန်ထမ်းဖြစ်ပါက ဝန်ထမ်းလုပ်သက်(၃)နှစ်ရှိပြီး အသက်(၄၅)နှစ်ထက် မကျော်လွန်ရ
(ဂ) ကျန်းမာရေးကောင်းမွန်ရမည်။
(ဃ) ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အမြဲတမ်းတာဝန်ထမ်းဆောင်နိုင်ရမည်။ ပျက်ကွက်ပါက ဌာနမှသတ်မှတ်ထားသော လျော်ကြေးငွေကျပ်သိန်း(၅၀) ပေးလျော်ရမည် ဖြစ်ပါသည်။
(င) ဥပဒေဘွဲ့(LL.B) ရရှိသူဖြစ်ရမည်။
(စ) စီမံခန့်ခွဲမှု၊ လူမှုရေး၊ စာရင်းဇယားများကို Computer ဖြင့် ကျွမ်းကျင်စွာ ဦးဆောင်နိုင်ရမည်။
၂။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြပါရှိရမည်–
(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်း
(င) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(စ) အိမ်ထောင်ရှိ/မရှိ
(ဆ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာ (ပူးတွဲ)ပါရှိရမည်–
(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ပညာအရည်အချင်းအထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)
(ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(င) အိမ်ထောင်စုစာရင်း(ပုံစံ ၆၆"က")မိတ္တူ
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာနခွင့်ပြုမိန့်မူရင်း
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း (တစ်လအတွင်း ထောက်ခံချက်)
၄။ လျှောက်လွှာများကို ၂၀–၈–၂၀၂၁ရက်အထိ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူး၊ ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ ဟားခါးမြို့သို့ နောက်ဆုံးထားပေးပို့ လျှောက်ထားရမည်။
၅။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထားမပြည့်စုံသူများကို လုံးဝထည့်သွင်း လက်ခံစဉ်းစားမည်မဟုတ်ပါ။
၆။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့်ပြည့်စုံကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်။
၇။ ဖြေဆိုခွင့်ရရှိသူ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်ရက်နှင့် နေရာများကို ၂၇–၈–၂၀၂၁ရက်တွင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြေညာပေးထားမည်ဖြစ်ပါသည်။
၈။ လျှောက်ထားသူသည် ရာထူးနေရာအတွက် (၃–၉–၂၀၂၁)ရက်တွင် ရေးဖြေစာမေးပွဲဖြေဆိုရမည်။
၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းပြုမည်။
၁၀။အသေးစိတ်သိရှိလိုပါက ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဟားခါးမြို့၊ ဖုန်း–၀၇၀–၂၁၃၂၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၅၅၆. ၉၂ | ၆ လုံး | ၆ လုံး | - |
| ၂။ | သုခမ္မာဇရပ်(မီး(၁)လုံး) | ၄၁ | ၆ လုံး | ၆ လုံး | - |
| ၃။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၉၂၄. ၉၀ | ၁ လုံး | ၁ လုံး | - |
| | (အဆောက်အဦ၊ မီး) | | | | |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၂၃. ၂၀ | ၁ လုံး | ၁ လုံး | - |
| ၅။ | ဂေါပကရုံး(မီး/ရေ (၁)လုံး) | ၁၁၀ | ၁ လုံး | ၁ လုံး | - |
| ၆။ | အဝင်မုခ်ဦး(၁၀၀×၄၀×၇)ပေ | ၈၂၀ | ၁ ခု | ၁ ခု | - |
| ၇။ | အဝင်မုခ်ဦးငယ်(၇၅×၄၀×၅)ပေ | ၆၇၆ | ၃ ခု | ၃ ခု | - |
| ၈။ | အရှေ့၊ အနောက်နှင့်တောင်ဘက်မုခ်လှေကား | ၄၉၀ | ၃ စင်း | ၃ စင်း | - |
| | (စကျင်မြန်မာမှုပါ) | | | | |
| ၉။ | မြောက်ဘက်မုခ်လှေကား(စကျင်မြန်မာမှုပါ) | ၁၉၁၄ | ၁ စင်း | ၁ စင်း | - |
| | (၆၀ ပေ × ၄၀ ပေ) | | | | |
| ၁၀။ | တံခွန်တိုင်လုံးပတ် (၃)ပေ၊ အမြင့်(၄၅)ပေ | ၄၁၉. ၀၈ | ၁ တိုင် | ၁ တိုင် | - |
| ၁၁။ | ခေါင်းလောင်းထိပ်ဝ(၅ ပေ× ၇ ပေ) | ၉၀ | ၁ လုံး | ၁ လုံး | - |
| ၁၂။ | ဂန္ဓကုဋိတိုက်(၅၄×၂၇×၁၈)ပေ (အဆောက်အဦ ဇာတ်နိပါတ်တော်စကျင်ကျောက်ထွင်းပန်းချီ၊ ဆိုလာ) | ၁၅၉၈ | ၂၄ လုံး | ၂၂ လုံး | ၂ လုံး |
| ၁၃။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၁၄။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း | ၇ | ၆၅၂ ခု | ၄၂ ခု | ၆၁၀ ခု |
| | (စကျင်မြန်မာမှုပါ) | | | | |
| ၁၆။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၂ တိုင် | ၁၆၈ တိုင် |
| ၁၇။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၂ တိုင် | ၇၈ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၈။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး |
| ၁၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၂၀။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) (၁ ခု) | ၄၃၂၁ | |
| | (က) ရေပန်းအကြီးတည်ဆောက်ခြင်း | ၇၄၀ | ၁ ခု |
| | (ခ) စကျင်ဆင်ရုပ်(အမြင့် ၅ ပေ)(၁ ရုပ်လျှင် ၁၉၈ သိန်း) | ၁၇၈၂ | ၉ ရုပ် |
| | (ဂ) စကျင်မြန်မာမှုလုပ်ငန်း | ၁၀၉၉ | ၁ ခု |
| | (ဃ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၇၀၀ | ၁ ခု |
| ၂၁။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) (၁၈ ခု ၁ ခုလျှင်) | ၈၀၅ | |
| | (က) ရေပန်းအသေးတည်ဆောက်ခြင်း | ၂၇၉ | ၁ ခု |
| | (ခ) စကျင်မြန်မာမှုလုပ်ငန်း | ၂၂၆ | ၁ ခု |
| | (ဂ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၃၀၀ | ၁ ခု |
| ၂၂။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၂၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၂၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် | ၄ | ၂၁၈. ၁၄ ခု |
| | Expansion Joint) | | |
| ၂၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၂၆။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
နေပြည်တော်

## လျှောက်လွှာခေါ်ယူခြင်း

**၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်**

**(၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်)**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်) | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး (လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | ၁၁၁၂ နေရာ | ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုရရှိရမည်။ |
| (ခ) | အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | ၁၆၁ နေရာ | |
| (ဂ) | ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး(လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | ၃၇၇ နေရာ | |
| (ဃ) | ယာဉ်မောင်း–၅(အမျိုးသား) (လစာနှုန်းကျပ် ၁၆၂၀၀၀–၂၀၀၀–၁၇၂၀၀၀) | ၃၀ နေရာ | အခြေခံပညာ အလယ်တန်းအဆင့်၊ ယာဉ်မောင်းလိုင်စင် (ခ) ရှိရမည်။ |
| (င) | အမှုတွဲထိန်း(လစာနှုန်းကျပ် ၁၆၂၀၀၀–၂၀၀၀–၁၇၂၀၀၀) | ၁၅၀ နေရာ | အခြေခံပညာ အလယ်တန်း အောင်မြင်ရမည်။ |
| (စ) | အစောင့်(အမျိုးသား)(လစာနှုန်းကျပ် ၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) | ၁၀၀ နေရာ | အခြေခံပညာ အလယ်တန်းအဆင့် ရှိရမည်။ |
| (ဆ) | ရုံးအကူ(လစာနှုန်းကျပ် ၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) | ၁၅ နေရာ | |

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက ဝန်ကြီးရုံး၊ သင်တန်းကျောင်း၊ ဦးစီးဌာနများ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) အမှတ်စဉ်(က)(ခ)(ဂ)လျှောက်ထားလိုသူများသည် ၂၀-၇-၂၀၂၂ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၆)နှစ်ထက် မကျော်စေရ။ အမျိုးသားဝန်ထမ်းအရပ် ၅ ပေ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထပ်မကျော်ရ။ အမျိုးသမီးဝန်ထမ်း အရပ် ၅ ပေ ၁ လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၉၀)ထက်မနည်းရ၊ ပေါင် ၁၂၀ထက်မကျော်ရ။ (ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်စေရ)

(ဃ) အမှတ်(က)(ခ)(ဂ)လျှောက်ထားလိုသူများသည် ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

(င) အမှတ်စဉ်(က)(ခ)(ဂ)လျှောက်ထားလိုသူများသည် အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။ (ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းဖြစ်ပါက ကင်းလွတ်ခွင့်ပြုသည်)

(စ) အမှတ်စဉ်(ဃ)(င)(စ)(ဆ) လျှောက်ထားလိုသူများသည် ၂၀-၇-၂၀၂၂ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)ထက် မကျော်စေရ။

(ဆ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာပုံစံအား တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ နေပြည်တော်၊ ဒုတိယပြည်နယ်မှူးဦးစီးမှူးရုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)များတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲတင်ပြရမည်–

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဂ) အမှတ်စဉ် (ဃ)မှ (ဆ)အထိ လျှောက်ထားသူများသည် အခြေခံအလယ်တန်းအဆင့် ပညာရေးအထောက်အထားမိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) အိမ်ထောင်စုစာရင်းမိတ္တူ

(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

(ဇ) ပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ ထောက်ခံချက်

၄။ အစိုးရဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ ဝင်ရောက်ဖြေဆိုခွင့်မပြုပါ။

၅။ လျှောက်လွှာများကို (၆-၈-၂၀၂၂)ရက် နောက်ဆုံးထား၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ကြီးရုံး၊ ရုံးအမှတ်(၄၈)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ နေပြည်တော်၊ ဒုတိယပြည်နယ်မှူးရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)များတွင် လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

၆။ အမှတ်စဉ်(က)မှ (ဂ)အထိ လျှောက်ထားသူများသည် အင်္ဂလိပ်စာ ရေးဖြေ၊ ကွန်ပျူတာ၊ လူတွေ့နှုတ်ဖြေနှင့် အမှတ်စဉ်(ဃ)မှ (ဆ)အထိ လျှောက်ထားသူများသည် လူတွေ့နှုတ်ဖြေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တို့တွင် ဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုမည့်နေ့ရက်အား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ နေပြည်တော်၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)များတွင် ကြေညာပေးပါမည်။ ဝန်ကြီးဌာန၏ Website www.mip.gov.mm တွင် ဖော်ပြထားပါမည်။

၇။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ နေပြည်တော်၊ ဒုတိယပြည်နယ်မှူးရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)များသို့ဖြစ်စေ၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇–၄၃၁၂၇၉၊ ၀၆၇– ၄၃၁၀၀၂၊၀၆၇– ၄၃၁၀၁၃ များသို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**လေ– ၁၈၉၅ ဗိုလ်မှူးစိုးသန်း(ငြိမ်း)**

**အသက်(၆၃)နှစ်**

တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၄)လမ်း၊ ၁၄/၁ရပ်ကွက်၊ အမှတ်(၁၃၀)နေ ဒေါ်ချိုချိုနွယ်၏ ချစ်လှစွာသောခင်ပွန်း သူငယ်ချင်းဖြစ်သူ ကိုစိုးသန်းသည် ၁၇-၇-၂၀၂၂ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သီဟ(၆၄) သူငယ်ချင်းမိသားစုများ



## ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးကိုကိုလေး

**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန**

**Post Graduate Diploma in International Trade (India)**

**M.B.A 2nd Batch (1996–1998)**

**M.B.A (Supply Chain & Logistic Management)**

**အသက်(၆၀)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ နီလာလမ်း၊ အမှတ်(၃၇)နေ (ဦးဦးတင်–ဒေါ်ကြိုင်)တို့၏ချစ်လှစွာသောသား၊ (ဗိုလ်ကြီး ကိုကိုကြီး၊ OTS–66 )၏ညီ၊ ဦးဝင်းဟန် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)–ဒေါ်ကေသီ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ဦးကိုကိုထွေး(MD, K & K Maha Co.,Ltd)၊ ဒေါ်အေးအေးခိုင်(ဦး/ရှ၊ ငြိမ်း၊ FERD) တို့၏ချစ်လှစွာသောအစ်ကို၊ ဒေါ်သိန်းနုခိုင်(ဒုညွှန်မှူး၊ ကုန်သွယ်/ဦးစီးဌာန)၏ချစ်လှစွာသောခင်ပွန်း၊ မပန်းမြတ်သန္တာ(Grade 11(A) ထ–၅၊ ဗိုလ်တထောင်)၏ချစ်လှစွာသောဖခင် သည် ၂၀-၇-၂၀၂၂ရက် မွန်းလွဲ ၂:၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ICU ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု



## ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးကိုကိုလေး

**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန**

**Post Graduate Diploma in International Trade (India)**

**M.B.A 2nd Batch (1996–1998)**

**M.B.A (Supply Chain & Logistic Management)**

**အသက်(၆၀)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၅၂/၆၀)၊ အခန်း(၁၁)နေ (ဦးရွှေသာ–ဒေါ်ရွှေစောနု)တို့၏ချစ်လှစွာသောသားသမက်၊ ဒေါ်အေးခိုင်ရွှေ (ရေ–မြစ်–ဖြိုး ဦးစီးဌာန၊ ပို့ဆောင်ရေး)၊ ဦးမြသိန်းအောင်(Food House Co.,Ltd)၊ ဒေါ်ထားအေးဇံ(IRP JICA Project သီလဝါ SEZ)၊ ဦးအေးသန်း–ဒေါ်သန်းစိုးစိုးမောင်တို့၏ချစ်လှစွာသောအစ်ကို၊ မောင်ဝေယံဦး၊ ဂူးဂူးတို့၏ချစ်လှစွာသောဦးလေး၊ မပန်းမြတ်သန္တာ(Grade 11(A) ထ–၅၊ ဗိုလ်တထောင်)၏ချစ်လှစွာသောဖခင်၊ ဒေါ်သိန်းနုခိုင်(ဒုညွှန်မှူး၊ ကုန်သွယ်/ဦးစီးဌာန)၏ချစ်လှစွာသော ခင်ပွန်းသည် ၂၀-၇-၂၀၂၂ရက် မွန်းလွဲ ၂:၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ICU ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု



## အထူးဝမ်းနည်းကြေကွဲခြင်း

တန်ဖိုးထားချစ်ခင်လေးစားရပါသောအစ်ကိုကြီး ဦးကိုကိုလေး (ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)သည် ၂၀-၇-၂၀၂၂ရက် မွန်းလွဲ ၂:၅၀နာရီတွင် မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့သည့်အတွက် ယူကြုံးမရ နှမျှောတသ ဖြစ်ရပါသည်။

ကောင်းသောဘုံဘဝသို့ရောက်ရှိပြီး မြင့်မြတ်သောအားထုတ်မှုများ ဆက်လက်လုပ်ဆောင်နိုင်မည်ဟု ယုံကြည်လျက်.....။

**ဦးအောင်ကို – ဒေါ်ခင်သင့်ရာမွေး**



## ဒေါ်ဌေးဝင်းနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့၊ ညောင်တုန်းအိုင်အုပ်စု၊ တရော်ပင်အင်းကျေးရွာနေ ဦးချစ်ထွေးဦး (ဘ) ဦးထွေး ၇/ရတရ(နိုင်)၀၅၈၁၈၉၏ လွှဲအပ်ညွှန်ကြားချက်ရ ဒေါ်ဌေးဝင်းနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

